
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြဲ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (မြဲ-၁၀၀၉၈) (ရွှေခြသေ့်ပုံနှိပ်တိုက်) အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

ရ၉၅.၈၃

ရှင်မြတ်နိုး

စံမြန်းသိမ်းပိုက်စေခဲ့သော/ရှင်မြတ်နိုး၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၂။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) စံမြန်းသိမ်းပိုက်စေခဲ့သော


BURMESE CLASSIC .com

အခန်း ( ၁ )

မြည…်သာရဲ့ နှုတ်ခမ်းသားလေးတွေက ဒေါသတွေစုပုံ၍ ထော်လန်လန်ကြီးဖြစ်နေသည်။

ကောင်းဆိုတဲ့ ကောင်းကင်ယံကြောင့်ပဲ။ သူမသွားလေရာ နောက်ကနေ တကောက်ကောက်လိုက်နေတတ်တာကို မကြိုက်ဆုံးပင်။ ဒေါသတွေလည်း ခေါင်းပေါ်ကနေ မီးတောက်တွေ ထတောက်မတတ် ပေါက်ကွဲတော့မယ်။

သူ့ကို မြည…်သာရဲ့မိဘတွေက အပ်ထားခဲ့တယ်ဆိုပြီး ညက်ရဲ့လွတ်လပ်ခွင့်တွေကို ထိပါးတာမျိုးတော့ လုံးဝ လက်မခံနိုင်ပါဘူး။

နဂိုထဲက ကောင်းနှင့်ညက်က မတည့်ကြ။

ငယ်စဉ်လေးကတည်းက ရန်ဘက်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညက်က နိုင်တာပါ။

အေးစက်စက် မလှုပ်တလှုပ် တစ်ယောက်ထဲ နေထိုင်တတ်တဲ့ ကောင်းကင်ယံကို မြည်က်သာ အမြင်ကတ်ကတ်နှင့် ဖြဲသနာ ရှုတတ်တာ မြည်က်သာရဲ့အကျင့်စရိုက် ဖြစ်နေသည်။

"မြည်က်သာ"

"ဘာလဲ"

"မင်းအပြင်တွေ ထွက်တာအရမ်းလွန်နေပြီထင်တယ်၊ ကိုယ်ပြောထားတယ်နော်၊ မင်းတစ်ယောက်တည်း ဟိုအကြောင်းပြ ဒီအကြောင်းပြထွက်နေတာ ခွင့်မပြုနိုင်တော့ဘူး"

BURMESE CLASSIC .com

"ကောင်း"

"ပြော"

"ကျွန်မကို ဘာဖြစ်လို့ အမိပွါယ်မရှိ စည်းကမ်းတွေထုတ်ပြီး တားဆီးပိတ်ပင်နေရတာလဲလို့"

သူမ တကယ်ပဲ ဒေါသသံတွေအထွတ်အထိပ်ရောက်နေပြီး ကောင်းမျက်နှာကို စူးစူးရဲရဲ ကြည့်ပစ်ရင်း လက်နှစ်ဖက်ကလည်း ခါးမှာထောက်ထားသည်။

ကောင်းစုတ် ရှင်လာပြီးပါဝါတွေ အာဏာတွေ ပြနေတာ မဟုတ်လား။





ရှင်က ဘယ်သူလဲ ဒရိုင်ဘာရဲ့သားကများ ရာရာစစ။

"အန်ကယ်၊ မမကန့် အန်တီ ဒေဇီတို့က မင်းကိုစောင့်ရှောက်ပေးဖို့ ကိုယ့်ကိုအပ်ထားလို့ပဲညက် ... ရှေ့နေကြီးဦးပေါ်ထွန်းကိုယ်တိုင် စာချုပ်စာတမ်းတွေလုပ်ပြီး မင်းမိဘတွေက အပ်ထားခဲ့တယ်လေ၊ မင်းလည်းသဘောတူလက်ခံခဲ့တာပဲ"

"ဟုတ်တယ်လေ ... ဖေဖေနဲ့မေမေက နောက်ဆုံးအချိန်ရောက်နေပြီ၊ ကျွန်မက ဘယ်လိုလက်မခံနိုင်ပါဘူးလို့ ငြင်းမလဲ၊ မလွဲသာမရှောင်သာလို့ လက်ခံလိုက်ရတာ ရှင်အသိဆုံးနော်"

ဟုတ်တယ်လေ ကားအက်စီးဒင့်ဖြစ်ပြီး မိဘတွေဒဏ်ရာတွေ ပြင်းပြင်းထန်ထန်ရ၍ လူ့လောကကြီးထဲကနေ ထွက်ခွာကြရတော့မယ့်အချိန်။

ညက် ဘယ်လိုငြင်းမလဲ။

ဖေဖေရော မေမေရော မိဘမဲ့ကောင်းကင်ယံအား ဒရိုင်ဘာတစ်ယောက်ရဲ့သားဖြစ်ပေမယ့် ကောက်ယူမွေးစားထားခဲ့၍ ပညာတတ်ကြီးဖြစ်အောင် ပြုစုပျိုးထောင် ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

ထိုအချိန်က ကောင်းနှင့်ညက်က အသက်တူရွယ်တူ ဆယ့်သုံးနှစ်သားအရွယ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကြီးသေဆုံးတော့ ကျန်ခဲ့တဲ့ကောင်းကို မွေးစားထားခဲ့ကြ၏။ ညက်က ကန့်ကွက်ခဲ့ပေမယ့် ဒရိုင်ဘာကြီး ဦးကောင်းက ကျေးဇူးရှိတယ်ဆိုပြီး သားအဖြစ် တရားဝင်စာချုပ်စာတမ်းနှင့် မွေးစားကြသည်။

"ကောင်းက သမီးညက်ရဲ့အစ်ကိုဖြစ်သွားပြီ၊ ပြဿနာရှာမနေနဲ့တော့ သင့်မြတ်အောင် နေကြရမယ်"

"မနေပါဘူး၊ ဒရိုင်ဘာ့သားကိုများ ဘာအစ်ကိုလဲ ... အဆင့်အတန်းချင်းကတူလို့လား"

"မြညက်သာ ... ပြောလေ ကဲလေပါလား၊ အခုကောင်းက ဖေဖေတို့သားဖြစ်သွားပြီ၊ အစ်ကိုတစ်ယောက်လို သတ်မှတ်ရမယ်၊ ညက် မငယ်တော့ဘူးနော်"

သူမကတော့ အရင်ကအတိုင်းပဲ ပြဿနာရှာချင်ရှာတယ်။ အနိုင်ကျင့်ချင်လည်းကျင့်တယ်။

ဂရုမစိုက်ပါဘူး။

မျက်နှာထားတည်တည် အေးစက်စက်။

လူကြီးလိုလို ဘာလိုလို ပဲပေးနေတာပဲ။

"မင်းအခန်းထဲ ပြန်ဝင်ပါညက်"

"မဝင်ဘူးဆိုရင်ရော"





"မင်းထွက်ရဲထွက်ကြည့်လေ ... "

လေသံက ဆရာကြီးလေသံ။

ကျွန်မထွက်သွားတော့ ရှင် ဘာလုပ်မလဲ။

အရင်ကတော့ မိဘတွေကလည်း ကွယ်လွန်ကာစ သူမလည်း ပြဿနာမတက်လိုသေး၍ ညက်အပြင်ထွက်လျှင် ကောင်းက နောက်မှ ထက်ချပ်မကွာ လိုက်နေတတ်သည်။

အမြင် ကတ်လိုက်တာ တဖြည်းဖြည်းနှင့်လွန်လာ၍ ညက်သည်းမခံနိုင်တော့။ အဝတ်အစားတွေလဲပြီးပြီ၊ အလှအပတွေလည်း ပြင်ထားတာ သူငယ်ချင်းချိုဝေနွယ်ရဲ့ မွေးနေ့ကိုသွားမလို့။

သူက ချိုဝေနွယ်ကို ကြည့်မရ။

မျက်စိ နောက်သည်တဲ့။

သူနဲ့ ဘာဆိုင်လို့လဲ ...

ညက် သူငယ်ချင်းဟာကို။

သူငယ်ချင်းကအစ လိုက်ပြီး ပိတ်ပင်တားဆီးနေသည်။

"မင်းဝတ်စားပြင်ဆင်ထားတာက ကြည့်ဦး ... သွားမှာက ညပွဲ ... ဖြစ်သင့်လား မြညက်သာ"

"ဒီမှာ"

"မင်းအပေါ် ပြန်တက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လွတ်လွတ်လပ်လပ်နေချင်တယ်၊ ကလေးလည်း မဟုတ်ဘူး၊ ဆယ်တန်းအောင်ပြီးပြီလေ"

"မင်းဘယ်အရွယ်ပဲရောက်ရောက် ကိုယ်စောင့်ရှောက်နေရမှာပဲ … မင်းအိမ်ထောင်ပြုတဲ့အထိ၊ အဘွားကြီး ဖြစ်တဲ့အထိ"

"ဘာရှင့်"

"မင်းအပေါ်တက်တော့ ညပွဲတွေ မင်းတက်လို့မရဘူး … ခွင့်မပြုနိုင်ဘူး၊ မှတ်ထားပါ"

"ကျွန်မသွားရမယ် မသွားလို့မဖြစ်ဘူး၊ အချစ်ဆုံးသူငယ်ချင်းရဲ့မွေးနေ့"

"မရဘူး"

"ရှင် … "

"ပြန်တက်"

မြည်ကဲ်သာ နှုတ်ခမ်း ဘယ်လောက်ပဲစူထော်နေပါစေ။ မကျေမနပ်ဖြစ်ပြီး ဒေါသပေါက်ကွဲလည်း မတတ်နိုင်ဘူး။

ပြင်ဆင်ထားတာလည်း ကြည့်ဦး။

မိတ်ကပ်တွေ လိမ်းချယ်ထားပြီး နှုတ်ခမ်းက နီနီရဲရဲ။

ညက်ကို အမုန်းခံ၍ သူတားဆီးပစ်ရမည်ဖြစ်သည်။

"ကျွန်မ သွားမှာနော် … မသွားလို့မဖြစ်ဘူးလို့ပြောထားပြီး





ပြီ၊ သွားမှာပဲ … ရှင့်အမိန့်ကို မနာခံနိုင်ဘူး"

"မင်းသွားလေ … ငါက အမိန့်ပေးနေတာမဟုတ်ဘူး၊ မင်းအတွက်ပြောနေတာကွ"

သူမ နားမထောင်နိုင်။

ဒီတိုက်က ဘယ်သူ့တိုက်လဲ။

သူက ကပ်ရပ်နေပြီးတော့များ။

ညက် မျက်စောင်းလေးတစ်ချက် ဝေ့ကြည့်ပြီး အပြင်ကို ထွက်လာခဲ့သည်။

နားမထောင်နိုင်ဘူး။ နေရာတကာ ဆရာလုပ်နေသည်။

"သွားမှာပဲ … ရှင့်အမိန့်ကို နာခံဖို့ ကျွန်မလူဖြစ်နေတာမှ မဟုတ်တာ၊ အရမ်းပဲများနေတယ်"

သူမ ကားပေါ်တက်ပြီး မောင်းထွက်လာတော့ စိတ်ထဲမှာ တစ်မျိုးပဲ။

မလုံခြုံသလိုလို ဘယ်နေရာပဲသွားသွား ညက်က အတင်း အကြပ်သွားဖို့ ပြင်လျှင် သူလိုက်ပို့နေကျ။

"ရှင်က ကျွန်မကို ဥပက္ခာပြုလိုက်တယ်ဝေါ့လေ၊ ကောင်းတယ် … အရမ်းကောင်းတယ်၊ ကျွန်မအပေါ်မှာ အုပ်မိုးနေတဲ့ရှင့်ရဲ့ အရိပ်မဲကြီးကို ဖယ်ရှားပစ်ချင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ နှုတ်ခမ်းလေး တလှုပ်လှုပ် ပွစိပွစိပြောနေရင်း ကားကိုမောင်းထွက်လာခဲ့သည်။

ဝေ့ကို သူကကြည့်မရ။

မင်း လုံးဝ မပေါင်းသင့်ဘူးတဲ့။

ဘာဆိုင်လဲ ဝေက ခပ်လန်းလန်းလေးနေတတ်တာပါ။

ပွင့်ပွင့်လင်းလင်းပဲ ညက်နှင့်သူငယ်တန်းထဲက ကျောင်းနေဘက်။

ဒါကို သူသိသိကြီးနှင့်။

သူမရောက်သွားတော့ မွေးနေ့ပွဲက စတင်နေပြီဖြစ်သည်။

“ဟယ် ... ယောက်မ ကြာလိုက်တာ၊ ညက်ကိုစောင့်နေတာ သိလား ... ဘာလဲ အစ်ကိုတော်က တင်းကြပ်တဲ့စည်းကမ်းတွေ ချမှတ်ပြီး တားဆီးနေလို့လား”

ဝေနှင့်ညက်က ငယ်သူငယ်ချင်းတွေဖြစ်၍ တစ်ယောက်အကြောင်းတစ်ယောက်သိနေသည်။

ကောင်းအကြောင်းလည်း သိတယ်။

မွေးစားသားဆိုတာလေ ... ကောင်းကသာ ဝေ့ကိုကြည့်မရတာပါ။

ဝေကတော့ ကောင်းကို့ ကြိတ်ပိုးနေသူ။

ဖိုးလပြည့်စာပေ



“ညက့်အစ်ကိုက တကယ်ပဲဟယ် ... အရမ်းယောကျ်ားပီသပြီး ချောတယ်၊ ခန့်ချောကြီး ယောင်းမ ... ”

“တော်စမ်းပါဝေ ... အလကားပါ၊ ဖေဖေတို့က အပ်ထားခဲ့တယ်ဆိုပြီး လိုက်ပိတ်ပင်တားဆီးနေတယ် ... အခုလည်း ညက်အတင်းထွက်လာတာ”

“ကောင်း လိုက်မလာဘူးလား”

“မလိုက်ဘူး၊ ဝေကသာ ကောင်း ... ကောင်း ... ဖြစ်နေတာ၊ သူက ဝေ့ကို ကြည့်မရဘူး”

“အဲဒါအချစ်ပဲ ညက်”

“ဘာပြောတယ်”

“အချစ်က အမုန်းနဲ့ပဲ စတာ၊ တစ်နေ့နေ့တော့ အချစ်တွေ စုပုံရောက်ရှိလာတော့မှာ သေချာတယ် ယောက်မရဲ့”

“သေလိုက်”

ကောင်း လိုက်မလာတာကိုတော့ ညက်စိတ်ထဲအလိုမကျသလိုလို ဟာတာတာကြီးပါ။

ဘာဖြစ်လို့မှန်း မသိဘူး။

သူ့အမြဲတမ်း လိုက်လာနေကျ။

ညက့်ဘေးကနေ ကိုယ်ရံတော်လုပ်နေကြ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝေ့ဆီ သွားလို့လား။

“ထိုင်နော် ယောက်မ ... ရှင့်ကို လူတစ်ယောက်နဲ့မိတ်ဆက်ပေးမယ်၊ ဟိုမှာလာနေပြီ”

“ဟင်”

ဟိုမှာလာနေပြီဆို၍ သူမကြည့်လိုက်တော့ အနောက်တိုင်းဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားတဲ့ လူကြီးတစ်ယောက်ဖြစ်နေသည်။

ဝေက အလေးတယူနှင့်လေးလေးစားစား ဆီးကြိုနေ၏။

ဘယ်သူလဲ။

ဝေ ပတ်သက်နေတဲ့ ယောကျ်ားတွေထဲက တစ်ယောက်လား။

ကောင်းပြောသလိုပဲ ဝေက ရည်းစားတွေခပ်များများ။

ညက်တောင် ငယ်သူငယ်ချင်းဖြစ်နေလို့ သံယောဇဉ်ရှိနေကြသည်။

“လာပါ ကိုကို ... ထိုင်ပါနော်၊ အခုလို ဝေ့မွေးနေ့ပွဲအတွက် တကူးတက လာရောက်ပေးတာ ကျေးဇူးတင်ပါတယ်”

“ကျေးဇူးတင်စရာမလိုပါဘူးဝေရယ် ... လာရမှာပေါ့၊ ဝေက ကိုကို့အချစ်ဆုံးသူငယ်ချင်းရဲ့ ညီမလေးပဲ ... ဆန်နီမှမရှိတော့တာ၊





ကိုကိုပိုပြီး ဂရုစိုက်ပေးရမယ်”

ဝေက သူမတစ်ယောက်ထဲ ထိုင်နေတဲ့စားပွဲမှာ ထိုင်စေသည်။

အင်း ... မဆိုးဘူးပဲ။

အနီးကပ်ကြည့်မှ ပို၍ပင်စွဲဆောင်မှု အပြည့်ရှိနေသူ။

ကြည့်လို့ကောင်းလိုက်တာ။

သူမပင် တဒင်္ဂတော့ ငေးငေးကြည့်ဖြစ်သွား၏။

သူမ လွတ်သွားတဲ့မာနကို ပြန်ထိန်းရသည်။

“မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဝေ့သူငယ်ချင်း မြညက်သာတဲ့၊ ညက် သူက ဝေ့အစ်ကိုရဲ့ သူငယ်ချင်း အမေရိကမှာ ပညာသွားသင်တာ ပြန်ရောက်လာတာ တစ်လပဲရှိသေးတယ်၊ မင်းထင်ကိုကိုတဲ့”

“ဟုတ်တဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်မ ညက်ပါ”

“မြညက်သာ”

“ရှင်”

“မင်းကို ကိုကိုအစောကြီးထဲကသိတယ်”

“ဟင်”

“ဝေ့ကို မိတ်ဆက်ပေးဖို့ ကိုကိုတောင်းဆိုခဲ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...

ညက်ကို အစောကြီးသိနေသည်တဲ့။

ညက် နည်းနည်းလေးတော့ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ကောင်းကို သတိရသွားမိသည်။

နေရာတကာမှာ အညှိုးကြီးကြီးနှင့် သူမအား ချုပ်ချယ်တားဆီး အမိန့်တွေပေးနေတာ လက်မခံနိုင်လောက်အောင် ဖြစ်နေရ၏။

ညက် လွတ်လပ်ချင်တယ်။

သူနှင့် ကင်းကင်းရှင်းရှင်း နေပစ်ချင်ပေမယ့် ဖေဖေတို့က ဘယ်လိုစည်းကမ်းချက်တွေ ထားသွားလည်းမသိ။

သူ့ရဲ့ စောင့်ရှောက်မှုအောက်မှာ စည်းကမ်းတကျ နေထိုင်ပါမည့်အကြောင်း ကတိပေးထားရသည်။

"မြညက်သာ"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲကွ၊ ကိုကိုက အစောကြီးထဲက သိနေတယ်ဆိုလို့ အံ့သြသွားတာလား"

"ဟုတ်ကဲ့ ... နည်းနည်းလေးတော့ အံ့သြသွားသလိုပဲ၊ ကိုကိုက အမေရိကားမှာနေတာလေ၊ ဘယ်လိုလုပ် ညက်ကိုသိနေ





တာလဲ"

"ဝေ့ကိုကိုဖုန်းထဲမှာ တွေ့တာလေ"

"ရှင်"

"ဝေ့အစ်ကို ဖုန်းထဲမှာ သူ့ညီမလေးဝေဝေနဲ့ သူငယ်ချင်း မြညက်သာတို့ ဓာတ်ပုံရှိနေတယ်လေ"

"ဟုတ်လား"

"မြညက်သာကို အရမ်းစိတ်ဝင်စားသွားရတယ်၊ အဲဒီထဲက ခင်မင်ချင်နေတာပါ"

ဝေ့အစ်ကိုက အမေရိကားမှာ သွေးကင်ဆာရောဂါနှင့်ဆုံးသွားပြီဖြစ်သည်။

ကင်ဆာဖြစ်ပြီး သွေးအဆိပ်တက်သွားခြင်းဖြစ်သည်တဲ့။

ဝေတို့မိသားစုတွေ အရမ်းကြေကွဲခဲ့ကြရ၏။

လွန်ခဲ့တဲ့ တစ်နှစ်လောက်ကပါ။

ညက်နှင့်လည်း ခင်တယ်။

အစ်ကိုလိုပဲ။

ပညာ ကြိုးစားပြီး စိတ်သဘောထား ပြည့်ဝသူပါ။

"ကိုကိုက ညက်ကိုမိတ်ဆက်ပေးပါလို့ပြောဖို့ ရှက်နေတာဟ လူပျိုကြီးဆိုတော့လေ။ မြန်မာပြည်ရောက်မှ ဝေ့မွေးနေ့လာမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

လို့ အရမ်းပျော်နေတာ ... ရှင်နဲ့မိတ်ဆက်ပေးပါတဲ့"

ကိုကို့အကြည့်တွေက သူမမျက်ဝန်းလေးတွေပေါ် တစ်ထပ်တည်းကျရောက်လာ၍ သူမလည်းရှက်ပြီး မျက်နှာပေါ်အပူငွေ့တွေ ဖြန်းပက်သွားသလိုပင်။

ကိုကိုက သူမနှင့်အတူတူထိုင်သည်။

ပြုစုယုယ ကြင်နာတတ်သလို ညက်စားသောက်မယ့် အစားအစာတွေကို ကိုကိုကိုယ်တိုင် ပြင်ဆင်ပေးနေတာ။

ညက်တစ်ကြိမ်တစ်ခါမျှ ယောက်ျားလေးတစ်ယောက်နှင့် မနေထိုင်ခဲ့ဖူး၍ ရင်တွေ တဆတ်ဆတ်တုန်နေတော့သည်။

အခန်း ( ၂ )

"ကိုကိုလိုက်ပို့ပေးမယ် မြညက်သာ ... "

"နေပါစေ ... ညက်မှာ ကားပါတယ်ကိုကို"

"ညက် နည်းနည်းလေး ... "

"ရပါတယ် ... ဒီညတော့ ညက်အရမ်းပျော်ပြီး တစ်ခါမှ မသောက်ဘူးတဲ့ ဘီယာတောင် သောက်မိတယ်၊ ကိုကို့ကို ကျေးဇူးတင်ပါတယ်"

ကိုကို ရယ်နေသည်။

စွဲမက်စရာ ကောင်းလိုက်တာ။

ယောက်ျားပီသပြီး ခန့်ညားတဲ့ကိုကို ... အယုအယတွေနှင့်နွေးထွေးလွန်းသည်။

ကောင်းစုတ်နဲ့တော့ တခြားစီပဲ။

သူမ ပျော်သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝေ့မွှေးနေ့ကလဲ အလန်းဇယားပဲ။

ညက်လည်း ဘာမှစဉ်းစားမနေတော့ ကိုကို့ရင်ခွင်ထဲမှာ မှီတွယ်၍ ကပစ်၏။

ခေါင်းထဲမှာ ရီတီတီ ကောင်းသိရင် ဘာပြောမလဲ။

ပြောချင်တာပြော လုံးဝဂရုမစိုက်ဘူး။

သူက ညက်အရိပ်မှာ ကပ်ရပ်နေရတာပါ။

ကိုကို့ကို နှုတ်ဆက်သည်။

"ဘိုင်"

"အိုကေ"

သူမကားမောင်းတာတောင် သတိနှင့်ထိန်းနေရသည်။

ရင်ထဲမှာ ပီတိတွေ ပြည့်နှက်နေတာပဲ။

ကိုကိုနဲ့ခင်မင်ရတာ ညက် ပျော်ရွှင်ခဲ့ရ၏။

သူမတို့ ခြံရှေ့ရောက်တော့ ခြံကြီးကိုဖွင့်ပေးမည့်သူ တစ်ယောက်မှမရှိ။

ခြံစောင့်ကြီးရော ...

သူမ ဘဲလ်ကို အကြိမ်ပေါင်းများစွာနှိပ်ပစ်သည်။

ဘယ်သူမှ ထွက်မလာ။

"အဘအောင် ..."





"အဘအောင် ... ဘယ်ရောက်သွားလဲ ဒီအဖိုးကြီး အဘအောင်"

ခြံကြီးကို အမှောင်ချထားသည်။

အဘအောင်ကို အော်ခေါ်လိုက်၏။

ထွက်မလာ ...

ကောင်း အကျင့်ယုတ်တာပဲ။

သူမ သေသေချာချာ စဉ်းစားမှ အဘအောင် ခွင့်ယူထားတာပဲ။

သေပြီ ဘဲလ်ကို ထပ်နှိပ်သည်။

"ကောင်း တမင်ညစ်ပတ်တာမဟုတ်လား ... တံခါးကို မဖွင့်ပေးဘူး ... သိမယ် ... "

ညဉ့်နက်လာတော့ ညက်တစ်ယောက်တည်းအပြင်မှာ ကြောက်လာသည်။

သူမ မိဘတွေပိုင်တဲ့ အိမ်တောင် ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့မရပါလား။

ညက်ကို ဒဏ်ပေးတဲ့အနေနဲ့ အပြင်မှာထားတာပဲဖြစ်နိုင်၏။

ဒေါသတွေ ဖြစ်ရသည်။

"ကောင်းကင်ယံ ... ရှင်ဘာကောင်လဲ၊ တံခါးဖွင့်ပေးစမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာသား ... အရူးကောင်"

သူမစိတ်ထဲကနေ ဒေါသတကြီး ကြိမ်းဝါးပြောပစ်နေပြီ။

နှုတ်ကတော့ အသံအကျယ်ကြီးမထွက်ရဲ။

ပတ်ဝန်းကျင်က ရှိသေးသည်။

အော်လို့မဖြစ်ဘူး ...

မိန်းကလေးတစ်ယောက်ဖြစ်ပြီး ည အချိန်မတော် ပြန်လာတာ မဖြစ်သင့်ဟု ထင်၏။

သူမ ဘဲလ်ကိုပဲ အကြိမ်ပေါင်းများစွာ နှိပ်ပစ်သည်။

"ရှင်တမင်လုပ်တာ မဟုတ်လားကောင်းကင်ယံ ... ကြည့်စမ်း ... စော်ကားလိုက်တာ"

ညက် ဘယ်လိုမှ မတတ်နိုင်။

တစ်ခြံလုံးမှာရှိနေတဲ့ မီးတွေကိုလည်း မှိတ်ထားသည်။

"ဒဏ်ပေးတာလား ကောင်းစုတ် ... ညက်လို သူဌေးသမီးကိုများ ... "

သူမ ဒေါသတကြီးနှင့် သံပန်းတံခါးကြီးကို ဆုပ်ကိုင်၍ ရင်ထဲမှာ ဒေါသမုန်တိုင်းတွေ ထန်နေသည်။

ကိုကို့ကို သတိရမိသွား၏။

ကိုကိုနှင့်တွေ့ဆုံခဲ့ရတဲ့ တဒင်္ဂလေးမှာပင် သူမ ပျော်ရွှင်





ကြည်နူးခဲ့ရ၏။

ကောင်းအပေါ် မကျေနပ်ချက်တွေနှင့် ဒေါသတွေ လိှမ့်ထွက်နေသည်။

ညက် အပျော်တွေကင်းမဲ့နေတာ ဘယ်လောက်ကြာပြီလဲ။

သူမ ကားထဲ ပြန်ဝင်ထိုင်သည်။

"ညက်လေး ... အသားတုံးလေးတွေကို ကိုကိုဖွဲ့ပေးမယ်နော်၊ အသီးအရွက်တွေများများစားတာ ကောင်းတယ်၊ အသားအရည်လည်းလှပတယ်၊ အဆီလည်း မများဘူး"

ကိုကို ဘယ်လောက်ကြင်နာတတ်လဲ။

ညက် ပန်းကန်ထဲကိုများ တယုတယထည့်ပေးနေတာ။

သူမကိုသိနေတာ လွန်ခဲ့တဲ့နှစ်တွေထဲကတဲ့။

ရင်ခုန်လိုက်တာ။

ကိုကိုက ပညာတတ် လူကြီးလူကောင်းနော်။

ညက်နဲ့ချစ်သူ ဖြစ်ချင်လည်း ဖြစ်လာမှာပဲ။

ရှင် ကန့်ကွက်လို့ရမယ်ထင်လား။

နိုင်ငံခြားပြန် ... ။

သူမ မိုးလင်းတဲ့အထိ ကားထဲမှာ ငုတ်တုတ်ထိုင်နေရသည်။

"ဖေဖေနဲ့မေမေရေ ... ညက်ဘဝကို ကြည့်ပါဦး ... လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာအိပ်ရတဲ့ဘဝ ရောက်နေပါပြီ”

သူမ ကြေကွဲဝမ်းနည်းရလွန်း၍ မျက်ရည်တွေပင်ကျချင်လာသည်။

မငိုဘူး ... ။

ရှင့်ကြောင့် မြည်ကိသာ ဘယ်တော့မှမငိုဘူး။

အရှုံးလည်းမပေးဘူး။

ထိန်းသိမ်းစောင့်ရှောက်တာတဲ့။

ဟွန်း ...

အရှုး။

သူမနှုတ်ခမ်းလေးက မဲ့ရွဲ့တွန့်ခေါက်သွားသည်။

ကားပေါ်မှာပဲ အိပ်ပစ်လိုက်၏။

နေအတော်မြင့်မှ သူမ နိုးသွားသည်။

“ဟင်”

ပတ်ဝန်းကျင်မှာ လမ်းသွားလမ်းလာတွေပင် သွားလာနေကြပြီ။

သူမ ကပျာကယာ ထလိုက်သည်။

ခြံတံခါးက မဖွင့်သေးဘူး။

ညီပြာလည်း ဈေးဝယ်ထွက်မှာမဟုတ်။





ဈေးက တစ်ပတ်စာ ဝယ်ထားတာ။

သူမ သတိရပြီး အိမ်ဖုန်းကိုဆက်တော့လည်း ဖုန်းကြိုး ဖြုတ်ထားသည်။

“လွန်တယ် ... ညက်ကို ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ကောင်းကင်ယံ ... ရှင်က ဘာကောင်လဲ ... အစေအပါးရဲ့သား တစ်ယောက်ကများ”

သူမ အရွဲ့တိုက်ပြီး ကိုကိုနှင့်လျှောက်သွားနေလိုက်ရင် ကောင်းမလား။

ကြည့်စမ်း ...

ညက်အား ပတ်ဝန်းကျင်ကလူတွေ အကဲခတ်နေကြပုံပင်။

ရှက်လိုက်တာ ...

ညီပြာ့အရိပ်အယောင်လည်း မတွေ့ရ။

ဒေါသဖြစ်လိုက်တာနော်။

ညက်ခေါင်းတွေလည်း တဆစ်ဆစ်ကိုက်ခဲနေ၍ အပြင်လည်း ထပ်မထွက်ချင်။

ဘဲလ်ကို ပဲနှိပ်သည်။

ထွက်လာပါပြီ ညီပြာ။

“မမလေး ဘယ်လိုဖြစ်တာလဲ၊ အခုမှ ပြန်လာတာလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"ဘာ အခုမှပြန်လာရမှာလဲ ... တံခါးဖွင့်စမ်း၊ နင်ဘာလုပ်နေတာလဲ ... ငါညထဲကရောက်နေတာဟဲ့"

"ရှင်"

"ဖွင့် ... "

"ဟုတ် ... ဟုတ်ကဲ့ မမလေး"

အိမ်ဖော်ကောင်မလေး ညိုပြာ တံခါးကိုကပျာကယာဖွင့်ပေးသည်။

"ဟဲ့ ... ကောင်းစုတ်က နင့်ကို ဘာအမိန့်ပေးသေးလဲ"

"ဟင့်အင်း ... ကျွန်မ ဈေးလည်းဝယ်စရာမလိုလို့ ဘုရားခန်းကို သန့်ရှင်းရေးလုပ်ခိုင်းနေလို့ပါ"

"တမင်သက်သက် နင့်ကိုအပြင်ထွက်မလာအောင် အလုပ်တွေခိုင်းထားတာ ... ဒေါ်ကြီးရွှေရော ... "

"နေမကောင်းဘူးလေ ... အိပ်နေပါတယ် မမလေး"

"တောက်"

"မမလေး ... အန့်တွေ ... "

"ဘီယာပါဟဲ့"

သူမကားကို ခြံကြီးထဲမောင်းဝင်လာခဲ့သည်။





အခုမှ စိတ်ထဲမှာလုံခြုံမှု ရှိသွားသလိုပင်။

ကောင်း ...

ရှင်သက်သက်မဲ့ အရှက်တကွဲနဲ့ သိက္ခာကျအောင် လုပ်ပစ်လိုက်တာပဲ။

လုပ်စရာလား။

ညက် နည်းနည်းလေးမှ မကျေနပ်။

အိမ်မှာ ခန့်ထားတဲ့အလုပ်သမားတွေ အားလုံးကလဲ သူ့လူတွေ။

ရှာကတဲ့ ...

သူမ နှုတ်ခမ်းလေး စူတင်းနေသည်။

"သိမယ် ... ကောင်းစုတ် ... နင်က ဘာမို့လို့ ညက်လိုသူဌေးသမီးကို နှိုင့်ထက်စီးနင်းလုပ်ရတာလဲ"

သူမ တိုက်ထဲဝင်လာတော့ ဧည့်ခန်းအရောက်တွင် ခြေလှမ်းတွေက တုန့်ခနဲရပ်ဆိုင်းသွားရသည်။

ဧည့်ခန်းတွင် အခန့်သား ထိုင်နေသူက ကောင်းပင်။

ပြီးတော့ ...

ရှေ့နေကြီး ဦးပေါ်ထွန်းပါ။

ဒင်း ... ခေါ်လိုက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



သူမ အပြစ်ကို အထုပ်အထည်နှင့်မိသွားသလို မျက်နှာပင်ဘယ်လိုထားရမှန်းမသိ။

"မြညက်သာ"

"ရှင်"

"ထိုင်ပါဦးကွယ်"

သူမဝင်ထိုင်သည်။

ကောင်း ...

နင့်ကြောင့်ပဲ။

ဘာမဟုတ်တဲ့ အပြစ်လေးနဲ့ လူကြီးတွေအထိ အသိပေးစရာလိုသေးလား။

နည်းနည်းတော့ တင်းသွားသည်။

"အန်ကယ် မနေ့ကတည်းက ရောက်နေတာ"

"ရှင်"

"ရန်ကုန်မှာ အမှုကိစ္စတစ်ခုရှိနေလို့ ခဏဝင်တည်းခိုတာပါ"

"ဟုတ်လား"

ရှေ့နေကြီးဦးပေါ်ထွန်းက မန္တလေးမှာနေတာပါ။

မကြာခဏ ရန်ကုန်ရောက်လာတတ်ပြီး ဒီမှာပဲ တည်းတတ်သည်။

ဖိုးလပြည့်စာပေ



ကံဆိုးတာပဲ။

သူမကလည်း ဒီနေ့မှအပြင်သို့ ဇွတ်ထွက်မိနေသည်။

"မင်း ဘယ်ကိုသွားနေတာလဲ"

"ညက်ကို တံခါးမဖွင့်ပေးတာပါ ... ညက်အစောကြီးကတည်းက ရောက်နေတာလေ ... သူတမင်သက်သက် ဖွင့်မပေးတာ"

ကောင်းကတော့ ညက်လုပ်ရပ်အတွက် လုံးဝခွင့်မလွှတ်နိုင်။

မိန်းကလေးတစ်ယောက် ပြန်ရမယ့်အချိန် မဟုတ်။

ညက်သူငယ်ချင်းဝေက ကိုယ်ကျင့်တရား မကောင်းဟု ကောင်း ထင်မိသည်။

တားဆီး၍မရ။

သူ တမင်ဒဏ်ပေးလိုက်ခြင်း ဖြစ်၏။

အန်ကယ် ပေါ်ထွန်းပင် မသိ။

ခရီးပန်း၍ အိပ်ပျော်နေသည်။

"မင်းညက အပြင်မှာအိပ်နေတာလား ... မြညက်သာ"

"ကားပေါ်မှာပါ"

"ညက အန်ကယ်ရောက်လာတာ ညတစ်နာရီမှလေ"

သူမတို့ ပါတီပွဲက မနက်နှစ်နာရီလောက်မှပြီးတာပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အနဲကယ်ပေါ်ထွန်း ရှေ့မှာဖြစ်၍ သူမ ပြစ်မှုလွန်ကျူးထားသလိုလို ခံစားရသည်။

"မဖြစ်သင့်ဘူးထင်တယ် မြည်ကဲသာ ... မင်းက မိန်းကလေးပါ၊ မောင်ကောင်းကင်ယံရဲ့စကားကို နားထောင်သင့်တယ်"

အနဲကယ်ပေါ်ကလည်း ကောင်းဘက်ကပဲ။

သူ မတရား စည်းကမ်းချက်တွေပေးနေတာကရော သူမကဘာလဲ။

ဒီတိုက်ကြီးရဲ့ အရှင်သခင်မလေ။

"မင်းမိဘတွေရဲ့ အကြီးမားဆုံးဆန္ဒပဲလေ ... ကောင်းက မင်းကိုစည်းကမ်းတွေ မတရားပေးနေတာမဟုတ်ဘူး၊ မင်းအပေါ် ဘယ်တော့မှ မကောင်းကြံစည်မယ့်သူလည်း မဟုတ်ဘူး"

"အနဲကယ်"

"အနဲကယ့်စကားကို နားထောင်စမ်းပါ မြည်ကဲသာ ... မင်းမှားနေတယ်"

ဦးပေါ်ထွန်းကတော့ မြည်ကဲသာ မှားယွင်းနေတာဟုပဲ ထင်မှတ်မိနေသည်။

မိန်းကလေးတစ်ယောက် အပြင်ထွက်ရမည့် အချိန်မဟုတ်။

မနက်မိုးလင်းမှ မြည်ကဲသာ အပြင်မှာအိပ်ရကြောင်း မိမိ သိထားၡါ။

ကောင်း အပြစ်ပေးထားတာပါ။

နှစ်ယောက်လုံးက မိမိယ်စဉ်လေးထဲက သိကျွမ်းခဲ့သူတွေ။

အကျိုးအကြောင်း အလုံးစုံရှိလည်း သိထား၍ ကောင်းဘက်ကပဲ လိုက်ရမည်ဖြစ်သည်။

"နောက်တစ်ခါ ကောင်းသဘောတူ ခွင့်ပြုချက်မရဘဲ ညကဲ အပြင်ထွက်ခွင့်မရှိဘူး"

"ရှင်"

"အနဲကယ် အရှင်ဆုံးပြောရရင်တော့ ညကဲမိဘတွေအားလုံးက ကောင်းကိုယုံကြည်ကြတယ် ... အမွေကိုရော စီးပွားရေး လုပ်ငန်းတွေရော အားလုံးအပ်ထားခဲ့တယ်"

"အနဲကယ် ... ညကဲမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာ ရှိပါတယ်၊ သူက ညကဲအပေါ် မုန်းတီးစိတ်တွေနဲ့ စည်းကမ်းတွေပေးပြီး ချုပ်ချယ်နေတာ မတရားဘူး"

"ကောင်းက စည်းစနစ်ကြီးသူဖြစ်နေလို့ မင်းကိုအပ်ထားခဲ့တာပဲညကဲ ... မင်းမိဘတွေကိုယ်တိုင် လိုက်နာဖို့ပြောခဲ့တယ်၊ မင်း နာခံရလိမ့်မယ် မြည်ကဲသာ ... "

မြည်ကဲသာ နှုတ်ခမ်းလေးတွေက လုံးဝမကျေမနပ်နှင့် စူ






www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းလေး။

အန်ကယ်ပေါ်ထွန်းကိုတော့ သူမငယ်စဉ်လေးထဲက ချစ်ကြောက်ရိုသေလေးစားခဲ့ရသည်။

မိဘတွေကိုယ်တိုင် လေးစားကြရတာပါ။

သူမ ငြိမ်သက်နေမိသည်။

"အခုကြည့်စမ်း ... မင်းကိုပတ်ဝန်းကျင်က အထင်သေးစရာဖြစ်လာတယ်"

"အဲဒါ သူလုပ်တာလေ ... ညက်ကို ခြံတံခါးမဖွင့်ပေးဘူး၊ သူလုပ်စရာလား"

"မင်းကို သွားရဲသွားကြည့်လေလို့ ကိုယ်ပြောခဲ့တာပဲ ... မင်း ဇွတ်သွားခဲ့တယ် ... ဒီအပြစ်ဒဏ်နဲ့ မင်းအထိုက်တန်ဆုံးပဲ"

"တွေ့လား အန်ကယ် ... "

"မြညက်သာ ... မင်းမှားတယ်လို့ပဲအန်ကယ် သတ်မှတ်တယ်၊ ကောင်းစည်းကမ်းအတိုင်း မြညက်သာ လိုက်နာပါ"

ဒီလိုပဲပြောမယ်ဆိုတာ ညက်သိနေသားပဲ။

အားလုံးက ညက်ဘက်မှာရှိမနေပေ။

ကောင်းမျက်နှာထားကလည်း တည်တင်းနေသည်။

"နောက်ဆို ဒီလိုအပြုအမူမျိုး ထပ်မလုပ်ပါနဲ့ မြညက်သာ"

"ဟုတ်ကဲ့"





"မြညက်သာကို ကောင်းစောင့်ရှောက်ပေးဖို့ တာဝန်ရှိတယ် သူ့စကားကို နားထောင်ပါ"

"ဟုတ်ကဲ့"

သူမနာခံရုံမှလွဲ၍ တခြားမရှိ။

ရှင် ဘယ်အချိန်အထိ ညက်ကို ဘယ်လောက်အထိ စောင့်ရှောက်နေနိုင်မလဲ။

ကျွန်မမှာ ချစ်သူရှိသွားရင် ရှင် စည်းကမ်းတွေ လာပေးလို့ရမယ်ထင်လား။

သူမ စိတ်ထဲမှာ မကျေနပ်မှုတွေက အဆိုင်အခဲတွေအဖြစ် ပြည့်ကြပ် နာကျင်ရသည်။

"ကျွန်မ နာခံပါ့မယ် အန်ကယ် ... ဒါပေမဲ့ သူ့ကိုလည်း ဆုံးမပေးပါ ... ကျွန်မကို အညှိုးနဲ့နှိပ်စက်ညှင်းပန်းဖို့ ကြံစည်နေမှာ စိုးလို့ပါ"

သူမ ထလာခဲ့သည်။

ရှင့်ကိုတော့ လုံးဝမကြောက်ဘူး။

တမင်သက်သက် လုပ်နေတာ။

သူမ ငယ်စဉ်က ကောင်းကို အနိုင်ကျင့် ဗိုလ်ကျခဲ့တာတွေကို အညှိုးကြီးကြီးနဲ့ တုန့်ပြန်နေတာဟုပဲ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

"ကောင်းစုတ် … လာစမ်း … ငါ့စက်ဘီးကိုတွန်းပေး၊ နင်က ဒရိုင်ဘာသား … တို့အိမ်ရဲ့အစေအပါးပဲ"

မျက်နှာကျောတင်းတင်းနှင့် အေးစက်စက်နေထိုင်တတ်တဲ့ ကောင်းကင်ယံကို မြည့က်သာ နည်းနည်းလေးမှ ကြည့်မရ။

ဆယ်နှစ်သမီးအရွယ် အဲဒီတုန်းက မြည့က်သာ ကိုယ်လုံးက ဝဖိုင့်ဖိုင့် စက်ဘီးကို ကုန်းတက်တွေပေါ် တမင်တွန်းခိုင်းသည်။

"တွန်းလေ"

သူမအော်တော့ ကောင်း လာပြီး တွန်းပေးသည်။

စကားတစ်လုံးမှ မပြော။

မြည့က်သာကို မတူသလိုလို မတန်သလိုလို ခိုင်းလျှင်တော့ ကျိုးကျိုးနွံနွံ လုပ်ပေးသည်။





"တွန်း … အပါးမခိုနဲ့နော်၊ နင်ယောက်ျားမဟုတ်ဘူးလား၊ မိန်းမရှာလိုလို ဂျီပုန်းလိုလိုနဲ့ အားကလဲပျော့လိုက်တာ"

ကောင်း စကားပြောရန် သူမနှိမ်နှိမ်ချချပြောလည်း တုန့်ပြန်ပြောဆိုခြင်းမရှိ၍ ဒေါသထွက်လာရကာ စက်ဘီးကို အရှိန်နှင့် နင်းပစ်လိုက်တော့ သူမှောက်လျက်လဲကျသွားတော့သည်။

"အား"

"ဟား … ဟား … ဟား … သေတာတောင် နည်းသေးတယ်၊ ယောက်ျားလေးဖြစ်ပြီး ချိနဲ့နဲ့ဖြစ်နေတယ် … ကောင်းကင်ယံ အချောက် … မိန်းမရှာ … "

သူမ အော်ဟစ်ပြေးသည်။

သူ့ကို ဘယ်လောက်ပဲ ထိခိုက်နစ်နာစေရန်ပြောနေပါစေ ကောင်း နှုတ်ဆိတ်နေတတ်၏။

နာတယ်လည်း မပြောဘူး။

ဒူးပြဲပြီး ဒဏ်ရာတွေ ရတာတောင် လာမတိုင်ရဲ။

ဒရိုင်ဘာကြီးက သည်းခံရမယ်ဟု ပြောသံ မြည့က်သာ ကြားရသည်။

"ဦးလေးကြီးသားက ယောက်ျားမပီသဘူး … စက်ဘီးတွန်းခိုင်းတာကို အားမရှိသလိုပဲ … အသုံးကိုမကျတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းငုံ့နေသည်။

ဒူးဒဏ်ရာမှ သွေးတွေစီးကျပြီး နာကျင်နေပေမယ့် ကောင်း အံကြိတ်ခံနေ၏။

သူမ အမြင်ကတ်တာ အဲဒါပဲ။

သူမကိုဆိုလျှင် အပေါင်းအသင်းပင်မလုပ်။

မုန်းတယ်။

"အရူး"

"တုံး"

"အချောက်"

သူမ အမျိုးမျိုး ပြစ်ပြစ်နှစ်နှစ်ပြောပြစ်သည်။

သူမ စိတ်ထဲမှာ ကောင်းရဲ့အလေးအနက်ထားမှုနှင့် ခင်မင်မှုကို လိုချင်နေခဲ့၏။

ကောင်းက အဖက်မလုပ်ချင်။

သူမ ရင်ထဲမှာ မကျေမနပ် ခံပြင်းဒေါသဖြစ်ရသည်။

"သမီး ကောင်းကို မတရားမနှိပ်စက်ပါနဲ့ကွယ် ... ကိုယ့်အိမ်က အလုပ်သမားဆိုပေမယ့် ဆွေမျိုးလိုနေခဲ့ကြတာပါ၊ တစ်ယောက် ကျေးဇူး တစ်ယောက် မကင်းကြဘူး"

"သမီး သူ့ကိုမုန်းတယ်"





"ကောင်းက လိမ္မာတယ်၊ စာကြိုးစားတယ်၊ စိတ်သဘောထားလည်း ဖြူစင်တယ်"

"စိတ်သဘောထား မဖြူစင်ပါဘူး၊ အူပုတ်ကောင်"

"မြညက်သာ ... သမီးပြောလေ ဆိုးလေပါလား ... ကောင်းကို မနှိပ်စက်ပါနဲ့ သမီးအမူအကျင့်တွေကို ပြင်သင့်တယ်"

ဖေဖေနှင့်မေမေကိုယ်တိုင်က ကောင်းကိုချစ်ကြသည်။

အထင်တကြီးရှိကြ၏။

သူမကိုပင် ဆူပွက်ချင်သည်။

"ဒရိုင်ဘာသားက လူပါးဝနေတာပဲဖေဖေ ... ညက်ကို အဖက်မတန်သလိုနဲ့ အစေခံသားကများ"

"မြညက်သာ ... စကားပြောတာ ဆင်ခြင်စမ်း ... ဖေဖေ ခကြိုက်ဘူးလို့ပြောနေတယ်"

မြညက်သာကိုလည်း တစ်ဦးတည်းသောသမီးမို့ ချစ်ကြသည် မဆူရက်မပြောရက်ကြ။

ညက်က တခြားကိစ္စတွေမှာ မဆိုးပေမယ့် ကောင်းကင်ယံနှင့်ပတ်သက်လာရင်တော့ ဆိုးဆိုးဝါးဝါး သောင်းကျန်းပစ်တတ်၏။

မိဘတွေပင် လက်လျှော့ထားရသည်။

"ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေမယ့် စာအုပ်ကိုဖတ်နေတဲ့ ကောင်းက အရေးပင် မလုပ်။

သူမစာအုပ်ကို ဆွဲဖယ်ပစ်လိုက်သည်။

"ဘာခိုင်းမလို့လဲ"

"ပန်းအိုးတွေ သယ်ခိုင်းမလို့"

"ပြော"

သူ ထလိုက်လာသည်။

သူမက ပန်းအိုးတွေကို ရွှေ့ခိုင်း၏။

သူက အရွယ်နှင့်မမျှ ပန်းအိုးအလေးကြီးတွေကို မနိုင်ဝေမယ့် သယ်ပေးနေသည်။

သူမက ပန်းအိုးတွေက လေးတယ် ကောင်း မသယ်နိုင်ဘူးဟု ပြောစေချင်တာပါ။

မပြောပေ။

"သား ... ထားခဲ့လေ၊ မြည်ကျော်သာလေး သယ်နိုင်းတဲ့ပန်းအိုးတွေ အဖေသယ်ပေးမယ်"

"မရဘူး ... ဦးလေးကို သယ်ခိုင်းချင်ရင် ညက် ဦးလေးကြီးကိုပဲ တိုက်ရိုက်လာပြောမှာပေါ့ ... သူပဲသယ်ပေး"

"ညက်လေးရယ် ... သားက ငယ်သေးတယ်၊ ပန်းအိုးတွေ





က ကြီးတော့ မနိုင်ဘူး"

"မရဘူး"

ကောင်းက မနိုင်မနင်း သယ်ပေးနေသည်။

တမင် ခိုင်းနေတာပါ။

အလုပ်မရှိ အလုပ်ရှာပြီး ခိုင်းစေတာ။

သူမစိတ်တွေက ကောင်းအပေါ် အလိုမကျလွန်းနေပြီး အလုပ်တွေကိုပဲ တစ်ခုပြီးတစ်ခု ခိုင်းစေလိုက်၊ အမှားအယွင်းလုပ်မိလျှင် အပြစ်အတွက် ထိထိခိုက်ခိုက် နစ်နစ်နာနာပြောဆိုလို့နေခဲ့သည်။

ဘာကြောင့်မှန်း မသိပါဘူး။

ကောင်းလို ဒရိုင်ဘာအစေအပါးသားက ဘဝင်မြင့်နေတာလည်း မကြိုက်မိ။

သူက စာတော်ပြီး ရုပ်ရည်လည်း ဖြူဖြူသန့်သန့် ချောချော။

ကျောင်းမှာ ကောင်မလေးတွေ စိတ်ဝင်တစားရှိ နေကြတာလည်း လုံးဝ မနှစ်သက်နိုင်အောင် ဖြစ်ရသည်။

"ကောင်း"

"ဟင်"

"နင့်ကိုပြောရဦးမယ်၊ အတန်းထဲမှာ နင်က ငါ့ထက်သာနေ



www.burmeseclassic.com

www.burmeseclassic.com



တာ လုံးဝမဖြစ်သင့်ဘူး၊ အဲဒီတော့ နင်အတန်းထဲမှာ ငါ့ထက်မသာစေနဲ့"

သူ ခွန်းတုန့်ပြန် မပြောခဲ့။

မြညက်သာက အဆင့်သုံးဆယ်။

သူက အဆင့်တစ်။

သူမထက် မသာစေနဲ့ဟု တမင်ပြောပစ်လိုက်တာပါ။

နောက်တစ်လကြည့်လိုက်တော့ သူက အဆင့်တစ်ပဲ။

သူမ ဒေါသထွက်သွားသည်။

"ဟဲ့ ... နင့်ကို ငါပြောထားတာ မဟုတ်လား၊ ငါ့ထက် အဆင့်မနိမ့်စေနဲ့ဆိုတာလေ"

"ငါ့အဆင့်ကို ဖြုတ်ချဖို့ပဲ ကြိုးစားပါ ... နင့်ထက်အဆင့်နိမ့်ဖို့ ငါမလုပ်နိုင်ဘူး"

"ကောင်စုတ်"

သူ လှည့်ထွက်သွားသဖြင့် သူမ ဒေါသတွေ အလျှံညီးညီးနှင့် နောက်ကနေ လိုက်သွားကာ ဆောင့်တွန်းပစ်လိုက်တော့ သူမှောက်လျက်လဲကျသွားသည်။

အေးဆေးပဲ ပြန်ထ၍ ထွက်သွား၏။

နောက်ဆုံး သူမပဲ ထိုင်၍ ငိုပစ်ရသည်။





"ညက် ဘာဖြစ်တာလဲ၊ ခြံထဲမှာ ဘာဖြစ်လို့ ထိုင်ငိုနေရတာလဲ"

မေမေက ပြေးထွက်လာသည်။

ဦးလေးကြီးလည်း ထွက်လာ၏။

သူမအသံက ပိုကျယ်လောင်သွားရသည်။

"အီး ... ဟီး ... ကောင်းလုပ်တာ ညက်ကို ရိုက်တယ်၊ အရမ်းနာတာပဲ ... အား ... ဟီး ဟီး ..."

"ညက်တိုက်ထဲဝင်စမ်း ... ပေါက်ကရတွေ ပြောမနေနဲ့၊ ကောင်းရိုက်တာ မဖြစ်နိုင်ဘူး"

"ရိုက်တယ် ... ရိုက်တယ်၊ သူရိုက်တယ်"

"ကဲပါ သမီးလေးရယ် ... ဦးလေးကြီး ကောင်းကိုရိုက်ပါ့မယ်၊ မငိုနဲ့တော့နော် ... ဒီကောင်ဆိုးတာပါ၊ ကလေးကို ရိုက်ရတယ်လို့"

"ဒရိုင်ဘာသားက အရမ်းလူပါးဝတယ်"

"ညက်"

"နေပါစေမကြီးရယ် ... ကလေးပဲ ကောင်းကလည်း ပေကပ်ကပ်နဲ့ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ အမှန်ပဲဟာ"

"တောင်းပန်ပါတယ် ဦးချိုရယ်၊ သမီးက အလိုလိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆိုးချင်တယ် ... စိတ်မရှိပါနဲ့နော်၊ ကလေးကိုလည်း မဆူပါနဲ့ ကောင်းမှာ အပြစ်မရှိဘူးဆိုတာ ဒေဝီတို့သိပါတယ်"

မေမေက တောင်းပန်နေသဖြင့် အိမ်က အစေအပါးကို တောင်းပန်ရပ့ါမလားဆိုပြီး ညက်ပေါက်ကွဲပစ်သည်။

"ဒါကြောင့် သူက ရောင့်တက်နေတာသိလား ... မေမေက ဘာဖြစ်လို့ တောင်းပန်ရတာလဲ"

"ဝုန်း"

"ဒိုင်း ..."

"ညက် ... သမီး၊ အဲဒီလူယုံအလုပ်သမားတွေမရှိရင် မေမေတို့ အိမ်ကိစ္စတွေ ဘယ်သူလုပ်မလဲ၊ ဒီလိုပဲ့ တစ်ယောက်နဲ့တစ်ယောက် ငဲ့ညှာထောက်ထားရတာတွေရှိတယ် ... ဦးချိုက ညက်ဖေဖေရဲ့အသက်ကို ကယ်ထားတာ"

ကောင်းနှင့်ပတ်သက်လာလျှင်တော့ ဖေဖေရော မေမေရောက လက်မခံကြ။

အရမ်းကို ချီးမြှောက်ပြီး အားပေးကြသည်။

ကောင်းကလည်း ဘဝကိုအထိနာလွန်း၍လားမသိ။

စာကိုအရမ်း ကြိုးစား၍ တက္ကသိုလ်ဝင်တန်း ဖြေတော့ ကောင်းက ဘာသာစုံဂုဏ် ထူးထွက်သည်။





ညက်က ရိုးရိုးပဲ အောင်ခဲ့တာပါ။

"ကောင်းလေး အရမ်းတော်တာပဲ ရိုးသားမှုလည်းရှိတယ်၊ တည်တည်ကြည်ကြည်နဲ့ မင်းဘယ်တက္ကသိုလ်တက်မလဲ၊ ဆေးကျောင်းလား။ နိုင်ငံခြားမှာ ပညာသင်ချင်လည်း အန်ကယ်တို့ ထောက်ပံ့မယ်လေ"

ကြီးကျယ်ခမ်းနားလွန်းတဲ့ ကောင်းက လက်မခံပေ။

သူအင် ဂျင်နီယာတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်တဲ့။

မြန်မာပြည်မှာပဲ သင်ခွင့်ရရင် ကျေနပ်ပါပြီတဲ့လေ။

ညက်ကတော့ ရိုးရိုးတက္ကသိုလ်ပဲ တက်ခဲ့ဖြစ်၏။

အမှတ်တွေက အောင်ရုံလေးတွေပဲ ဖြစ်နေ၏။

မျက်နှာ ငယ်လိုက်ရတာ။

ကောင်းကို ဖေဖေတို့က ဖူးဖူးမှုတ်ပဲ။

သူမ စိတ်ထဲမှာ မနာလိုဝန်တိုမှုတွေ ဖြစ်ရသည်။

"ကိုချို နေမကောင်းဘူး ... အသဲကင်ဆာဖြစ်နေတယ်၊ ကိုချို တစ်ခုခုဖြစ်ရင်တော့ ကောင်းကို သားအဖြစ်မွေးစားရလိမ့်မယ်"

"အဓိပ္ပါယ်မရှိတာဘဲ ဖေဖေ၊ သူ့အဖေမရှိမှတော့ သူ့သားကို မောင်းထုတ်ပစ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညက် ... "

"ညက် သဘောမတူဘူးနော်၊ ဘာမွေးစားသားလဲ၊ လုံးဝပဲ လက်မခံနိုင်ဘူး ... သူ့ကို ဖေဖေတို့က ထောက်ပံ့ပေးနေတာပဲ"

ဖေဖေကတော့ ဦးလေးကြီးချို ဆုံးသည်နှင့်ကောင်းကို သား အဖြစ် စာချုပ်စာတမ်းတွေနှင့် ရှေ့နေကြီးဦးပေါ်ထွန်းက စီစဉ်လုပ် ဆောင်ပေးခဲ့သည်။

ကောင်းက ညက်အစ်ကိုဖြစ်သွားခဲ့၏။

အစ်ကိုဖြစ်သွားတာတောင် ညက်နှင့်အရောတဝင် မနေခဲ့။

လိုအပ်တာလောက်ပဲ ပြောဆိုသည်။

"ကောင်း ... နင်က ကြီးကျယ်ခမ်းနားနေလိုက်တာ၊ ဘာ ကောင်လဲ ... ဘာအစ်ကိုလဲ၊ ဒရိုင်ဘာသားက ဒရိုင်ဘာသားပဲ"

သူမ အခွင့်သင့်တိုင်း ပြဿနာရှာဖြစ်သည်။

ဖေဖေနှင့်မေမေကတော့ အားကိုးတကြီး လုပ်ငန်းတွေက အစ ကောင်းလက်ထဲ အပ်ထားကြ၍ ညက်ဒေါသထွက်ရ၏။

ဘယ်လိုမှ တားဆီးကန့်ကွက်လို့မရ။

ကောင်းကို ရိုးသားတည်ကြည်သူဟု ညက်မိဘတွေက အစီ အပြင်သတ်မှတ်ထားခဲ့ကြသည်။

ရှေ့နေကြီး အန်ကယ်ဦးပေါ်ထွန်းကလည်း တစ်ထပ်တည်း





ပဲ။

သူမ ဘယ်လိုမှစောဒက တက်ခွင့်မရှိဘူး။

"ကောင်းစုတ် ... နင်သိပ်ပြီး လူပါးဝလွန်းတယ်၊ ဒီနေ့ နင့် အပြုအမူက မြညက်သာကို အကြီးအကျယ်စော်ကားလိုက်တာပဲ သိမယ်"

ကိုကို့ကို သတိရသည်။

ညက် ခံစားချက်တွေကို ဖွင့်ဟပြောဆိုချင်မိနေသည်။

ကိုကို မင်းထင်ကိုကို ... နင့်ထက်တောင် ပညာတတ်ပြီး ချမ်းသာကြွယ်ဝသေးတယ် ကောင်းကင်းယံ ... နာမည်ကိုက မိုးပေါ်မှာ။

ကိုကိုနဲ့ကောင်း ဘယ်လိုမှ ယှဉ်မရ။

ကိုကိုနှင့်သူမ ချစ်သူတွေဖြစ်သွားကြရင် ကောင်း ဘာတတ် နိုင်မှာလဲ။

"ကိုကိုက မြညက်သာကို ဓာတ်ပုံလေး စတွေ့တည်းက စိတ်ဝင်စားသွားရတာပါ၊ မြန်မာပြည်ကိုပြန်လာချင်တဲ့ဆန္ဒတွေ ပြင်း ပြခဲ့ရတယ်"

"ဟုတ်လို့လား ကိုကိုရယ်"

"ဝေ့ကို မေးကြည့်လေ ... ကိုကို အမြဲတမ်း မြညက်သာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မေးမြန်းနေခဲ့တာလေ"

မြည္ကာသာ အပြုံးလေးတွေ ဝင်းတောက်လာသည်။

စောစောက စိတ်ညစ်စိတ်ရှုပ်တွေးနေရတာတွေ ပျောက်သွားရ၏။

ကိုကို့အကြောင်းတွေပဲ စဉ်းစားတော့မယ်။

ကောင်း ... နင်သိပ် ဘဝင်လေဟပ်မနေနဲ့။

ကိုကိုနဲ့နင် ဘယ်လိုမှယှဉ်ပြိုင်လို့မရဘူးသိလား။

ညက် နှုတ်ခမ်းလေး တွန့်မဲ့စွာ ပြုံးသည်။

"ကိုကိုလား ... မြည္ကာသာပါ သတိရလို့ ..."

"အင်း ... ကိုကိုလည်း သတိရနေတယ်၊ အိပ်ယာကနေ နိုးနိုးခြင်းပဲ ညက်ဓာတ်ပုံလေးကိုကြည့်မိနေတယ်ကွာ"

"အဟင်း ... ဟင်း ... ကိုကိုနဲ့ညက် တကယ်ပဲအတွေးတွေ စိတ်ကူးတွေတူနေတာလားဟင်"

"အင်း"

"ကိုကို"

"ပြော"

"ဘာမှမပြောတော့ပါဘူး၊ ဒါပဲနော် ... အရမ်းသတိရနေတယ်"

ဖိုးလပြည့်စာပေ



"ကိုယ်လည်း မြည္ကာသာနဲ့ထပ်တူထပ်မျှ သတိရတမ်းတ လွမ်းဆွတ်နေရပါတယ်"

"ညက်က ပိုတယ်နော်"

"ဟုတ်လို့လားကွာ"

"ဟုတ် ... ဟုတ် ... အရမ်းဟုတ် ..."

ကိုကို ရယ်မောနေသည်။

ညက် ဖုန်းကိုပိတ်ပစ်လိုက်ပြီး သူမ အရမ်းပဲ ကလက်တက်တက်နဲ့ ဆပ်စလူးမများ ဖြစ်သွားပြီလားဟု တွေးမိနေပြီး ရှက်နေမိတယ်။

ကောင်း ...

နင့်ကြောင့်ပဲ ငါ့ရင်ထဲမှာ နင့်ရဲ့မောက်မာစော်ကားမှုတွေအတွက် ကျွန်မ သည်းခံနိုင်တဲ့အတိုင်းအတာ ကုန်သွားပြီ။

ကောင်းထက်သာတဲ့ယောကျ်ား တစ်ယောက်နှင့်ပတ်သက်ဆက်ဆံရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"ကောင်း"

"ကျွန်တော်ကတော့ စည်းကမ်းအတိုင်းပဲ လုပ်ရမယ် အန်ကယ် ... ဘာဖြစ်လို့လဲဆိုတော့ ညက်ကို မှည့်တစ်ပေါက်တောင် မစွန်းထင်းစေချင်လို့ပါ။ အန်ကယ်တို့ ကျေးဇူးက အရမ်းကြီးမားတယ်လေ ... ညက် လမ်းမှားပေါ်မရောက်စေချင်တာပါ"

"ကောင်း ပြောတာလည်း အန်ကယ်လက်ခံပါတယ်ကွာ၊ မှန်ပါတယ်၊ ဒါပေမဲ့ ... ညက်နဲ့ကောင်းကို အဆင်ပြေစေချင်တယ်"

"ဗျာ"

"အန်ကယ် ဘယ်လိုပြောရမလဲကွာ၊ လူကြီးမိဘတွေရဲ့ သဘောထားကလဲ ကောင်းနဲ့ညက်ကို အဆင်ပြေပြီး သံယောဇဉ်တွေ တွယ်ငြိသွားစေချင်ကြတယ်"





အန်ကယ်ပေါ်ထွန်းပြောတဲ့ စကားတွေကို ကောင်း သဘောပေါက်နားလည်ပေမယ့် မဖြစ်နိုင်ဟုထင်သည်။

မြည်က်သာလို မိန်းမမျိုးကို ကောင်း မနှစ်သက်မိ။

ဘယ်လိုနည်းနှင့် သံယောဇဉ် ငြိတွယ်မှာမဟုတ်။

မြည်က်သာကိုယ်တိုင် သူ့ကိုဒရိုင်ဘာသား တစ်ယောက်အဖြစ် အထင်သေးနေခဲ့၏။

အချစ်ဆိုတာ နှစ်ယောက်လုံးရဲ့ နှလုံးသားတွေထဲမှာ ကိန်းအောင်း ဖြစ်တည်လာနိုင်စရာ လုံးဝ မရှိနိုင်ပေ။

"ကောင်း ... တကယ်တော့ မောင်မဟာနဲ့မဒေဝီတို့က မင်းနဲ့မြည်က်သာကို လက်ထပ်ပေးချင်တာပါ"

"မဖြစ်နိုင်ပါဘူး အန်ကယ် ... လုံးဝ လက်မခံနိုင်တာပါ။ ကျွန်တော် ရွေးချယ်မယ့် မိန်းကလေးမျိုးက မြည်က်သာစရိုက်မျိုး မဟုတ်ပါဘူး၊ ပြီးတော့လည်း ... ကျွန်တော်က ညက်တို့မိသားစု အစေအပါး ဒရိုင်ဘာတစ်ယောက်ရဲ့သားပါ"

"ကောင်း ... မင်းကိုသားအဖြစ် သတ်မှတ်ထားကြတာပါ၊ လေးစားလို့လည်း မိသားစုအရေး အပ်နှံထားခဲ့တာလေ၊ မြည်က်သာကို ထာဝရစောင့်ရှောက်ပေးနိုင်အောင် မင်းဘက်က စတင်ကြိုးစားသင့်တယ် ... အချစ်ဆိုတာမပါရင်တောင် လက်ထပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြည်က်သာရဲ့ဆန္ဒမပါဘဲ ကောင်း ဘာတစ်ခုမှမလုပ်ဆောင်နိုင်ပါဘူး ... သူမရွေးချယ်တဲ့ချစ်သူနဲ့ပဲ လက်ထပ်ပါစေ"

ဦးပေါ်ထွန်း ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုဖို့ ကောင်းတို့ထံရောက်လာခဲ့သည်။

မောင်မဟာတို့ဆန္ဒက ကောင်းနှင့်ညက်ကို လက်ထပ်စေဖို့ပင်။

နှစ်ပေါင်းများစွာ နှစ်ယောက်အတူတူ နေထိုင်ကြပေမယ့် သံယောဇဉ်က မတွယ်ငြိကြဘဲ ရန်သူတွေအဖြစ်ရှိနေကြ၏။

ထို့ကြောင့်ပင် ဦးပေါ်ထွန်း ပေါ်တင်ပဲ အသိပေးလိုက်သည်။

"ကျွန်တော် ရွေးချယ်မယ့် ကျွန်တော့်ဘဝလက်တွဲဖော်က မြည်က်သာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူးအန်ကယ်၊ သူ့ကို ကျွန်တော် အမြဲမပြတ် စောင့်ရှောက်ပေးနေမှာပါ၊ စီးပွားရေးလုပ်ငန်းတွေလည်း မြည်က်သာအတွက်ပါပဲ"

သူ့ လုပ်အားခပဲ ဖယ်ထားပြီး ကျန်တဲ့အမြတ်အစွန်းတွေက မြည်က်သာအတွက်ပဲဖြစ်သည်။

စုဆောင်းပေးထား၏။

မြည်က်သာ အိမ်ထောင် ပြုသောအခါ သင့်တော်မည့် ယောကျ်ား ဖြစ်ရင်တော့ ပေးအပ်ရမည်ဖြစ်သည်။





"မြည်က်သာနဲ့တော့ လက်ထပ်ဖို့မစီစဉ်စေချင်ပါဘူး အန်ကယ် ... ကျွန်တော်က သူ့ကိုစောင့်ရှောက်ပေးချင်တာပဲ ရှိတာပါ"

မြည်က်သာက သူ့ကိုအထင်သေးလွန်းနေသည်။

ကောင်းနှင့်ရန်ဘက်တွေအဖြစ်ပဲ နှိမ်ချဆက်ဆံမှုတွေခံခဲ့ရ၏။

ယောကျ်ား တစ်ယောက်အနေနှင့် မိန်းမတစ်ယောက်အရိပ်မှာ ကောင်း မခိုလိုပေ။

"မြည်က်သာနဲ့လက်ထပ်ဖို့ မင်းကို အားလုံးအပ်ထားခဲ့တာပါ မြည်က်သာက စိတ်မချရလို့လေ၊ လုပ်ချင်တာကို ဇွတ်လုပ်ပစ်တတ်တဲ့ မိန်းကလေးပါ ... မင်းပြန်ပြီး စဉ်းစားပါဦး ကောင်းရယ်"

ကောင်း ဘယ်လိုစဉ်းစားရမလဲ။

သူ လက်ထပ်မယ့် မိန်းမက မြည်က်သာတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။

ချမ်းသာတဲ့ မိန်းကလေးကို သူ လက်မထပ်လိုပေ။

"မြည်က်သာလို မိန်းကလေးတစ်ယောက်အတွက် ကောင်းထက် အများကြီးသာတဲ့ယောကျ်ားတစ်ယောက်ကိုလည်း တွေ့ဆုံခွင့်ရနိုင်မှာပဲ ကောင်းနဲ့မြည်က်သာတို့ကတော့ လုံးဝမဖြစ်နိုင်ပါဘူး"

"အင်းလေ ... အန်ကယ်ကတော့ ပြောသင့်တာပြောထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီပဲ၊ မင်းတို့နှစ်ယောက် ဖူးစာမပါရင်လည်း မတတ်နိုင်ဘူးပေါ့လေ ... အခုထိလည်း မသင့်မြတ်ကြဘူးပဲ၊ အန်ကယ်ပြန်တော့မယ် ဒီကိုဝင်လာတာ ပြောပြသင့်တာ ပြောပြဖို့ပဲ ကောင်း ... မင်းကို ယုံကြည်ပါတယ်”

ရှေ့နေကြီး ဦးပေါ်ထွန်းက ကောင်းဘက်ကပဲ။

အန်ကယ် ပြန်မည်ဟုပြော၍ မြည်က်သာအပေါ် အလျှော့ပေးဖို့ပြောခဲ့သည်။

“အလျှော့ပေးလို့ မဖြစ်ပါဘူး၊ မြည်က်သာကို စည်းကမ်းတကျပဲ နေထိုင်စေချင်တယ်”

ကောင်း စဉ်းစားနေသည်။

မြည်က်သာကို စည်းကမ်း ပေးကိုပေးရမယ်။

ငွေကြေးကအစ မြည်က်သာ မသိစေရပေ။

ကောင်းကိုယုံကြည်လို့ အပ်ထားခဲ့တာပါ။

သူ တိကျပြတ်သားရမည် ဖြစ်သည်။

ရှေ့နေကြီး ဦးပေါ်ထွန်း ပြန်သွားသည်။

“ညိုပြာ ... နှင့်မမလေးကို ညစာစားဖို့ ခေါ်ပေးပါ”

“ဟုတ်ကဲ့”

အိမ်ဖော်မလေးညိုပြာကို ညစာအတွက် ပြင်ဆင်ခိုင်းပြီး သူ နှင့်ညက် အဆင်ပြေစေရန် ညစာအတူတူစားဖို့ ခေါ်ခိုင်းလိုက်သည်။

“မမလေးက လာခဲ့ပါမယ်တဲ့”

“ဟုတ်ပြီ”

သူ စားသောက်ခန်းမှာ စောင့်နေပေမယ့် မြည်က်သာ တော်တော်နှင့်ဆင်းမလာ။

ညိုပြာကို နောက်တစ်ကြိမ် ထပ်ခေါ်ခိုင်းတော့မှ ဆင်းလာသည်။

“ကောင်း”

“ပြော”

“ညက် ဘဏ်စာရင်းမှာ ငွေထပ်ထည့်ပေးပါ”

“မင်းကို တစ်လတစ်ကြိမ် ကိုယ်ထပ်ဖြည့်ပေးနေကျပဲဟာ၊ မင်းတစ်လတောင် မပြည့်သေးဘူး စည်းကမ်းနဲ့သုံးပါ မြည်က်သာ”

“မလောက်ဘူး ... ဒီလက ညက်မွေးနေ့ပွဲအတွက် အဝတ်အစားတွေဝယ်ရတယ်လေ ... မလောက်ဘူး”

“အဝတ်အစားက မင်းမှာဗီရိုနဲ့အပြည့်ပဲလေ”

မြည်က်သာကို ကောင်းတော်တော်လေး စိတ်ပျက်မိလာသည်။

အဝတ်အစားတွေ တစ်နေ့တစ်ထည်များ လဲနေတာလား။







www.burmeseclassic.com

www.burmeseclassic.com



ဗီရိုကြီးတစ်လုံး အပြည့်အသိပ် အဝတ်အစားတွေထပ်ပြီး ဝယ်နေလျှင် ပိုက်ဆံတွေကို အလဟဿ ဖြုန်းတာပဲဖြစ်သည်။

"မပေးနိုင်တော့ဘူး မင်းမလိုအပ်ပဲ ဖြုန်းပစ်တာလေ"

"ကောင်း ... နင်အကျင့်မယုတ်နဲ့နော်၊ ဘာဖြုန်းပစ်တာလဲ ဖေဖေနဲ့မေမေက နင့်ကိုအပ်ထားတယ်ဆိုပြီး ဒီလောက်လေးသုံးတာ ဘာဖြစ်လဲ"

"ဒီလောက်လေးလည်း မရဘူး၊ စည်းကမ်းက စည်းကမ်းပဲ၊ အန်ကယ်နဲ့အန်တီက ကိုယ်စည်းကမ်းရှိလို့ အပ်ထားခဲ့တာပဲ"

"ငါက သူဌေးသမီး"

"မင်းက မိဘမဲ့ သူဌေးသမီးဆိုပြီး စည်းမဲ့ကမ်းမဲ့လုပ်နေလို့ မဖြစ်ဘူး၊ မင်းရဲ့မိန်းကလေးမပီသတဲ့ လုပ်ရပ်တွေကိုပြင်ပါ"

"ကောင်းနော် ... နင်က ဘာလဲ အဓိပ္ပါယ်မရှိတဲ့ လုပ်ရပ်တွေကို ရပ်တန်းကရပ်"

"မင်းကိုစောင့်ရှောက်ဖို့ ကိုယ့်မှာတာဝန်ရှိတယ် မြည်ကြ်သာ စည်းကမ်းနဲ့ပဲ မင်းအမူအကျင့်တွေ မင်းစိတ်တွေကို ပြုပြင်ပေးရမယ်"

"တောက် ... "

သူမက ဝုန်းခနဲထရပ်သည်။





သူကတော့ အေးဆေးပင်။

မတတ်နိုင်ဘူး မြည်ကြ်သာ။

မင်းစည်းမဲ့ကမ်းမဲ့ အမူအကျင့်တွေကို ပြင်ရမယ်။

မင်းဘဝရှေ့ရေး မလွယ်ဘူး။

ကောင်းကတော့ မြည်ကြ်သာနှင့်လက်ထပ်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပေ။

အချစ်တွေလည်း သူ့ရင်ထဲ မရှိက်ခတ်၊ မြည်ကြ်သာလို မိန်းကလေးမျိုးကိုလည်း သူ လုံးဝ အထင်မကြီးပါ။

အတ္တကြီးနေတာတွေ၊ သူတစ်ပါးအပေါ် ညှာတာ ထောက်ထားမှုကင်းမဲ့နေတာတွေ သူလုံးဝ မနှစ်သက်ဆုံးပဲ။

အန်ကယ်မဟာနှင့် အန်တီဒေဝီကတော့ သူ့ကျေးဇူးရှင်တွေပါ။

ပညာရေးရော စီးပွားရေးနယ်ပယ်မှာပါ သူ့ကိုဝင်ဆန့်စေရန် လုပ်ပေးခဲ့သည်။

"နင် တမင်သက်သက်နဲ့ ငါ့ကိုနှိပ်ကွပ်နေတာ မဟုတ်လား ကောင်းကင်ယံ ... ပြောစမ်း ... နင်ဘာအချိုး ချိုးနေတာလဲ၊ ငါ့မိဘပစ္စည်းတွေလေ နင်ဘာဖြစ်လို့ လက်ဝါးကြီးအုပ်ထားရတာလဲ"

"မင်း ဘယ်လိုပဲစွပ်စွဲနေပါစေ၊ ကိုယ်ကတော့ လုပ်စရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စ ဆက်လုပ်ရမှာပဲ၊ မြည်ကံသာ … ကိုယ်က လူကြီးမိဘတွေ မျက်နှာပဲ ကြည့်ရလိမ့်မယ်"

"ကောင်း … နင်လူပါးမဝနဲ့နော်၊ အေး … နင်လုပ်ထားဦး ပေါ့၊ အခု … ငါ့မှာချစ်သူရှိနေပြီ၊ နင့်ကို အတိအလင်းပြောထားတာ ပဲ"

"ဘာပြောတယ်"

"ငါ့မှာချစ်သူရှိနေပြီလို့ ပြောတာလေ … မင်းထင်ကိုကိုတဲ့ နိုင်ငံခြားကနေ ပညာသင်ပြီးပြန်လာတာ၊ ကလေကချေ အောက် တန်းစားမဟုတ်ဘူးနော် ကောင်း … "

မြည်ကံသာမှာက ချစ်သူတောင်ရှိနေပြီလား။

သူ စိုးရိမ်ပူပန်မှုတော့ဖြစ်သွားသည်။

မင်းထင်ကိုကိုတဲ့။

ဘယ်လိုလူမျိုးလဲ။

သူ့မှာစီစစ်စုံစမ်းပေးရမည့်တာဝန်ရှိနေသည်ဟု ထင်နေ၏။

မြည်ကံသာ ချစ်သူရှိတာမထူးဆန်းပါဘူး။

ချောမောလှပလွန်းတဲ့ မိန်းကလေးပဲ။

ဒါကြောင့်လည်း တန်ဘိုးကြီးမားတဲ့အပြစ်ဟူ၍ မြူမှုန် တစ်မှုန်မျှပင် မရှိသည့်မိန်းကလေး ဖြစ်စေချင်ခဲ့သည်။





"ထိုင်ဦး … မြည်ကံသာ"

"ပြော"

"မင်းမှာ ချစ်သူရှိနေပြီ ဟုတ်လား"

"ဟုတ်တယ်လေ"

"ကိုယ်နဲ့တွေ့ပေးပါ"

"ငါ့ရဲ့ ကိုယ်ရေးကိုယ်တာတွေအထိ နင်လိုက်ပြီးစည်းကမ်း ပေးစရာမလိုဘူး ကောင်း"

"မင်း … မင်း ထမသွားနဲ့ဦး၊ ဒီကိစ္စ အရမ်းအရေးကြီးတယ်၊ မင်းချစ်သူကို ကိုယ်တွေ့မှဖြစ်မယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ် … မင်းကလုပ်ချင်တာစွတ်လုပ်တတ်တဲ့ မိန်း ကလေးပဲ မြည်ကံသာ … မင်းဘဝအဆုံးအထိ ငါစောင့်ရှောက်ပေးရ မယ်"

"ကောင်းပြီလေ … ငါ့ချစ်သူက လုံးဝအပြစ်ကင်းစင်တဲ့လူပဲ နင်တောင် မနာလိုဝန်တိုဖြစ်သွားရမယ် … လုံးဝပဲ"

မထူးတော့ဘူး။

ကိုကိုနဲ့သူမ ချစ်သူအဆင့်တွေ မကြာခင် ရောက်ကြတော့ မှာ ညက်သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ...

နင်လာပြီး ဆရာ လုပ်လို့ရမယ်ထင်လား။

ဖခင်နှင့်မိခင်က ယုံကြည်စိတ်ချစွာ အပ်ထား၍ ညက် ကလန်ကဆန် မလုပ်ချင်ပေ။

ငွေတွေကိုလည်း လက်ဝါးကြီးအုပ်ထားပြီး စာရင်းတွေ မသိခဲ့။

တစ်လတစ်ခါ ဘဏ်စာရင်းမှာ ငွေထည့်ပေးထားတာ အသုံး စရိတ်များသွားလျှင် ထပ်မရတော့။

ညက်ဝယ်ချင်တာတွေက အများကြီးပဲ။

သူငယ်ချင်းတွေ အလယ်မှာလည်း မျက်နှာငယ်ရသည်။

မသုံးနိုင် မစွဲနိုင်။

ကောင်းကို လုံးဝ မကျေနပ်။

သူ့အရိပ်ကနေ ရုန်းထွက်ပစ်ဖို့ပဲ ညက် ကြံစည်နေသည်။

"တစ်ပတ်အတွင်း ခေါ်လာမယ် ... ကိုကိုက လူကြီးလူ ကောင်းတစ်ယောက်ဆိုတော့ နင်သတိထားပြီး ပြောဆိုဆက်ဆံပါ"

"မိန်းကလေးဆိုတာ အရမ်းအညှာလွယ်လို့မဖြစ်ဘူးနော် မြညက်သာ ... ယောကျ်ားဆိုတာ ကျားပဲ၊ ဟို ... ကိုယ်ပြောချင် တာက မင်းသဘောပေါက်မှာပါ အလုံးစုံ မပေးဆပ်မိပါစေနဲ့ မင်း





သတိထားပါ"

သူ ဆုံးမစကားတွေကို ဘယ်ကနေဘယ်လို စပြောရမှန်း မသိ။

ရင်ထဲမှာလည်း ပေါ့ပျက်ပျက်နေထိုင်တတ်တဲ့ မြညက်သာ အတွက် သောကတွေ ဝင်ရောက်နေသည်။

မိခင်တစ်ယောက်လို ... ဆုံးမသွန်သင်စကားတွေကို ယောကျ်ားလေးတစ်ယောက် ဖြစ်နေ၍ အဆုံးအထိ ပွင့်လင်း၍မရ။

မြညက်သာ သူ့ကိုရွဲ့ပြီး မဟုတ်မဟတ်တွေ လုပ်ပစ်မှာ လည်း စိုးရိမ်မိသွားသည်။

"မြညက်သာ မင်း ... မင်း ကိုယ့်ကိုရွဲ့ပြီးတော့တော့ ချစ်သူ ရည်းစားတွေမထားပါနဲ့"

"ချစ်သူထားတာပဲ ငါက နင့်ကိုရွဲ့စရာလား ကောင်း ... လုံးဝမဟုတ်ဘူး ကိုကိုက မိန်းကလေးတစ်ယောက် အားကိုးချင် လောက်အောင် အရည်အချင်းတွေနဲ့ ပြည့်စုံတယ်၊ နင့်လိုအေးစက် စက် မထုံတတ်တေးနဲ့ လူ့ဂွစာမဟုတ်ဘူး"

"မင်း ..."

"ကျွန်မထသွားလို့ရပြီလား ကျွန်မကို စည်းကမ်းတွေပေးနေ တာ ဘယ်သူ့အကျိုးအတွက်လည်း နင်အသိဆုံးဖြစ်မှာပါ"

သူမ မျက်ဝန်းတွေထဲမှာ သူ့ကိုရန်သူတစ်ယောက်ကဲ့သို့ မုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးနာကျည်းမှုတွေ စီးမျောနေပုံပင်။

ကောင်းလည်း ဘယ်လိုဖြစ်သွားမှန်းမသိအောင် မြညက်သာအား မျက်စိအောက်ကနေ အပျောက်မခံနိုင်အောင် စိုးရိမ်ပူပန်သွားရသည်။

“ကျွန်မ ကိုကိုနဲ့ ကြိမ်းသေလက်ထပ်မှာနော် ... နင်ကန့်ကွက်ဖို့ မကြိုးစားနဲ့ ... မြညက်သာကို စောင့်ရှောက်မယ်ဆိုရင်ပေါ့လေ”

“မြညက်သာ”

“သွားပြီ”

သူ ဘယ်လိုမှတားဆီးပိုင်ခွင့်မရှိဘူးဆိုတာသိနေသည်။

မင်းကိုလည်း ကိုယ်မတားဆီးချင်ပါဘူး။

မင်းချစ်သူက မင်းပြောသလို လူတော်လူကောင်းဖြစ်နေရင်ပေါ့လေ။

ဒီလိုမှမဟုတ်ရင်တော့ ကိုယ် ရတဲ့နည်းနဲ့ တားဆီးပစ်မယ်။

မြညက်သာ ထွက်သွားတော့မှ သူ ယောင်ချာချာနှင့် ဘာဆက်လုပ်ရမှန်းမသိဘဲ ကျန်ရစ်ခဲ့သည်။

အခန်း ( ၅ )

“ကိုကိုက ဘယ်လိုလူမျိုးလဲဝေ ... ဒီအရွယ်ရောက်မှ အမြီးမပေါက်ရင် ဘာမျောက်လဲဟ ... လူပျိုကြီးဆိုတာ သေချာလား”

“မသိဘူးလေ ... ကိုကိုက အမေရိကားမှာနေတာ၊ ဝေ့အစ်ကိုက ဆုံးသွားပြီဆိုတော့ ဝေတို့နဲ့လည်း အဆက်အသွယ်ပြတ်သွားတယ်”

ကိုကိုရေ ... မြညက်သာကတော့ ကိုကို့အကြောင်းတွေ အပြတ်ကြွားထားတာနော်။

ကိုကို လူပျိုလူလွတ်လားဆိုတာတောင် မရေမရာ။

ကောင်းကိုတော့ နည်းနည်းလေးမှအလျှော့ မပေးချင်ပါဘူး။

ညက်ချစ်သူဟု ပြောပြီးသွားပြီ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညက်ကိုတော့ ချစ်ပုံပဲဟာ အမြဲတမ်း ညက်အကြောင်းတွေကို မေးနေတတ်တယ်၊ ဘယ်လိုလဲ ညက် အမိဖမ်းထားမလား"

"ကိုကို့အကြောင်းတွေမှ ကိုယ်မသိသေးတာ"

"ကိုကို့မှာ မိဘတွေမရှိကြတော့ဘူး ... နင် ဘယ်လောက်ကောင်းလဲ၊ ယောက္ခမနဲ့မဆက်ဆံရတော့ဘူးလေ"

"ဟုတ်တယ်ဟ"

"အပိုင်ချုည်ထားလိုက် ... အိုက်တင်ခံမနေနဲ့ညက်၊ နင့်ဘဝတစ်သက်တာခိုင်တယ်နော်"

ခက်နေတာက တွဲသာတွဲနေတယ် ကိုကို့ထံမှ ချစ်တယ်ဆိုတဲ့စကား မကြားရ။

အတိအလင်း ချစ်သူ ရည်းစားဖြစ်ဖို့ကမလွယ်။

ကောင်းကို ပြောထားပြီးပြီ။

တစ်ပတ်အတွင်း ကိုကို့ကိုခေါ်လာမယ်လို့။

"ညက် ... ရှင်ဘာတွေ စဉ်းစားနေတာလဲ၊ တွေဝေနေတယ် ကောင်းကတော့ ငွေအတွက်နော် ယောက်မ"

"ရှင့်ကိုကြည့်မရတာ ခက်တယ် ... ကျုပ်က အမြန်ဆုံးပေးချင်နေတာ"

"မခက်ပါဘူး ယောက်ျားလေးပဲဟာ ... မိန်းမမာယာ





ထောင်ချောက်ထဲ လျှောခနဲ ဝင်လာတတ်တဲ့အမျိုးအစားတွေ"

"ကောင်းက မာကျောတယ်နော် ... မာနကလဲကြီးကြီးပဲ၊ စည်းကမ်းတွေ ဂုဏ်သိက္ခာတွေနဲ့ ကြီးကျယ်ခမ်းနားတယ်"

"ဝေနဲ့တွေ့ရင် သံမဏိတောင် အရည်ပျော်သွားမယ်"

"အရေးကြီးတာက ညက်ပဲ ... ကိုကိုနဲ့ချစ်သူတွေဖြစ်သွားပြီလို့ ပြောထားတယ်၊ တစ်ပတ်အတွင်း ခေါ်လာမယ်လို့ ကြွားထားတယ်"

"ဟယ်"

"ဘယ်လိုလုပ်ရမှန်းမသိတော့ဘူးဟာ ... သေချင်တာပဲ"

ကိုကိုကလည်း ဖုန်းမဆက်သေးဘူး။

ညက်က စပြီး အဆက်အသွယ်လုပ်ဖို့ကလည်း မိန်းကလေးက အရှက်မဲ့ သိက္ခာမရှိ အထင်သေးသွားမှာလည်း ကြောက်မိသည်။

"ညက် မပူနဲ့ ... ဝေဆက်သွယ်ပေးမယ်၊ နင်အပြတ်ညှုးကလီးယားလွှတ်နော် ... "

"အင်း"

ကောင်း ... နင့်ကြောင့်ပဲသိလား။

မြည်က်သာဆိုတာ မာနတံခွန်တွေ မိုးပေါ်ထိလွှင့်တင်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



မြည်းကိုသာဘ ပျက်စီးရင်လည်း နင်တရားခံပဲသိလား။

"ဟဲ့ ... ညက် ... အဆက်အသွယ်ရပြီ၊ ကိုကိုကလာခဲ့မယ်တဲ့"

"ဟုတ်လား"

"ကိုကိုရောက်လာရင် ဝေရှောင်ပေးမယ်သိလား ... နင်ကြည့်လုပ်၊ နင်မြန်မြန်စွန်မှ ကောင်းနေ့ငါ နီးစပ်သွားမှာ"

ကိုကိုရောက်လာမယ်ဆိုတော့ ညက် အိတ်ထဲကနေ မှန်လေးထုတ်ပြီး အလှပြင်သည်။

"လှပြီးသားပါဟယ် ညက်ရ ... နင်က စွဲမက်စရာကောင်းတယ်၊ ဒါကြောင့်လေ ... သွေးမတော်သားမစပ် နင့်လိုအလှပဂေးချမ်းသာကြွယ်ဝတဲ့ သူဌေးသမီးကို ရိုးရိုးသားသားဆက်ဆံနိုင်တဲ့ကောင်းရဲ့ကိုယ်ကျင့်တရားက မိန်းကလေးတစ်ယောက် မှီခိုအားထားသင့်တဲ့ ယောကျ်ားဟ"

"တော်စမ်းပါ ... မထိုတတ်တေး အေးစက်စက် ဆရာကြီးဒီနိုင်းနဲ့ အမြင်ကတ်တယ်"

မြည်းကိုသာ အမြင်အကတ်ဆုံးက ကောင်းရဲ့ ကြီးကျယ်ခမ်းနားနေမှုကိုပင်။

သူမအား စိတ်မဝင်စားသလို နေထိုင်မှုက ပို၍ မုန်းတီးစရာ





ကောင်းနေသည်။

ကြည့်လေ ညက်မှာချစ်သူရှိနေပါပြီ ပြောတာတောင် နည်းနည်းလေးမှ လှုပ်ရှားမှုမရှိဘဲ အုပ်ထိန်းသူ တစ်ယောက်ရဲ့ အိုက်တင်က အပြည့်။

သူ အဲဒီလိုကြီးလုပ်နေတာကိုပဲ မကြိုက်တာပါ။

"ဟော ... ကိုကို လာပြီ ညက်"

အံ့ဩစရာကောင်းတာက ကိုကိုရောက်လာတာကို ညက်ရင်မခုန်ပေ။

အရမ်းထိတ်လန့် တုန်လှုပ်သွားမယ် ထင်ထားတာပါ။

သူမ နှလုံးသားက အေးစက်စက်။

ကိုကို့ကို မာယာနှင့်ထောင်ချောက်သွင်းဖို့ ကြံစည်ရုန် သူမစိတ်ကမလိုလားသလိုကြီးပင်။

မာနကို ထိပါးလို့ထင်တယ်။

"ကိုကိုလာပြီဆိုတော့ ဝေခဏအပြင်သွားစရာရှိတယ်၊ အခုမှအကြောင်းပေါ်လာလို့လေ ညက်နဲ့ခဏလောက် အဖော်လုပ်ပေးပါလား"

"အင်း ... လုပ်ပေးရမှာပေါ့ ... ကိုယ်လည်း ညက့်ကိုတွေ့ချင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တွေ့လား ... ညက်သာမ ကိုကိုက ရှင့်ကိုအမြဲတမ်း သတိရ လွမ်းဆွတ်တမ်းတနေတာပါလို့"

"ဝေနော်"

ဝေမျက်စလေးပစ်ပြီး ထွက်သွားသည်။

ညက် ကျန်ခဲ့၏။

စားသောက်ဆိုင်က လူရှင်းပြီး သီးသန့်ဖြစ်နေ၍ သူမစိတ်က မလုံ။

တကယ်တမ်းကျတော့ ကိုကို့အကြောင်းမှ ညက်မသိတာ။

ကိုကို လူလွတ်လား။

မိသားစုအကြောင်းလည်း မသိ။

သူမ မှားသွားပြီထင်တယ်။

ကောင်းကြောင့်ပါ။

သူမ လွတ်လပ်ချင်တာမဟုတ်လား။

ဖြစ်ချင်ရာဖြစ် ကိုကိုလည်း မဆိုးပါဘူး။

"မြညက်သာ"

"ရှင်"

"ကိုကို့အကြောင်းတွေးနေတာလား"

"ရှင်"





"ဟား ... ဟား ... ဟား ... မြညက်သာက ရိုးသားပြီး ဖြူစင်တာပဲ"

"ဟုတ်တယ် ... ကိုကို့အကြောင်းတွေပဲ အခုတလော တွေးနေတယ်၊ ကိုကိုက လူလွတ်လား ... မိဘဆွေမျိုးအသိုင်းအဝန်း တွေအကြောင်းလေ"

"ဟုတ်ပါပြီ ... မြညက်သာ သိချင်နေတဲ့ ကိုကို့အကြောင်း တွေပြောပြပေးပါ့မယ်ဗျာ ... ကျေနပ်လား"

"အင်း ..."

ကိုကို့အကြည့်တွေက သူမထံ စူးခနဲရောက်လာသည်။

ကိုကို့မျက်ဝန်းတွေထဲမှာတော့ အချစ်တွေလား ရွှန်းလဲ့ တောက်ပမှုတွေ လွှမ်းနေ၏။

အရေးကြီးတာက ကိုကိုနှင့်တစ်ပတ်အတွင်း ချစ်သူတွေ ဖြစ်ရဖို့ပဲ။

ညက်မာနတွေကို ဘေးဖယ် ချထားနိုင်မှဖြစ်မည်။

သူမအကြည့်တွေထဲမှာလည်း နူးကလီးယားတွေ မရမက အတင်းအကြပ် ထည့်သွင်းထားရသည်။

"တကယ်တော့ ကိုကိုက လူလွတ်တစ်ယောက်မဟုတ်ဘူး မြညက်သာ"


www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

"အရမ်းထိတ်လန့်သွားပြီလား ကလေးရယ်"

ကလေးရယ်တဲ့ ကိုကို့အသံတွေက ကြေကွဲဆွေးမြည့်နာကျင်နေသည်။

ဘာကြောင့်မှန်းမသိ ... ကိုကို့အနားကနေ သူမထ၍ထွက်ပြေးသွားချင်မိလာ၏။

ကိုကိုနှင့်ညက်က မိတ်ဆွေတွေပဲ။

ကိုကိုအမှန်အတိုင်း လွတ်လွတ်လပ်လပ် ရင်ဖွင့်ပြတာပဲထင်တယ်။

ကိုကိုက မိန်းကလေးတွေနဲ့ ပတ်သက်မှုက ဝါရင့်နေပါပြီလို့ ထင်မိ၏။

သူမက ချစ်သူတွေဖြစ်နေကြပါပြီလို့တောင် ကောင်းကိုပြောထားမိ၍ အထိတ်တလန့် ဖြစ်သွားရသည်။

"ကလေး"

"ရှင်"

ကလေးဆိုတဲ့အသံနှင့်အတူ ကိုကို့မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ ဖုံးလွှမ်းသွားသည်။

သူမ အရမ်းကြီး ယုံကြည်လို့မဖြစ်ဘူး။





ကောင်းရှေ့မှာ ဦးကျိုးသွားမှာလည်း ကြောက်ရသေး၏။ အချစ်ဆိုတာကိုပင် ညက် မယုံကြည်သလို ဖြစ်နေသည်။

"ကိုကို မိန်းမတစ်ယောက်ရဲ့ ထောင်ချောက်ထဲ မထင်မှတ်ဘဲ တိုးဝင်ခဲ့မိတယ်"

"ရှင်"

မြညက်သာကလည်း ကိုကို့ကို မာယာထောင်ချောက်ဆင်မလို့။

ကိုကို့စကားကို မြညက်သာ ယုံရမလား။

"ကိုကို့ကို အကြွပ်ကိုင်လက်ထပ်စေခဲ့တာပါ ... ကိုကိုလက်ထပ်လိုက်ရပေမယ့် အချစ်ဆိုတာ မပါဘူး"

မြညက်သာကို သူချစ်သည်။

ခတ်ပုံလေးကိုမြင်တာနှင့် စွဲလမ်းနှစ်သက်ခဲ့ရ၏။

သူ မြန်မာပြည်ပြန်ဖို့ ပြင်ဆင်နေစဉ်မှာပင် လွန်ခဲ့တဲ့ ငါးလလောက်က မိန်းကလေးတစ်ယောက်နှင့် ငြိစွန်းမိသွားသည်။

အရက်တွေ အလွန်အကျွံသောက်မိသွား၍ မိန်းကလေးနှင့်အိပ်စက်မိသဖြင့် လက်ထပ်ယူလိုက်ရသည်။

"အဲဒီမိန်းမက ကိုကို့ကို အချစ်ထက် ဂုဏ်ကိုမက်မောတာရယ်၊ ကိုကိုရဲ့ ချမ်းသာကြွယ်ဝမှုကို ပိုင်ဆိုင်ချင်တာရယ်ကြောင့်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ချာညို့မေက ပါတီတွေတက်တယ်၊ ယောကျာ်းတွေကိုလည်း သူမရဲ့ ကစားစရာ အရုပ်လေးတွေလို သဘောထားတာပါ"

"ဟုတ်လား"

"ညက်လေးက ဖြူစင်တယ်၊ ကိုကိုစွဲလမ်းနှစ်သက်ခဲ့တယ်၊ မင်းမျက်လုံးလေးတွေကိုကြိုက်တယ် ... ရိုးသားလို့လေ"

"ကိုကို အရမ်းချီးမြှောက်လွန်းနေပြီထင်တယ်၊ မျက်ဝန်းထဲမှာ ရိုးသားမှုတွေ ရှိမနေနိုင်ပါဘူးနော် ... မြညက်လည်း ဆိုးပေပေ လေးပါ"

"ညက်က အရမ်းကလေးဆန်တယ်၊ ပါတီပွဲတွေလည်းတက် နေတာမတွေ့ဘူး၊ ဝေတောင် တက်တယ်"

ကောင်းကြောင့်လေ။

ကိုစည်းစနစ်ကြီးက မျက်စိအောက်ကမှ အပျောက်မခံတာ။

ယောကျာ်းတစ်ယောက်က ချီးကျူးတယ်ဆိုတော့လည်း ကောင်းကျေးရှူးပေါ့။

မြညက်သာကလည်း ကောင်းအပေါ်ပဲ မကျေနပ်ချက်တွေ အစိုင်အခဲဖွဲ့ပြီး ပြဿနာ ရှာပစ်တတ်သည်။

"လောလောဆယ်တော့ ကိုကိုနဲ့ ချာညို့မေတို့ ရန်ဖြစ်ပြီး ပြတ်စဲဖို့အထိ ပြောထားခဲ့တယ် ... ချာညို့ရောက်လာတာနဲ့ ကွာ





ရှင်းကြဖို့ နှစ်ဦးစလုံး သဘောတူထားကြတယ်"

ကိုကို ကွာရှင်းတော့မယ်ဆိုရင်လည်း မဆိုးပါဘူး။

အချစ်တွေကို ခံစားလို့မရသေးပေမယ့် ကိုကိုနှင့်တော့ မလွဲမသွေ ချစ်သူအဆင့်ရောက်မှ ဖြစ်မည်ဖြစ်သည်။

"ကလေးကို လိမ်ညာပြောဆိုတာတွေ ကိုကိုမလုပ်ချင်ပါဘူး အမှန်အတိုင်းပဲ ဝန်ခံချင်တယ် ... ကိုကို့စကားတွေကိုယုံပါ။ ကိုကို ဘဝသေနေခဲ့တာ ကြာပါပြီ"

"ကိုကိုရယ်"

မြညက်သာကလည်း မလွဲမသွေ မာယာကွန်ယက်ဖြန့် ကျက်ရတော့မည်ဖြစ်သည်။

"ညက်တော့လေ ခုထိ အချစ်ဆိုတာကို မသိသေးဘူး ... တကယ်တော့ ညက်ဘဝလည်း အထီးကျန် နေတာပါနော်၊ ညက်ဘဝကို ဝေပြောပြမှာပေါ့။ ဒရိုင်ဘာသားကို အပ်ထားခဲ့တာပါ၊ အဲဒီကောင်က စည်းကမ်းတွေ တင်းတင်းကြပ်ကြပ်နဲ့ ဖိနှိပ်ထားခဲ့ တယ်လေ"

"ဝေပြောပြပါတယ် ကိုကို ကိုယ်ချင်းစာမိပါတယ်ကွာ၊ တကယ်တော့ ကိုကိုလည်း ငယ်ရွယ်သေးတဲ့အရွယ်မှာပဲ မိဘမဲ့ခဲ့ရ တာပါ။ ဆွေမျိုးတွေလက်ထဲကြီးပြင်းခဲ့ရတယ်လေ ... ကိုကို မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပြည်မှာပဲ နေတော့မယ်၊ ကုမ္ပဏီထောင်မယ် ခွာညိုမေနဲ့ကွာရှင်းမယ်”

အရေးထဲမှာများ ကိုကိုက ပြဿနာတန်းလန်းနဲ့ ကောင်းက လူလည်း စုံစမ်းစစ်ဆေးဦးမှာ။

ကိုကို့ကိုတော့ ကောင်းဆီ မဖြစ်မနေ ခေါ်သွားရမှာပဲ ဖြစ်သည်။

“ကဲပါ ကလေးရယ် ... ကိုယ်ရေးကိုယ်တာကိစ္စတွေ ဘေးဖယ်ထားလိုက်ကြစို့နော် ကလေးဘယ်သွားချင်လဲ ... ဘာလုပ်ချင်လဲ ... ကိုကိုအဖေါ် လုပ်ပေးမယ် ... ဘယ်လိုလဲ”

မြညက်သာ မျက်နှာလေးကို သူငေးမောကြည့်မိသည်။

ခွာညိုမေနဲ့ တခြားစီပဲ မျက်နှာပြင်ဖွေးဖွေးနုနုလေးက မိတ်ကပ်တွေ ချယ်သထားခြင်းမရှိဘဲ သဘာဝ ပန်းသွေးရောင်ထကာ ချောမွတ်နေသည်။

ကိုကို နှစ်သက်မိတာက မြညက်သာရဲ့မျက်ဝန်းနက်နက်ကျယ်ကျယ်လေး တစ်စုံပဲ အပြစ်ကင်းလိုက်တာ။

မြညက်သာဆိုတာက အရောင်မရှိ အဖြူရောင်သက်သက် ကိုကို သိနေသည်။

“ပြောလေ ... မြညက်သာ ဘာလုပ်ချင်လဲ”





“Shopping ထွက်မယ် ကိုကို ... အင်း မဖြစ်သေးပါဘူး။ ဘဏ် စာရင်းမှာ ငွေလက်ကျန်က နည်းနေတယ်၊ ဟိုကောင်က လကုန်မှ ထည့်ပေးမှာတဲ့လေ”

“မြညက်သာရယ် ... မင်းနဲ့ပတ်သက်နေတဲ့ မင်းထင်ကိုကိုက ငမွဲမဟုတ်ပါဘူး ... ကဲ ... ထ ... မင်းစိတ်တိုင်းကျ ဈေးဝယ်ထွက်စေ”

“ဟာ ... ဟိုလေ ... ညက် အဲဒီလိုကြီးတော့ သူများပိုက်ဆံ မသုံးချင်ပါဘူး၊ ကိုကိုတစ်မျိုးမထင်နဲ့နော် ... ညက်က လွတ်ခနဲ ထွက်သွားတာပါ”

ညက်ကယောင်ပြီး ပြောလိုက်မိတာပါ။

ကိုကို ဘယ်လိုထင်သွားမလဲ။

မျက်နှာတော့ ပူသွားသည်။

“မင်း ရိုးရိုးသားသား မင်းဖြစ်ချင်နေတာကို ပြောတယ်ဆိုတာ ကိုကိုသိပါတယ် ... ကလေးကို အထင်မသေးပါဘူးကွာ၊ ကိုကိုလည်း ပျင်းနေတယ် ... Shopping ထွက်ကြမယ်၊ ကိုကို့အတွက်လည်း လိုအပ်လေးတွေ ကြည့်ပေးဦး”

“အဲဒါတော့ ညက် မကြည့်တတ်ပါဘူးနော် ... ”

“ဟုတ်သားပဲ မြညက်သာက ချစ်သူမှမထားဘူးတာ၊



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးပစ္စည်းတွေ ဘယ်ဝယ်ပေးတတ်မှာလဲ”

“ဟုတ်တယ် ... ဟုတ်တယ်”

ဒုက္ခပါပဲ။

ကိုကိုနှင့်တရင်းတနှီးဖြစ်စေဖို့ ညက်အလိုက်အထိုက် ပြော နေပေမယ့် ကိုကို့ကို ချူနေတယ်ဟု ထင်မှာလည်း ကြောက်မိ သည်။

ညက်မှာ မာနရှိပါတယ်။

ယောကျ်ားလေးတွေနှင့် ရှုပ်ရှုပ်ယှက်ယှက်လည်း ညက် မလုပ်ဖူးပါဘူး။

ကောင်စုတ် ...

နင့်ကြောင့်လေ ...

ရှက်လည်းရှက် ...

ခန္ဓာကိုယ်လေးလည်း ထူပူနေပြီး မထူးတော့ပါဘူးဟု တွေး၍ လိုက်လာခဲ့လေသည်။

အခန်း ( ၆ )

ညက် သဘောကျသည့်အရိပ်အကဲ မပြရဲလောက်အောင် ညက်ကိုင်လိုက်သမျှ အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ပေးနေ သည်။

ကိုကို လိုအပ်တာတွေကိုလည်း ညက်နှင့်တိုင်ပင်သေး၏။

ကောင်းနဲ့ တခြားစီပဲ။

နင်က မြညက်သာအပေါ် မေတ္တာနည်းနည်းလေးမှမရှိဘူး။

အညိုးကြီးတဲ့ကောင် စိတ်ထဲမှာအလိုမကျသလိုလို။

မြင်တွေ့သမျှ ကောင်မလေးတွေက ကိုကို့ကို ဝိုင်းငမ်းနေ ကြသည်။

“ညက်တွေ့တယ်နော် ... ကိုကို့ကို ဝိုင်းငမ်းနေကြတာလေ မနာလိုမဖြစ်ဘူးလား”

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တာပေါ့ ... မျက်စောင်းထိုးပစ်လိုက်တယ် ... ဟွန်း"

ညက် မနာလိုမဖြစ်ပါဘူး။

ရှက်နေတာနှင့်ပဲ သူမအနေရ အထိုင်ရခက်နေ၏။

မြန်မြန် ပြန်ချင်တာပါ။

အချိန်တွေကလဲ ကြာနေပြီ။

ကောင်း ဖုန်းဆက်ပေမယ့် သူမ ပိတ်ထားလိုက်သည်။

ညက်ကို ဆူပွက်တော့မယ်။

အညှာမလွယ်နဲ့ဆိုတာက တစ်မျိုး။

"ပြန်ကြရအောင်နော်ကိုကို ... ဝယ်ထားတဲ့ပစ္စည်းတွေကလည်း မသယ်နိုင်တော့ဘူး၊ အိမ်ကိုယူသွားဖို့တောင် လန့်နေတယ်"

"ကောင်းကင်ယံကြောင့်လား ဘာမှမကြောက်နဲ့ ကိုကိုက ညက်ချစ်သူလို့ ပြောလိုက်လေ"

"ရှင် ... အဲလိုမျိုး ပြောလို့ဖြစ်မလား ကိုကို"

"သိပ်ဖြစ်တာပေါ့ကိုကိုက နှစ်နာစရာမရှိတာ ... တကယ်လည်း ချစ်သူတွေဖြစ်ချင်နေတာပါ"

"မဟုတ်တာ"

သူမ ပြာပြာသလဲနှင့် ငြင်းပစ်လိုက်သည်။

ကိုကိုနှင့်ချစ်သူတွေဖြစ်ဖို့ သူမရင်ထဲက အမှန်တကယ် ဆန္





မဟုတ်။

ဘာပဲဖြစ်ဖြစ် ကိုကိုက လူလွတ်မှမဟုတ်သေးတာ။

ပွင့်ပွင့်လင်းလင်း လိမ်ညာ လှည့်ဖြားမှုမရှိတာကပဲ ကိုကိုရဲ့ ရိုးသားမှုလား။

သူမထက် ငါးနှစ်လောက်ကြီးမည့် ကိုကိုက လူကြီးတစ်ယောက်လို သူမအား ကလေး ကလေးဟုခေါ်နေတတ်တာလည်း ညက် မနှစ်သက်သလိုပင်။

သူမ ကားပေါ်ပစ္စည်းတွေ ပြည့်ကြပ်အောင် တင်သည်။

"ကိုကို ဖုန်းဆက်မယ်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်းပြန်လို့ဖြစ်တယ်နော် ညက်"

"အင်း"

"ဘိုင်"

ကိုကိုက လက်ပြနှုတ်ဆက်သည်။

ကိုကို့ စတိုင်လ်က စမတ်ကျလွန်းပြီး ခန့်ညားချောမောနေပေမယ့် တစ်စုံတစ်ခု လစ်ဟာနေသည်ဟု ထင်သည်။

ကိုကို့မှာလက်ထပ်ထားတဲ့ ဇနီးရှိနေ၏။

ဘယ်လောက်ပဲကွာရှင်းဖို့ စီစဉ်ထားပါစေ ညက်ယုံကြည်လို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။

ပစ္စည်းတွေက အများကြီးပဲ ကောင်း ဘာပြောမလဲ။

ဟွန်း ...

ပြောချင်တာ ပြောပါစေ။

နင့်ကို ဂရုမစိုက်ဘူး။

ညက်ချစ်သူက ဘယ်လောက်အထိ ချမ်းသာကြွယ်ဝလည်း ဆိုတာ ပြရမယ်။

သူမ တိုက်ထဲ ဝင်လာခဲ့သည်။

"မြညက်သာ"

"ကျွန်မ်ကိုစောင့်နေတာလား"

"မင်း ဘယ်ကနေပြန်လာတာလဲ"

"ရွှေပင်လေ ... ကိုကိုနဲ့ ..."

သူမပစ္စည်းတွေ တပွေ့တပိုက်နှင့် အိမ်ဖော်ကောင်မလေး ညီပြာ ဝိုင်းကူ၍ အခေါက်ခေါက်အခါခါ သယ်ပေးရသည်။

"ကိုကိုက ဝယ်ပေးတာတွေပါ။ ညက်မှာက ပိုက်ဆံကုန်နေပြီလေ ... ကောင်းကို ပြောသားပဲ ... ညက်အဝတ်အစားတွေ ဝယ်ချင်ပါတယ်လို့"

"မင်း တော်တော်လေးစည်းကမ်းမဲ့တာပဲ မြညက်သာ"





"ဘာပြောတယ်"

သူမအား အမြဲတမ်း မညှာမတာ ချိုးချိုးနှိမ်နှိမ်ပြောဆိုနေတာတွေကို မကြိုက်တာဘဲ။

ဒေါသထွက်ရသည်။

သူမမှာ ချစ်သူရှိနေတာ ကောင်း မနာလိုဝန်တိုခြင်း မရှိတာလည်း ညက်မကျေနပ်။

သူမအပေါ် နည်းနည်းလေးမှ အကြင်နာတွေ သံယောဇဉ်တွေ မရှိဘူး။

"မင်း ရွေးချယ်ထားတဲ့ချစ်သူကို ကိုယ်စုံစမ်းစစ်ဆေးမယ်၊ သက်ခံနိုင်တဲ့အခြေအနေလားဆိုတာ ကိုယ်သိကိုသိမှဖြစ်မယ်ညက်၊ မင်းရဲ့အုပ်ထိန်းသူ သဘောမကျရင် မင်းလက်ထပ်ခွင့်မရှိဘူးနော်"

"ဘာဆိုင်လို့လဲ ... ညက်က အရွယ်ရောက်နေပြီ၊ အသက်လည်းပြည့်တယ်၊ ပြီးတော့ ... ကျွန်မရွေးချယ်တဲ့သူကို သဘောမကျစရာ ဘာအကြောင်းမှမရှိဘူး၊ ပြည့်စုံတယ်"

"အဲဒါ မြညက်သာရဲ့ သတ်မှတ်ချက်ပဲလေ ... ကိုယ်လည်း စုံစမ်းစစ်ဆေးမယ်"

အရှုံးကောင် နင်နဲ့ဘာဆိုင်လို့လဲ။

သူမ နည်းနည်းလေးမှ မကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ဂရုမစိုက်ဘူး။

ရှင်နဲ့တော့ လုံးဝမဆိုင်ဘူးနော်ဟု ပြောပြီး အပေါ်ထပ် တက်လာခဲ့သည်။

"တကယ်ပဲ ... နင့်ကြောင့် ငါ့ဘဝကြီး ရေစုန်မှာမျောရ တော့မယ် ကောင်းစုတ်ရဲ့ သိရဲ့လား ..."

ဝယ်လာတဲ့ပစ္စည်းတွေကို ဂုန်းခနဲ ပစ်ချလိုက်သည်။

ဈေးအကြီးဆုံး ညက်အနုစ်သက်ဆုံး အဝယ်ချင်ဆုံး အသုံး အဆောင် ပစ္စည်းတွေပါ။

ဒါပေမဲ့ ... ညက်ခံစားလို့မရ။

အပျော်တွေ ပျောက်ဆုံးနေ၏။

ဘာကြောင့်မှန်း မသိပါဘူး။

ကိုကိုက လူပျိုမဟုတ်လို့လား။

အို ...

ဘာတွေလဲ ထူးဆန်းနေတာက ကိုကိုဝယ်ပေးလိုက်သော အဖိုးတန်ပစ္စည်းတွေကို ညက် မနှစ်သက်နေခြင်းပင်။

"ကောင်းစုတ် ... နင်စွာတေးလန်နေတဲ့ မိန်းမနဲ့ပဲညားပါစေ ဓေ့လို ခပ်ရှုပ်ရှုပ်ပွေပွေ မိန်းမနဲ့ပဲတန်တယ် ... ငါအောင်သွယ်ပြ မယ်"





သူမ ကြိမ်းဝါးပစ်သည်။

ကိုကိုနှင့်ပတ်သက်မိတာ မှားသွားပြီလား။

ကောင်းက စုံစမ်းစစ်ဆေးတော့မှာ သေချာတယ်။

မြည်ကိုသာတို့များ ကံဆိုးလိုက်တာနော်။

လူကောင်းနဲ့ကို မတွေ့ဘူး။

အင်းလေ ...

ကိုကိုက မလွဲသာမရှောင်သာလို့ မိန်းမတစ်ယောက်ရဲ့ ...ောင်ချောက်ထဲတိုးဝင်သွားခဲ့ရတာပဲ။

ညက်တောင် ကြိုးစည်တော့မလို့ ကွာရှင်းတော့မှာပဲလေ။

ကိုကို့လောက် ပြည့်စုံနေတဲ့ ယောကျ်ား ရှာတွေ့နိုင်ဖို့မှ ...ယ်တာ။

ကိုကိုနဲ့ပဲ တွဲမယ်။

ကိုကိုထံမှ ဖုန်းဝင်လာ၍ ညက်ဖွင့်နားထောင်လိုက်သည်။

"ညက်လား"

"ကိုကို"

"ဘယ်လိုလဲ ... အုပ်ထိန်းသူလူကြီးမင်းနဲ့ရော အဆင်ပြေ ...ားကွာ"

"မပြောပါဘူး၊ ကိုကို့ကို သူကိုယ်တိုင်စုံစမ်းစစ်ဆေးဦးမယ်တဲ့


www.burmeseclassic.com

www.burmeseclassic.com



လူ့ဥစ္စာကြီး”

“သူက စေတနာနဲ့ဖြစ်မှာပါ ညက်လေးရယ် ... ကိုကိုအစစ်ဆေးခံနိုင်တာပဲ၊ ဘယ်လိုပေတံနဲ့ပဲဖြစ်ဖြစ်လေ”

“ကိုကို့နောက်ကြောင်းကမှ မရှင်းတာဘဲ”

“အဲဒါက မကြာခင် ပြီးဆုံးသွားမှာပါ ညက်လေးရယ်၊ စိတ်မပူပါနဲ့ကွာ ... ကိုကို အမြန်ဆုံးပြီးမြောက်အောင် စီစဉ်မှာပါ”

“ရပါတယ်လေ ... ညက်နဲ့ကိုကိုက တကယ်ချစ်သူတွေမှမဟုတ်တာဘဲ ကိုကို့ကိုယ်ရေးကိုယ်တာကိစ္စတွေကို ညက်မှစိတ်မဝင်စားတာကို။ အဆင်ပြေသလိုလုပ်ပါနော်”

“ညက်လေး”

“ရှင်”

“ကိုကိုနဲ့ညက်လေး တကယ်ပဲချစ်သူရည်းစားတွေ မဖြစ်နိုင်ကြဘူးလားကွာ”

“မဖြစ်နိုင်ပါဘူး ကိုကို ... ဟိုလေ ... ကိုကို့မှာက”

“ဆက်မပြောပါနဲ့တော့ကွာ၊ ဒီလောက်ဆို သဘောပေါက်ပါပြီ ကိုကို မကြားချင်တော့ဘူး”

မြညက်သာဆိုတဲ့ မိန်းကလေးရဲ့စိတ်ဓာတ်ကို သူနှစ်သက်မိသည်။





မာနရှိတဲ့ မိန်းကလေး မြညက်သာ။

စည်းကမ်းရှိရှိ နေထိုင်ရတာလည်း သူ့သဘောကျမိ၏။

ပြီးတော့လည်း ချမ်းသာကြွယ်ဝသည်။

“ကိုကို ... ငြိမ်နေတယ်၊ ဖုန်းချလိုက်တော့မယ်နော်”

“နေပါဦး ညက်လေးရယ် ... ကိုကို အရမ်းကြေကွဲဝမ်းနည်းနေလို့၊ ခဏလေးပါ ... ညက်လေးအသံကိုလည်း ကြားချင်နေတယ်”

“ကိုကို ပိုပြီကွ”

“တကယ်ပါကွာ ... ကိုကို့ရင်ထဲမှာ ညက်လေးက နေရာအပြည့်ယူထားတယ်၊ ညက့်အမူအရာလေးတွေ ညက့်အသံလေးတွေဟာ ကိုကို့နှလုံးသားတွေထဲအထိ ပဲ့တင်ရိုက်ခတ်နေတယ်”

ညက်က အနားယူချင်နေပြီ။

မျက်လုံးလေးတွေမှေးစင်းစင်း နှုတ်ခမ်းသားလေးတွေက လှုပ်ချင်တော့ဘူး။

စိတ်မပါတော့ ကိုကို ဘာတွေပြောနေတာလဲ။

ညက် စိတ်မဝင်စား အိပ်ချင်လာသည်။

မသိတော့ ... နောက်တော့ ညက်အိပ်ပျော်သွား၏။

အိပ်မက်ထဲမှာ ကိုကို့ကို မချစ်ဘူး မချစ်နိုင်ဘူးဟု အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်နေသည်။

"မမလေး ... မမလေး ... ဘာတွေအော်ဟစ်နေတာလဲ ထတော့လေ ... အစ်ကိုလေးက မနက်စာစားဖို့ ခေါ်ခိုင်းတယ်"

"ဒုန်း ... ဒုန်း ... "

"မမလေး"

"ဒုန်း"

"မမလေး မြည်ကသာ"

"ဟင်"

အပြင်မှ တံခါးကို ထုရိုက်သံတွေကြောင့် မြည်ကသာလန့်နိုးသွားတော့ အပြင်မှာ ညီပြာအသံကြားရသည်။

"ထပြီဟေ့ ... ဘာဖြစ်လို့ နှိုးနေရတာလဲဟဲ့"

"အစ်ကိုလေးက မနက်စာစားဖို့တဲ့"

"လာမယ်လို့ပြောလိုက်"

"ဟုတ်ကဲ့"

အခုတလော သူမနှင့်နံနက်စာ နေ့လည်စာ ညစာတွေ ဂရုတစိုက်နဲ့ ကောင်စုတ်က အတူတူစားနေပါလား။

မြည်ကသာကို ချစ်လို့ သံယောဇဉ်ကြီးလို့တော့ မဖြစ်နိုင်ပါဘူး။





ဆရာကြီးလုပ်ချင်တာ။

ဘယ်တုန်းကများ မြည်ကသာကို အရေးတယူ လုပ်ခဲ့ဖူးလို့လဲ။

ကိုရေခဲတုံးကြီး ...

သူမ ထပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

"ကိုကို့ကို မချစ်ဘူး၊ မချစ်နိုင်ဘူး ... မြည်ကသာချစ်တာက ကောင်းပါ ... ကောင်းကင်ယံကိုပါ"

သူမ အိပ်မက်ကို ပြန်သတိရလာတော့ မှန်ရှေ့မှာ မျက်ဝန်းတွေပြူးသွားသည်။

ဘုရားရေ ... ဘယ်လိုအိပ်မက်ကြီးမှန်းမသိဘူး။

ကောင်းကင်ယံကို ချစ်နေတယ်ဆိုတာ မဖြစ်နိုင်ဘူး။

အိပ်မက် ဂယောက်ဂယက်။

"ဟွန်း ... နင့်ကို အမုန်းဆုံးပဲ ... အိပ်မက်ကြီးက တကယ့်ကို ဆန့်ကျင်ဘက်ကြီး"

သူမ မျက်နှာလေးရှုံ့မဲ့သွားပြီး အိပ်မက်ကြီးကို မကျေမနပ်နှင့်သွားကို တံပွတ်တံနှင့် ဖိတိုက်ပစ်သည်။

ကောင်းစုတ် ... ။

ဟိုဟာ မလုပ်နဲ့ ဒီဟာမလုပ်နဲ့ စည်းကမ်းတွေ တမင်ပေး



www.burmeseclassic.com

www.burmeseclassic.com



နေတာ အမြင်ကတ်ပုဒ်မနဲ့ မဟုတ်လား။

အရှုံးကောင် ချစ်ချင်စရာ တစ်စက်မှ မရှိဘူး။

"ကောင်းက ပိုပြီးခန့်တယ်ဟာ ... ယောက်ျားပီသတယ် နင်ကသာ ဒရိုင်ဘာသားဆိုပြီး အထင်သေးနေတာပါ၊ ငွေအမြင်မှာ တော့လေ ... မိန်းကလေးတွေပစ်ကျသွားအောင် ညို့ချက်ပြင်းတဲ့ ယောက်ျားပဲ ဝေတော့ အရမ်းချစ်တယ်"

ဟွန်း ...

အမိပ္ပါယ် မရှိတာဘဲ။

ဒရိုင်ဘာ့သား အောက်တန်းစားက ဘဝင် လေဟပ်နေ တယ်။

ဖေဖေတို့ အပ်ထားခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေကတော့ အောင်မြင်ပါတယ်။

ရတဲ့အမြတ်ငွေတွေကိုလည်း ခြောက်လတစ်ကြိမ် ရှေ့နေ ကြီး အန်ကယ်ပေါ်ထွန်းရှေ့မှာ စာရင်းရှင်းလင်း၍ အပ်သည် ကိုယ်စားလဲ၏။

မှန်ရှေ့မှာရပ်ရင်း ကောင်းရဲ့ပုံရိပ်တွေက သူမမျက်ဝန်းအေ ထဲမှာ ပေါ်လာသလိုပင်။

"ကောင်း ... နင်သာ ညက်အပေါ် အကောင်းဆုံးဆက်





ခဲ့မယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊ အရာအားလုံး ငါ့ရဲ့မကျေ နပ်မှုတွေက နင့်ကြောင့်ပဲ"

သူမ အောက်ထပ်သို့ဆင်းလာခဲ့သည်။

မဆီမဆိုင် တစ်ကြိမ်တစ်ခါမှ မခံစားရဘူးတဲ့ ရင်ခုန်သံတွေ ဟာ မြန်ဆန်နေသလိုလို။

အိပ်မက်ကို သတိရမိတိုင်း မဖြစ်နိုင်ဘူးဟုပဲ ထင်သည်။

"မြညက်သာ"

"ဟင် ... ဘာလဲ"

"ထိုင်"

"ထိုင်မှာပါပဲ"

မြညက်သာနှင့်သူ တွေ့တိုင်း ဘုနှင့်ဘောက်ပဲ။

သူမ မျက်နှာလေးက စူတင်းတင်း။

ကောင်းမျက်နှာကလည်း စူတင်းတင်း။

ကောင်း မျက်နှာကလည်း မာကျောကျော။

ကျင့်သားရနေသလို နှစ်ယောက်စလုံးရဲ့ မျက်နှာထားက အထာကျနေသည်။

"မင်းဘဏ်စာရင်းထဲ ကိုယ်ငွေထည့်ပေးထားတယ် ... ဘာကယ်တမ်း ကိုယ်ပြန်စဉ်းစားကြည့်တော့ လက်မထပ်ရသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ရဲ့ ပေးကမ်းထောက်ပံ့တာလက်ခံဖို့ မသ[...]ဘူး"

"ကျွန်မတို့က လက်ထပ်ကြမှာပါ၊ မကောင်းတာတော့ မ[...]ပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်းပိုက်ဆံနဲ့ပဲသုံးပါ ... မင်းစည်းကမ်းရှိ[...]တော့နေထိုင်သွားလာပါ၊ ကိုယ်တံခါးမပိတ်ထားချင်ဘူးနော်"

"ဟွန်း"

ထုံးစံအတိုင်း မကျေမနပ် မျက်စောင်းလေးက သူ့ထံဒိုင်း[...]ရောက်လာသည်။

သူပြုံးချင်ပေမယ့် မြညက်သာ ရောင့်တက်သွားမှာစိုး[...]ကြိတ်ပဲ ပြုံးမိ၏။

မနက်စာ ခေါက်ဆွဲသုတ်ကို ဇွန်းခက်ရင်းနှင့် ထိုးဖွနယ်[...]အလိုမကျသလို စောင့်စောင့်အောင့်အောင့်လေး လုပ်သည်။

"မင်းမှာချစ်သူရှိပြီဆိုတော့ ပိုက်ဆံသုံးချင်မှာပဲ ... ပြီးတော[...]မင်းချစ်သူနဲ့လက်ထပ်ဖို့ဆိုတာ မကြိမ်းသေသေးဘူးလေ"

"ဘာပြောတယ် ... ကြိမ်းသေပါတယ်ဆိုက လွဲစရာ[...]အကြောင်းမှ မရှိဘူးထင်တယ်"

"ရှိတယ်"





"ဘာလဲ"

"ထားလိုက်ပါတော့ မင်းကိုပြောထားပြီးပြီနော်၊ မင်းချစ်သူ မှန်ပေမယ့် ကိုယ့်ရဲ့ထောက်ခံမှုတော့ လိုအပ်တယ်"

"ဘာလဲ ... နင်က သဘောမတူဆိုတာနဲ့ မြညက်သာက နောက်ဆုတ်မယ်ထင်လို့လား ... ဝေးသေးတယ်၊ ရှေ့ပဲတိုးမှာ"

သူမ အသုတ်ကိုပဲ ငုံ့စားရင်း ဘာစကားမှ ဆက်မဆိုတော့ တကယ်တော့ အန်ကယ်မဟာက မြညက်သာကို လက်ထပ်ဖို့အထိ သူ့ဆီမှာ ကတိတောင်းခံခဲ့ဖူးသည်။

သူလုံးဝ မပေးခဲ့။

မြညက်သာလို ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အရိပ်မှာ ယောက်ျား မပီသစွာ မမှီခိုနိုင်ပေ။

ချစ်လည်းမချစ်ဘူး။

သူ ငယ်စဉ်လေးထဲက မြညက်သာကို ချစ်သူအဖြစ် လုံးဝ စိတ်ဝင်စားမှု မရှိစေရန် သူ့နှလုံးသားအား လေ့ကျင့်ပေးထားခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

"မင်းထင်ကိုကိုဆိုတာကို ကိုယ်နဲ့တွေ့ပေးပါ ညက်"

"ကျွန်မ စီစဉ်ပေးပါ့မယ်၊ စိတ်ချပါကောင်း ... ကျွန်မက ရှင့်လက်ခုပ်ထဲကရေပါ၊ ဖေဖေတို့ စိတ်ချအယုံကြည်ဆုံး အန်ကယ် ပေါ်ထွန်းကိုယ်တိုင်က ရှင့်မှရှင်ဖြစ်နေတယ်လေ ... မဟုတ်ဘူး လား"

မင်းက ကိုယ့်စေတနာတွေကို ဘယ်အချိန်ရောက်မှ နား လည်မှာလဲ မြည့်ကသာ။

မင်းအတွက်ပါပဲ။

ကိုယ် တပြားတစ်ချပ်တောင် အလွဲသုံးစားမလုပ်ဘူး။

မင်းကို စိတ်မချသေးလို့ လွှတ်မပေးတာပါ။

ငယ်စဉ်လေးထဲက မြည့်ကသာရဲ့ အထင်သေးနှိမ့်ချဆက်ဆံ





မှုကို သူခံခဲ့ရသည်။

နာကျင်ခဲ့ရ၏။

မြည့်ကသာကို မမုန်းမိ။

သူက အစေအပါးတစ်ယောက်ရဲ့ သားပဲလေ။

ဒါပေမဲ့လည်း သူ မြည့်ကသာနှင့် ပတ်သက်ဆက်ဆံရမှာကို တော့ ကြောက်ရွံ့ခဲ့သည်။

"မင်းရွေးချယ်မှုတော့ အများအယွင်း မဖြစ်နိုင်ပါဘူး ... ဒါပေမဲ့ ကိုယ်က စိတ်မချတာ"

"အဲဒါက ကျွန်မရဲ့ကိုယ်ရေးကိုယ်တာတွေလေ"

"ကိုယ်က မင်းရဲ့အုပ်ထိန်းသူ"

"ဟွန်း"

အိပ်မက်ထဲမှာ သူမချစ်သူက ဘာဖြစ်လို့ ကောင်းကင်ယံ ဖြစ်နေရတာလဲ။

အဓိပ္ပါယ် မရှိလိုက်တာ။

သူမက ကောင်းကိုချစ်တယ်ဟု ပြောမိသည်။

ကိုကို့ကို မချစ်ဘူးတဲ့။

အိပ်မက်ဆိုတာ ပြောင်းပြန်ကောက်ရမယ်ထင်တယ်။

တကယ်တော့လည်း ဝေပြောသလို ကောင်းက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းတယ်။

ညက်ရင်ထဲမှာ ငယ်စဉ်လေးထဲက ဝန်ခံထားခဲ့တာ မာနကြီးသလိုလို ဘဝင်မြင့်သလိုလိုနဲ့ သူဌေးသမီး မြည်က်သာကို အရေးပေးမစိုက်။

ကြည့်လည်းမကြည့် စကားလေးတစ်ခွန်းလောက်တောင် အဖက်လုပ်မပြော၍ သူမ မုန်းမိသည်။

"မင်းရဲ့ စည်းစိမ်ဥစ္စာတွေကို တပြားတချပ်တောင် ကိုယ်မထိပါဘူး မြည်က်သာ ... ကိုယ်ထိန်းသိမ်းပေးချင်တာပဲရှိတယ် ကိုယ့်ကျေးဇူးရှင်တွေက အပ်နှံထားခဲ့တာ မဟုတ်လား"

"ပြီးရောလေ ... ကျွန်မကလဲ မိဘတွေ စီစဉ်ထားတဲ့ကိစ္စဖြစ်နေတာရယ်၊ ကျွန်မကိုယ်တိုင် မိဘတွေ မဆုံးခင်မှာ ကတိပေးခဲ့တာတွေကြောင့်ပါ၊ ကျွန်မ သမီးမိုက်မဖြစ်ချင်ဘူး၊ ရှင့်အုပ်ထိန်းမှုကို မကြိုက်ပေမယ့် ကြိတ်မှိတ်သည်းခံနေပါတယ်"

သူမ လှည့်ထွက်သွားသည်။

ကောင်း ... နည်းနည်းလေးတော့ နှလုံးသားတွေထဲမှာ နာကျင် စူးရှသွားရသည်။

မြည်က်သာရယ် မင်းနဲ့ကိုယ်က မတန်ပါဘူး။

ဂုဏ်ဒြပ်ချင်းက မိုးနဲ့မြေလေ။





မင်းက သူဌေးသမီး ကိုယ်က ဒရိုင်ဘာရဲ့သား။

ငယ်ငယ်လေးထဲက ကိုယ့်အဖေက စွဲမြဲစွာမှတ်သားစေခဲ့တယ်။

မင်းကို စိတ်နဲ့တောင် မပြစ်မှားနဲ့တဲ့။

သားက ဒရိုင်ဘာရဲ့သားတဲ့။

သားဘဝ တစ်လျှောက်လုံး ခြောက်ခြားသိမ်ငယ်နေရမှာကို အဖေ လုံးဝ မဖြစ်စေချင်ဘူးတဲ့။

မင်းလို စွာတေးလန် ဂုဏ်ဒြပ်တွေနဲ့ မောက်မာထောင်လွှားတဲ့ မိန်းမကို ကိုယ်လုံးဝလက်မထပ်ချင်ပါဘူး။

အန်ကယ်ပေါ်ထွန်းက မြည်က်သာရဲ့မိဘတွေ ဆန္ဒကို ပြောခဲ့ပေမယ့် သူ ငြင်းဆန်ခဲ့၏။

အဖေ ပြောသလိုပဲ ကိုယ့်ဘဝတစ်လျှောက်လုံး ခြောက်ခြားသိမ်ငယ်နေရမှာလေ။

"ကျွန်မ ချစ်မြတ်နိုးရတဲ့ချစ်သူ ကိုကို့ကို ရှင်နဲ့မိတ်ဆက်ပေးမယ် ... မနာလိုဝန်တိုပြီး အညှိုးကြီးကြီး မဆုံးဖြတ်ပါနဲ့ ကျွန်မတို့က ကြိမ်းသေလက်ထပ်ကြမှာနော်"

သူမ ပြောခဲ့သည်။

ပြတ်ပြတ်သားသားပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစိတ်တွေက မြည့က်သာမှာချစ်သူရှိပြီဆိုမှ မထင်မှတ်ဘဲ ပြောင်းလဲသွားခဲ့ရသည်ထင်သည်။

မင်း ချစ်သူရည်းစားမထားရင် မဖြစ်ဘူးလား မြည့က်သာဟု ပြောချင်ပြီး တားလည်းတားဆီးချင်နေသည်။

"မင်းရွေးချယ်တာ မမှားနိုင်ပါဘူး ကိုယ့်ထက်အဆပေါင်းများစွာ သာလွန်တဲ့ယောကျ်ားတစ်ယောက်ကို မင်းရွေးချယ်မှာပါ မြည့က်သာရယ် ... ကိုယ်သိပါတယ်"

သူက ဆန္ဒကျင်လျှင် မနာလိုဝန်တိုစိတ်ကြောင့်ဟု မြည့က်သာက စွပ်စွဲမှာအသေအချာပင်။

လက်ခံရမှာလား။

ကောင်း ... ရှုံးပြီ။

တကယ်ပဲ တားဆီးချင်နေတယ်။

နှလုံးသားတွေ တဆစ်ဆစ်နာကျင်နေသလို ကျွန်တော် မြည့က်သာနဲ့ လက်ထပ်တာကို လက်ခံ သဘောတူပါတယ်ဟု အနံကယ်ပေါ်ထွန်းအား ပြောချင်နေသည်။

"မင်းစိတ်တွေ ပုံမှန်မဟုတ်တော့ဘူး ကောင်းကင်ယံ၊ အရူးပဲ ... မြည့က်သာက မင်းနဲ့တန်လို့လား၊ မင်းသွားပြီ ... ယောကျ်ားကောင်း မပီသဘူး",





မြည့က်သာမှာ ချစ်သူရှိနေပါပြီဆိုမှ သူကပိုင်ဆိုင်လိုနေခဲ့သည်။

သံယောဇဉ်အမျှင်တန်းပြီး ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်နေတာ အချစ်လား။

မဖြစ်နိုင်ပါဘူး။

မြည့က်သာကို မချစ်မိဖို့ သူ့စိတ်တွေထဲမှာ ဒရိုင်ဘာသားအစေအပါးကောင်ဟု စွဲမြဲစွာ မှတ်ယူထားခဲ့သည်။

"ကိုယ် သဘောတူမှာပါ မြည့က်သာ ... တကယ်ပဲ စိတ်ရင်းနဲ့လည်း မင်းထင်ကိုကိုဆိုတာကို စုံစမ်းလေ့လာချင်နေတာပါ၊ မင်းအတွက် ကိုယ်က တာဝန်ကြေကြေ ထမ်းဆောင်ပေးမယ်၊ သစ္စာရှိ လူယုံတော် အစေအပါးပါကွာ"

သူ့ရင်တွေ ကွဲအက်မတတ် နှလုံးသားတွေ တစစီဖွဲ့ချွေခံလိုက်ရပြီလားမသိတော့ဘူး။

အပူတွေ လောင်မြိုက်ကျွမ်းနေသည်။

သူ့ စည်းတွေ ဘောင်တွေ တင်းကျပ်စွာခတ်၍ အလုံပိတ်အခန်းထဲမှာ သိမ်းဆည်းထားခဲ့တာ မင်းထင်ကိုကိုကြောင့် ဖွင့်ထွက်သွားပြီ ထင်တယ်။

မြည့က်သာရဲ့ချစ်သူကို တည်တည်ငြိမ်ငြိမ်နှင့် လူကြီး



www.burmeseclassic.com

www.burmeseclassic.com



လူကောင်း ပီသစွာ ဆက်ဆံနိုင်ဖို့ အချိန်ယူရဦးမည်ဖြစ်သည်။

"ကိုယ် မင်းကို ချစ်မိပြီထင်တယ် မြည်ကသာ ... ကိုယ် အရူးကောင်ပဲ"

အန်ကယ် ဦးပေါ်ထွန်းထံ သူဖုန်းဆက်ပြီး မြည်ကသာနှင့် ပတ်သက်တာတွေ ပြောဆိုတိုင်ပင်သည်။

"ကောင်း ... မင်းသဘောမတူလိုက်နဲ့ဦး ... အန်ကယ် ကတော့ လူကြီးမိဘတွေ စီစဉ်ခဲ့တာ မြည်ကသာကို ပြောပြချင် တယ် ... အန်ကယ်နဲ့လည်း တွေ့ဦးမယ်"

"မြည်ကသာရဲ့ ရွေးချယ်မှုမှန်ရင် ကျွန်တော်တို့လက်ခံပေး ကြရအောင်ပါ အန်ကယ်"

"မင်း တကယ်ပဲ မြည်ကသာကို လက်မထပ်ချင်တာလား ကောင်း ... မင်းဟန်ဆောင်နေတာလားကွာ ... မင်းမြည်ကသာ အတွက် လုပ်ဆောင်ပေးနေတာတွေက သံယောဇဉ်မဲ့တာ မဖြစ် နိုင်ဘူး"

"မြည်ကသာက ကောင်းကို အထင်မလွဲစေချင်တာပါ အန်ကယ် ... ကောင်းနဲ့က မဖြစ်နိုင်ပါဘူး၊ မတန်ဘူးလို့လည်း ထင် မိတယ်"

"မြည်ကသာရဲ့မိဘတွေကိုယ်တိုင်က သဘောတူကြည်ဖြူခဲ့





တာပဲ ကောင်း ... မင်းကို စိတ်ချယုံကြည်ကြတယ်လေ၊ မင်းနဲ့ လက်ထပ်နိုင်အောင် ကြိုးစားပေးပါလို့ အန်ကယ့်ကို အထပ်ထပ်မှာ ခဲ့တာပဲ"

"မင်းထင်ကိုကိုဆိုတာကို အကဲခတ်သင့်ပါတယ် အန်ကယ်"

"မောင်ရင့်ဆန္ဒမပါဘူးဆိုတော့လည်း ... အန်ကယ်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြတာပေါ့"

သူ အန်ကယ်ပေါ်ထွန်းဆီ ဖုန်းဆက်လိုက်တာက မြည်က သာနှင့်လက်ထပ်ဖို့အကြောင်း ပြောချင်တာပါ။

သူ့နှုတ်က မထွက်နိုင်။

စိုးရိမ်ကြောင်းကြစိတ်တွေနှင့် ငြင်းဆန်တဲ့ စကားလုံးတွေပဲ ထွက်ခဲ့သည်။

အန်ကယ်ကိုယ်တိုင် အတင်းအကြပ်စီစဉ်ပေးစေလိုခဲ့၏။

မဖြစ်နိုင်ပါဘူးလေဟု တွေးပစ်သည်။

"မင်းတစ်ယောက်တည်း လက်ထပ်ချင်နေလို့ မဖြစ်နိုင်ဘူး ထင်တယ် ကောင်းကင်ယံ ... ဒရိုင်ဘာ့သားကို မြည်ကသာက ငြင်းမှာပဲ ... ဘယ်လိုနည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး"

မြည်ကသာအတွက် အကောင်းဆုံးတွေပဲ လုပ်ဆောင်ပေး တော့မည်ဟုပဲ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း မြည်ကိုသာနှင့် ဆက်ဆံရေးက အေးစက်နေ၏။

စားသောက်ချိန်တွေမှာပင် မဆုံဖြစ်တော့။

အရင်က မြည်ကိုသာသွားတဲ့နေရာတွေ သူလိုက်ခဲ့ပေမယ့် အခုတော့ မြည်ကိုသာရဲ့ပြုံပြင်မှုတွေ မခံယူချင်တော့၍ လွတ်လပ်စွာ သွားလာစေသည်။

"ကောင်း"

"အင်း ... မြည်ကိုသာ"

"ကျွန်မ ဒီညစာအတွက် ကိုကို့ကို ဖိတ်ထားပါတယ်"

"မြန်လိုက်တာ"

"ဟင် ... ရှင်ပဲ အမြန်ဆုံးတွေ့ချင်တယ်ဆို ... စကားကို အမျိုးမျိုးပြောဖို့ မကြံစည်နေနဲ့နော် ကောင်း ... ကိုကို့ကို အရေးတယူနဲ့ လေးလေးစားစား ဆက်ဆံပေးပါ"

သူ ဘာမှမပြောလိုတော့ မြည်ကိုသာ အမိန့်တွေကိုပဲ နာခံလိုခဲ့သည်။

ဘဏ်စာရင်းမှာ ပိုက်ဆံတွေပို၍ ထည့်ပေးထားပေမယ့် သူ့ကိုကျေးဇူးတင်မှာမဟုတ်။

မြည်ကိုသာက သူမမိဘစည်းစိမ်ဥစ္စာတွေကို သူလက်ဝယ်





ကြီးအုပ်ထားသည်ဟုပဲ ထင်မှတ်နေမည်ဖြစ်သည်။

"ကိုကိုက မြန်မာအစားအသောက်တွေကို မကြိုက်ဘူး ကောင်း ... ဒါကြောင့် ဆိုင်ကပဲ မှာမယ်"

မြန်မာနိုင်ငံသားဖြစ်ပြီး မြန်မာအစားအစာတွေကို မကြိုက်ဘူးဆိုတော့လည်း သူသဘောမတွေ့မိ။

ချစ်သူအတွက်တော့ မင်းက စီစဉ်ပေးတတ်သားပဲ။

အိမ်မှုကိစ္စတွေကို လုံးဝစိတ်မဝင်စားတဲ့ မိန်းကလေး မပီသဆုံး မိန်းကလေးက ဆိုင်ကနေဝယ်ကျွေးတာလည်း ဖြစ်သင့်သည်။

"ကောင်း"

"ပြော"

"ရှင် ရေခဲတုံးမလုပ်ပါနဲ့၊ ရှင့်အကြောင်းတွေကိုတော့ ဝေကတစ်ဆင့် ကိုကိုသိထားတယ်နော် ... ပဲတွေ သိပ်ပေးမနေနဲ့ဦး"

"ကိုယ်က မြည်ကိုသာရဲ့အုပ်ထိန်းသူဆိုတာတော့ မင်းကိုယ်တိုင် ပြောပြထားသင့်တယ်"

"ကျွန်မ လုံးဝမကြိုက်ဆုံးက ရှင့်ရဲ့အဲဒီလေသံပဲ ... ကျွန်မ ပြောပြထားပြီးသားပါ"

ကျွန်မ ... ကျွန်မနှင့်သူ့အား စိမ်းစိမ်းကားကား ဆက်ဆံနေ လေသံကိုလည်း သူလုံးဝမနှစ်သက်ဆုံးပင်။



www.burmeseclassic.com

www.burmeseclassic.com



သူပဲ မှားနေတာလား။

မင်းအပေါ် အေးစက်စက် ရေခဲတုံးလုပ်နေတာက ကိုယ့်အဖေကြောင့်ပါ မြညက်သာ။

ကိုယ့်ကို အဖေက ပုံစံသွင်းပေးထားခဲ့တာပါ။

"ကျွန်မနဲ့ကိုကို ညစာအတွက် ဝယ်လာခဲ့မှာပါ"

"မင်းက သွားခေါ်လာခဲ့ရမှာလား မြညက်သာ"

"ဟုတ်တယ် ... ရှင့်လိုလူတစ်ယောက်ကို လာတွေ့တာတောင် ကိုကို့ဘက်က အစွမ်းကုန် လိုက်လျောပေးတာသိလား"

တကယ်တော့ ကိုကိုက ဘာမှမသိပါဘူး။

ကောင်းကို အမြင်ကတ်လွန်း၍ ညက်ပါးစပ်ထဲတွေ့တာတွေ ပြောနေခြင်းဖြစ်သည်။

ကောင်းဆီကနေ ညင်ညင်သာသာ ယုယုယယ စကားလုံးလေးတွေကို ကြားချင်ခဲ့ပေမယ့် တင်းမာတဲ့မျက်ဝန်းတွေကြောင့် သူမ ဘယ်လောက်အထိ နာကျည်းဒေါသထွက်ခဲ့ရလဲ။

ညက့်ဆီမှာ ချစ်သူ ရှိနေပါပြီဆိုတာတောင် သူ့ဘက်ရဲ့ လှုပ်ခတ်မှု အရိပ်အယောင်မျှပင် မတွေ့။

သူမ အစွမ်းကုန် အရွဲ့တိုက်ပြရမည်ဖြစ်သည်။

"သွားပြီ ... ညနေ ခြောက်နာရီနော်"





မြညက်သာ အလှအပတွေ အစွမ်းကုန်ပြင်ပြီး ကျော့ကျော့မော့မော့လေး ထွက်သွားသည်။

ကောင်း မလှုပ်မယှက် ကျောက်ရုပ်တစ်ရုပ်လို ကျန်ရစ်ခဲ့၏။

မြညက်သာ ...

ကိုယ်နဲ့မင်းကို လူကြီးမိဘတွေက လက်ထပ်စေချင်တာပါ။

မိဘတွေ စီမံသွားတာဆိုရင် မင်းလက်ခံမှာလား။

ကောင်းကင်ယံ မင်းရှုးသွတ်နေပြီကွ။

မြညက်သာမှာ ချစ်သူ ရှိနေပြီလေ။

မင်းနှစ်ပေါင်းများစွာ အချိန်တွေ ဖြုန်းပစ်လိုက်တာပဲ။

"ကိုယ့်ဘက်က တစ်ကြိမ်တစ်ခါမှ မင်းကို အရေးတယူမရှိခဲ့ဘူး ... တင်းတင်းမာမာ ဆက်ဆံခဲ့တယ် မင်းမမှားပါဘူး မြညက်သာ ... မှားတာက ကိုယ်ပါကွာ"

ခြောက်နာရီဆိုတဲ့ အချိန်တစ်ခုဆီ ရောက်သွားမှာကို ကောင်း ထိတ်လန့်တုန်လှုပ်လာမိသည်။

မင်းထင်ကိုကိုအား ရင်ဆိုင်ရန် သူ့ဘက်မှ လုံးဝအဆင်သင့်မဖြစ်သေးပေ။

မင်းထင်ကိုကိုက ကြီးကျယ်ခမ်းနားမှုတွေနဲ့ ကိုယ်ငြင်းပယ်ဖို့ အပြစ်တွေရှာလို့မရအောင် ပြည့်စုံနေမယ်ဆိုတာ ကောင်းသိနေခဲ့ ၏။



www.burmeseclassic.com

www.burmeseclassic.com



မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်ရဲ့ ရွေးချယ်မှုက အကောင်းဆုံးတွေပဲ ဖြစ်နေနိုင်သည်။

"အစ်ကိုလေး"

"ဟင်"

"ဘာဖြစ်လို့ ဒီလောက်တောင် လန့်သွားရတာလဲ ... မမလေးက ခြောက်နာရီမထိုးခင် အဆင်သင့်ဖြစ်နေပါစေတဲ့"

"ခြောက်နာရီ"

"ထိုးတော့မယ်လေ"

"ဘာ"

"အစ်ကိုလေး ဘာဖြစ်နေတာလဲ၊ နာရီကြည့်ပါဦး ... ငါးနာ ခွဲတော့မယ်၊ ဒီနေရာမှာထိုင်နေတာ မမလေးထွက်သွားထဲက အဝတ်အစားလဲတော့လေ"

"ဟာ ... ဘာအဝတ်အစားလဲစရာလိုလဲ ... ငါ ဒီအတိုင်း တွေ့မှာပါ"

"အိမ်နေရင်း အဝတ်အစားကြီးနဲ့လေ၊ မကောင်းပါ အစ်ကိုလေးရယ် ... ဟိုလူက အရမ်းသားနားနေမှာပါ၊ အစ်ကို လည်း ပြင်ဆင်ပါ ... ထပါ ... ဒီအဝတ်အစားကြီးနဲ့တော့ မတွေ့ နဲ့"

သူ့အတွေးတွေထဲ စီးမျောပြီး အဝတ်အစားလဲဖို့ပင်





လျှော့နေခဲ့သည်။

အိမ်ဖော်ကောင်မလေး ညိုပြာ တစ်မျိုးထင်မှာစိုး၍ ဒီအတိုင်းပဲတွေ့မယ်ပြောလိုက်တာပါ။

ဘယ်ဖြစ်မလဲ ... ကိုယ်လည်း မင်းထင်ကိုကိုထက်သာအောင် ပြင်ဆင်ထားရမယ်လေ။

ညိုပြာ အတင်းပြင်ဆင်ခိုင်းလို့ ထပြင်ရသလိုလိုနှင့် သူ့အခန်းထဲ ဝင်လာပြီး နာရီဝက်အတွင်း ရေချိုးအဝတ်အစားလဲရသည်။

မြည်ကဲသာမှာ ချစ်သူရှိပြီဆိုထဲက ကောင်းစိတ်တွေ ဆောက်တည်ရာမရအောင် တုန်လှုပ်နေခဲ့၏။

တစ်ခါတရံ မေ့မေ့လျော့လျော့ ကလေးဆန်နေတာမျိုးလည်း ဖြစ်နေသည်။ သတိနဲ့ တည်ငြိမ်အောင် ထိန်းချုပ်စမ်းပါ ကောင်းကင်ယံ။

မင်းဘဝကို မင်းသိတယ်မဟုတ်လား။

အဖေ ဆုံးမသွန်သင်ခဲ့တာက သားဘဝတစ်လျှောက်လုံး မိန်းမထမီနားခို စားရတဲ့ ယောက်ျားတစ်ယောက်တော့ အဖြစ် မခံပါနဲ့သားရယ်တဲ့။

သူ့စိတ်တွေက နည်းနည်းတော့ တည်ငြိမ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ကိုကိုပါ မောင်ရင်က မြည့်ကသာကို စောင့်ရှောက်နေတဲ့ သူလို့သိထားတယ် ... ခင်မင်ချင်ပါတယ်"

ဝေကပြောတော့ ဒရိုင်ဘာရဲ့သားတစ်ယောက်ဖြစ်ပေမယ့် ပညာတော်ပြီး စိတ်သဘောထားပြည့်ဝလို့ မြည့်ကသာရဲ့မိဘတွေ က ယုံကြည်အားကိုးသူတဲ့။

ကိုကိုလည်း အံ့ဩမိသည်။

ကောင်းကင်ယံက လူချောလူခန့်ပဲ။

ဖြူစင်သန့်ရှင်းစွာ အဆင့်ရှိ၏။

မြည့်ကသာကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေး နေတဲ့ စိတ်ထားကတော့ ချီးကျူးစရာပင်။

"ကျွန်တော့်နာမည်က ကောင်းကင်ယံပါ ... မြည့်ကသာရဲ့





လူယုံတော်လို့ပြောရမလားဘဲ ... ကျွန်တော်လည်း ခင်မင်ချင်ပါ တယ်"

"ကိုကိုလို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ ... မောင်ရင်က ကိုယ့်ထက် ငယ်တယ်လေ"

ကိုကို့ကို မဆိုးပါဘူးဟု သူ့စိတ်ထဲမှာ မှတ်ချက်ချမိသည်။

အထက်တန်းလွှာ ပညာတတ်ယောကျာ်းတစ်ယောက် ဖြစ်၏။

မင်း ရွေးချယ်သင့်ပါတယ်။

ကိုယ်နဲ့မမှီတဲ့ ပန်းပါ။

ဘယ်လိုမှ လှမ်းမယူချင်မိ။

ကိုကို့လက်ထဲ အပ်ပါ့မယ် ... ကိုယ်သဘောတူတယ်။

"ကိုကိုတို့ စားစရာတွေဝယ်လာတယ်၊ အတူတူစားကြမယ် လေ ကောင်း ... ခင်ခင်မင်မင်ပေါ့"

"ဟုတ်ကဲ့ပါ"

ကောင်းကိုကြည့်ရတာ တည်တည်ငြိမ်ငြိမ်ရှိလွန်းသည်။

ရှင် နည်းနည်းလေးမှ မခံစားရဘူးလား ကောင်း။

သူမနှင့်ကိုကိုက ချစ်သူတွေ မဟုတ်ကြ။

ဟန်ဆောင်ချစ်သူအဖြစ် ကောင်းရှေ့မှာနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



သူမ သဘောမကျပေမယ့် ကောင်းက သဘောမတူဘူးဟု ပြောစေချင်ပေမယ့် သူက သဘောကျနေပုံပင်။

ကိုကို့မှာက ငြင်းပယ်စရာ မရှိနိုင်ပေ။

လက်ထပ်ထားတဲ့ ဇနီးရှိတာပဲ ရှိ၏။

ညက်လုပ်ရပ်တွေ မှားနေပြီလား။

ကိုကိုနှင့်ကောင်းက တကယ့်ကိုရင်းရင်းနှီးနှီး။

ကောင်းစုတ် ...

နင်က ငါ့ကိုတာဝန်မယူချင်တိုင်း ကိုကိုက သူ့ဆွေးဆိုတော့ သူလက်ခံမှာပါ။

"ကိုကိုစားနော် ... ညက်လေးက ကိုကို့အကြိုက်တွေကို တစ်ခုချင်းလေ့လာနေတာ၊ သိပ်မသိနိုင်သေးဘူးနော် ... အနောက်တိုင်းအစားအစာတွေပဲ ကိုကိုကြိုက်တာလေ၊ ညက်ချက်ပြုတ်တတ်တောင် သင်တန်းတွေတက်ရဦးမယ်၊ ကိုကို့အတွက် လိုလေသေးမရှိအောင် ပြုစုယုယပေးတတ်တဲ့ ဇနီးကောင်း အိမ်ရှင်မကောင်းဖြစ်ချင်တာပါနော်"

"ကျေးဇူးပဲ ညက်လေးရယ် ... ကိုကိုအရွှေးမှန်ပြီပေါ့၊ ညက်လေးက မထင်မှတ်လောက်အောင်ပဲ တော်နေတာပါလား ... ကောင်း မင်းထိန်းသိမ်းအုပ်ချုပ်မှုတော်လို့ ထင်တယ် ... စည်းကမ်း





ကြီးတယ်ဆို၊ ဝေက ပြောတာပါ"

"ကောင်းက တာဝန်တစ်ခုကို ကျေပွန်အောင် ထမ်းဆောင်တာပါ ကိုကို ... ဒီလောက်လည်း မဟုတ်ပါဘူး မြည်ကသာကိုက လိမ်မာတာပါ"

ကောင်းစုတ် ... နင်အတင်းထိုးထည့်ပေးနေတာ မဟုတ်လား။

ဘာတော်တာလဲ။

ကိုကိုကလည်း သဘောတူညီချက်ထဲမှာ မပါဘဲ ညက် ပခုံးလေးကို ညာတာပါတေးနှင့် လှမ်းဖက်ထား၍ ရှန်းဖယ်မရ ကောင်းရှေ့မှာ အရှက်အကြောက်ကင်းမဲ့တဲ့ အပြုအမူတွေ မလုပ်ပြလိုပေ။

ကောင်းက သူမတို့ကို မကြည့်။

နဂိုကမှ ရှက်တတ်လွန်းသူ။

ကိုကို့လက်ကနေ လွတ်မြောက်ဖို့ ရှန်းဖယ်ပစ်လိုက်သည်။

စားပွဲအောက်ခြေထောက်နှင့် တို့၍ မလုပ်ရန် အချက်ပြလိုက်ရသေး၏။

သူမတို့က ချစ်သူအစစ်တွေမှ မဟုတ်ကြသေးတာ။

"စားနော်ကိုကို ... အသီးအနှံတွေလည်း ကိုကို့အကြိုက်ပြင်ဆင်ထားတယ်၊ ညက်လေးတောင် အရင်က အသီးအနှံ မကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခု ကိုကိုအကြိုက်လိုက်ပြီး ကြိုက်ရတော့မယ်ထင်”

“ညက်လေး မကြိုက်ရင်လည်း မစားပါနဲ့ကွာ၊ ကိုကိုကလည်း ညက်လေးကို အရမ်းချစ်တော့ ညက်လေးဆန္ဒတွေလည်း ဖြည့်စွမ်းပေးချင်တယ်၊ ကိုကို့ချစ်သူလေးက ငယ်သလောက် အလိုက်သိလိမ္မာလွန်းတာပဲ ... ချစ်စရာကောင်းလိုက်တာကွာ”

“ကိုကိုနော် ... ဖယ်ပါ”

“မဖယ်ဘူးကွာ ကိုကိုတို့ အမြန်ဆုံးလက်ထပ်ကြရအောင် ညက်လေးရယ် ... နော်”

မြညက်သာ ကြောက်နေမှန်းသိ၍ ကိုကိုတမင်အတင်းအကြပ် ဖက်ပြလိုက်သည်။

ကိုကိုက မင်းတို့ထက်အသက်အရွယ်နဲ့ အတွေ့အကြုံကြီးရင့်သူပါ မြညက်သာရယ်။

ကောင်းကို မင်းအရွဲ့တိုက်နေတာမဟုတ်လား။

ကောင်းကတော့ တကယ်ပဲရိုးသားတယ်။

မြညက်သာလိုတောင် မဟုတ်ဘူး။

“ဆက်ပြီး လွတ်လွတ်လပ်လပ် စားကြပါ ကိုကို ရပါပြီ”

“ကောင်း”

“ဟင်”





“နှင်”

“ကိုယ် အပြင်သွားစရာရှိတယ် ဆောရီးနော် ကိုကို ... စိတ်အေးလက်အေးထားစမ်းပါ ... အိုကေ ... ”

ကောင်း ထသွားသည်။

တကယ်တော့ ကောင်းစိတ်ဆိုးသွားမှာကြောက်၍ လန့်ဖြန့်ပြီး ခေါ်မိသွားတာပါ။

သူ့ရှေ့မှာ အမြင်မတော်လုပ်ပြမိသွားပြီ ထင်သည်။

ကိုကိုလွန်တာ ... ကောင်းကို အဲဒီလောက်အထိ လုပ်ပြဖို့ မရည်ရွယ်ပါဘူးဟယ်။

နှင်အထင်အရမ်း သေးသွားပြီလား။

တကယ်ပါ ...

ညက်လေ ကိုကို့ကို အရမ်းကြီး နှိမ်နှိမ်ချချ မဆက်ဆံဖို့ တစ်လမ်းလုံး မှာနေခဲ့တာပါ။

အခုလည်း ကိုကိုက အရေးတယူဆက်ဆံပါတယ်။

မြညက်သာကို အရှက်မရှိတဲ့ မိန်းမလို့ ကောင်းသတ်မှတ်သွားပြီလားဟင်။

“မြညက်သာ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ"

"ကိုကိုလွန်တယ် ... အရမ်းလွန်တာပဲ၊ ညက်ကို ကောင်းရှေ့မှာ အဲဒီလောက်အထိ သရုပ်ဆောင်ပြစရာမှ မလိုတာ"

"တောင်းပန်ပါတယ်ကွာ၊ ကိုကိုက အိုင်တင်အရမ်းကောင်းသွားတယ်၊ ညက်လေးပဲ ကောင်းကို အရွဲ့တိုက်ပြချင်တယ်ဆို"

မြညက်သာရယ် မင်းက ကောင်းကို ရွဲ့ပြချင်တာ ကောင်းမနာလိုဝန်တိုဖြစ်ပြီး ရင်ထဲကအချစ်တွေပေါက်ကွဲလွင့်ထွက်လာစေချင်တာ မဟုတ်လား။

ကိုကိုသိနေသည်။

ဒါပေမဲ့ ...

မြညက်သာကို သူချစ်မိသွားပြီဖြစ်၏။

ဓာတ်ပုံလေးမြင်ထဲက စွဲလမ်းနှစ်သက်ခဲ့ရတာပါ။

မင်းကိုချစ်တယ်။

ကိုကို့ အခွင့်အရေးပဲ။

ဇနီးဖြစ်သူကို ကွာရှင်းဖို့ စီစဉ်ထားပြီဖြစ်သည်။

"ညက် တောင်းပန်ပါတယ်နော်၊ ကိုကိုတို့ ကွာရှင်းပြတ်စဲမှုမပြီးမချင်းပါ၊ ညက်နဲ့ကိုကို ခင်မင်ရင်းနှီးသူအဆင့်ပဲ နေကြရအောင်"

"ကွာရှင်းပြတ်စဲပြီးရင်ရော မြညက်သာ"





"စဉ်းစားမယ်လေ ... ညက်က မိန်းကလေးမဟုတ်လား၊ အရမ်းကြီးတော့ ဆုံးဖြတ်လို့မဖြစ်ဘူး"

"ညက်လေး"

"ဟင်"

"မင်းချစ်နေတာကောင်းလား"

"ဘာပြောတယ်"

"အရမ်းကြီးလန့်မသွားနဲ့လေ"

"မဖြစ်နိုင်ပါဘူး၊ သူနဲ့ညက်က ငယ်ငယ်လေးထဲက မတည့်ဘာ ... ဒီကောင်က ဘဝင်၊ အမြင်ကတ်တယ်"

"မင်းကိုကြည့်ရတာ အထိတ်တလန့်နဲ့ ကောင်းအပေါ် သံယောဇဉ်တွယ်နေတဲ့ပုံလေ"

"တော်ပါပြီ"

"ညက်လေး ... တကယ်လို့ ကောင်းက သဘောတူတယ်ဆိုရင်ရော"

"ကျွန်မကြောင့် ကိုကိုတို့အိမ်ထောင်ရေးကို မပြိုကွဲစေချင်ဘူး"

"ဒီကိစ္စက ကိုကိုတို့ပြဿနာပါ ညက်လေးနဲ့မဆိုင်ပါဘူး၊ ညက်လေးနဲ့မပတ်သက်ခင်ထဲက စီစဉ်ထားတဲ့ကိစ္စပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ပါတယ်။

ညက်အမှားကြီးတစ်ခုကို ကျူးလွန်လိုက်မိပြီဖြစ်သည်။

ဟုတ်တယ် ...

ကိုကိုပြောသလိုပဲ ... ကျွန်မ သံယောဇဉ် တွယ်ငြိနေတာ ယယ်စဉ်လေးထဲကပဲ ရှင်ပေါက်ကွဲပြစမ်းပါ ကောင်း။

ဒရိုင်ဘာကြီးသား ကောင်းကင်ယံကို ကျွန်မ ငယ်ငယ်လေးထဲက ချစ်တာ။

"ကိုကို ပြန်တော့နော်"

"ဘာဖြစ်လို့လဲညက်"

"ညက်တို့က ချစ်သူတွေမှ မဟုတ်တာ၊ ဒီလောက်သရုပ်ဆောင်ပေးရင်ပဲ ကျေးဇူးတင်လှပါပြီ"

ကောင်း အထင်လွဲမှာလည်း သူမစိတ်က ပူပင်လာပြန်သည်။

ညက်အပေါ် ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့တဲ့ ကောင်းကင်ယံ။

သူမ ဘာကြောင့်များ သံယောဇဉ် တွယ်ငြိခဲ့ရတာလဲ။

အခုလည်း ... သူရက်ရက်စက်စက်နှင့် ကိုကိုအား လက်ခံပေးတော့မည်ဖြစ်သည်။





ညက် ငိုချင်လာ၏။

နှုတ်ခမ်းလေးတွေ တုန်တုန်ယင်ယင် စေ့ကပ်ထားရ၏။

ကိုကို့ကိုပဲ အတင်းပြန်စေသည်။

"ကောင်းပါပြီဗျာ ... ကိုကိုက ညက်လေးအမိန့်တော်မြတ်ကို နာခံမယ့်အမှုတော်ထမ်းကြီးပါ၊ ပြန်ပါ့မယ်"

မြညက်သာ ပခုံးလေးကို ဆတ်ခနဲ ပွေ့ဖက်၍ သူ့ရင်ခွင်မှာ အပ်ထားလိုက်သည်။

"ကိုကို ဖယ်ပါ"

"ချစ်တယ်"

"ဟင်"

"ကောင်း ဦးမှာစိုးလို့ ကိုကိုက ကြိုတင်ပြောထားတာ ... အဖြေကတော့ နောက်မှတောင်းခံပါ့မယ်"

"အို"

ကိုကို့အနမ်းကို သူမ ဆတ်ခနဲ ရှောင်ဖယ်ပစ်လိုက်သည်။

ဘာလုပ်တာလဲ။

ကျွန်မ နှုတ်ခမ်းကို ကောင်းပဲနမ်းစေချင်တာ။

ကျွန်မရဲ့ ငယ်ငယ်လေးထဲက မျှော်လင့်ချက်ပါ။

ကိုကိုက အနောက်တိုင်း ဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဆန်းမှာမဟုတ်။

နောက်မှတွေ့မည်ဟု ရယ်ရယ်မောမော ပြော၍ ပြန်ထွက်သွားသည်။

"မမလေး"

"ဟင်"

"ဘာရပ်လုပ်နေတာလဲ၊ ချစ်သူနဲ့ဘာအဆင်မပြေလို့လဲဟင် လိုက်မပို့တော့ဘူးလား"

"ညိုပြာ ... နင်နဲ့မဆိုင်တဲ့ကိစ္စ မစပ်စုနဲ့၊ ကိုကို့အပေါ် ငါ အညှာမလွှယ်ခြင်တာ၊ မိန်းမတန်ဘိုးလေ"

သူမပြောပြီး လှည့်ထွက်သည်။

ညိုပြာက ကောင်းဘက်က လူ။

သူမနှင့်လည်း အဆင်မပြေ။

သူမကပဲ ဘုဘောက်။

"ညိုပြာတို့က အစ်ကိုလေးနဲ့ပဲ သဘောတူနေတာပါ၊ အစ် ကိုလေးမှာ ဘာအပြစ်ရှိလို့ ဥပက္ခာပြုထားရတာလဲ၊ ဒရိုင်ဘာသား က အရင်ကလေ ... အခု အင်ဂျင်နီယာကြီးပဲ"

ညိုပြာ ငိုရှိုက်သံတွေ ရောယှက်၍ အော်ဟစ်ပြောဆိုနေတာတွေ မကြားလိုက်တော့။





နင်တို့အစ်ကိုလေးကစပြီး အဖက်မလုပ်တာပဲ့။

ငါ့ကိုစိတ်ဒုက္ခတွေ ခံစားရအောင် အမြဲလုပ်တယ်။

နင်တို့ အစ်ကိုလေးက အလကားကောင်ပဲ။

"ဒိုး ... ဒိုး"

"ဒိုး ... ဒိုး ... "

သူမ ခြေသံပြင်းပြင်းနှင့် အပေါ်ထပ်သို့ ပြေးတက်လာခဲ့ ည်။

ငိုချင်တယ်။

အိပ်ခန်းထဲဝင်လာခဲ့ပြီး အိပ်ယာပေါ် မှောက်ချလိုက်၏။

သူမမျက်ဝန်းတွေထဲမှ မျက်ရည်တွေ တလိမ့်လိမ့်စီးဆင်း လာသည်။

"ကောင်း ... နင် အိုကေလို့ပြောသွားတာ၊ ငါနဲ့ကိုကို့ကို ဘောတူတဲ့အကြောင်း ကြိုတင်နိမိတ်ပြသွားတာ မဟုတ်လား။ ပျော်အောင်လား ... ပြောစမ်းပါ"

သူမ ဘဏ်စာရင်းထဲသို့ ငွေတော်တော်များများ ထည့်ပေး ခဲ့တာကို ညက်မုန်းသည်။

ကိုကို့ရှေ့မှာ မျက်နှာမငယ်စေဖို့တဲ့ နင်က ငါ့အဖေလားဟဲ့။

ကိုကိုနှင့်ပတ်သက်ဆက်ဆံရတာတွေ ကိုကို လက်ရဲဇက်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုမူတာတွေ မကြိုက်တော့။

နင်က အစဉ်းစားဉာဏ်မရှိတဲ့ မိန်းမတစ်ယောက်ပဲ မြညက်သာ။

ကြည့်စမ်း ...

မစဉ်းစား မဆင်ခြင်ဘဲ ချစ်သူလို့ပြုခဲ့တယ်။

ကိုကို့အကြောင်း မင်းဘာသိလို့လဲ။

ပြီးတော့ အိမ်ထောင်ရှင်။

ကိုကိုက မလိမ်ဘူး။

နင်က ဘုမသိ ဘမသိ အသုံးချလိုက်တာပဲ။

အန်ကယ်ပေါ်ထွန်းက သူမထံ ဖုန်းဆက်သည်။

"မြညက်သာ ... မင်းချစ်သူအကြောင်း ကောင်းက ဖုန်းဆက်ပြောတယ် သူသဘောတူတယ်တဲ့လေ"

"ရှင်"

"ပြည့်စုံတဲ့ယောကျ်ားတစ်ယောက်ပဲတဲ့ ... မင်းနဲ့လိုက်ဖပါတယ်တဲ့ ... မင်းတို့ ကြိမ်းသေလက်ထပ်ကြမှာဆို"

"ရှင်"

"ကလေးမ ဘာကြောင်နေတာလဲ၊ အန်ကယ်သိထား ကောင်းတာပဲ မဟုတ်လား၊ မင်းအတွက် အန်ကယ်ရော ကော





ရော စိတ်ပူနေကြရတာ၊ ကောင်းထောက်ခံတယ်ဆိုရင် အန်ကယ် စိတ်မပူတော့ဘူး ... ဘာလုပ်ပေးရမလဲ၊ မင်းပိုင်ဆိုင်တဲ့ပစ္စည်းတွေ အန်ကယ် ထိန်းသိမ်းထားပါတယ်၊ မင်းခင်ပွန်းက အရည်အချင်း ပြည့်တယ်ဆိုရင် အန်ကယ် လွှဲအပ်ပေးပါ့မယ်"

ရှင်က ဒီလောက်မြန်မြန်ကြီး အန်ကယ်ပေါ်ထွန်းကိုပြော ဆိုတာ ဘာသဘောလဲ။

အရမ်းကို သဘောတူနေတာပေါ့လေ။

"မြညက်သာ"

"ပြောပါ အန်ကယ်"

"တကယ်တော့ မင်းမိဘတွေက မင်းနဲ့မောင်ကောင်းကင်ကို လက်ထပ်စေချင်ကြတာပါ"

"ရှင်"

"အန်ကယ့်ကို မှာခဲ့တယ်၊ ကောင်းကို အားကိုးကြတယ် ယုံကြည်ကြတယ်"

"ဘာပြောတယ် အန်ကယ် ... အဓိပ္ပာယ်မရှိတာဘဲ၊ အဲဒီကိစ္စ ကောင်းရောသိလား"

"သိပါတယ် အန်ကယ်ပြောပြတာပါ ... ကောင်းက ညက်သွားရင် အရမ်းစိတ်ဆိုးလိမ့်မယ်၊ အဆင့်အတန်းချင်းက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားပါတယ်တဲ့၊ သူက ဒရိုင်ဘာသားပါတဲ့၊ အင်းလေ ... ပြီးခဲ့ သွားပါပြီ ... သမီးမှာချစ်သူရှိသွားပြီပဲ ... တင့်တင့်တယ်တယ် ယောကျ်ားတစ်ယောက်ဖြစ်နေတော့ အန်ကယ်တို့ ငြင်းပယ်စရာ အကြောင်းမရှိတော့ဘူးပေါ့၊ လိုအပ်တာတွေပြောပါ ... ဒီခြံနဲ့တိုက် က သမီးနာမည်နဲ့လေ ... လွှဲပြောင်းပေးရတော့မှာပေါ့"

"အဲဒီလောက်ကြီးတော့ မစဉ်းစားကြပါနဲ့ဦး အန်ကယ် ကောင်းလည်း ခံစားသင့်တာတွေ ရှိပါတယ်၊ လိုအပ်လာရင် ညက် ကိုယ်တိုင် တောင်းဆိုပါ့မယ်လေ"

"ညက်အားမငယ်စေချင်ဘူး ... အသိုင်းအဝန်း အင်အား တောင့်တင်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်မှာ မဟုတ် လား"

သူမ ဖုန်းကို ပိတ်ပစ်သည်။

မကြားချင်တော့လို့ပါ။

သူမ အမှားအယွင်းအတွက် ဘယ်လို နောက်ပြန်ဆုတ် မလဲ။ ကိုကိုကလည်း ချစ်သည်တဲ့။

အား ... သေပစ်ချင်တယ်။

ကောင်းစုတ် ...

နင့်ကြောင့်ပဲ။





မြညက်သာအမှားအယွင်းတွေ လုပ်မိသွားရတာ။ ကောင်း ဘင်ယံကြောင့်ပဲသိလား။

သူမ အော်ဟစ်ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

မြည်ကပ်သာကို ချစ်သည်။

ကိုကို့နှလုံးသားတွေထဲမှာပဲ တင်ထပ်နေခဲ့၏။

သူ့အတွက် အကြီးမားဆုံး အယှာန့်အတား။ ဆူးညှောက်ခလုတ်က ခွာညိုမေပဲ။

ကိုကိုထောင်ချောက်တစ်ခုထဲသို့ ဝင်မိတာကအမှန်ပဲ။

မလွှဲသာမရှောင်သာလို့ မေ့ကို လက်ထပ်လိုက်ရသည်။

"အချစ်မပါတဲ့ အိမ်ထောင်ရေးဟုတ်လား ... မင်းထင်မလိုပါဘူး ... မေက မင်းထင်ဆီက အချစ်တွေမှမလိုတာ၊ အတူနေထိုင်ချင်တာပဲရှိတာ၊ မင်းထင်က မိုက်တယ် အရမ်းစတိုင်လ်ကျတယ် ... ပြီးတော့ ငွေရှာကောင်းတယ်"

"ခွာညိုမေ ... မင်းအရှုးလား ပြောချင်တာတွေလျှောက်





ပြောမနေစမ်းပါနဲ့ အဆင့်မရှိဘူး"

"အဟွန်း ... ဟွန်း ... အဟင်း ဟင်း ခွာညိုမေ့မှာ အဆင့်မရှိဘူးလေ ... မင်းထင်သိတာပဲ၊ လိုင်းပေါ်က မိန်းကလေးပါ အမေရိကားကိုတောင် Sponsor နဲ့ ရောက်လာတာ၊ မင်းထင်ကိုကိုဆိုတဲ့ ယောကျ်ားတစ်ယောက်ကိုတွေ့လို့ အဲဒီ Sponsor ကို ခွာပစ်လိုက်တာ၊ ရှင့်ကိုတော့ ချစ်တယ် ... အတည်တကျ အိမ်ထောင်တစ်ခုကို ထူထောင်ချင်တာပါ"

"ဒါဆိုလည်း မင်းအေးအေးဆေးဆေးနေလေ၊ ဘာဖြစ်လို့ ကိုယ့်ဝိုဏ်သိက္ခာကို ထိခိုက်အောင်လုပ်ရတာလဲ ခွာညိုမေ"

"ကျွန်မအကျင့်လေ"

"ဘာပြောတယ်"

"အကျင့်"

"ဖြန်း"

သူမ ယိုင်ကျသွားသည်။

အရက်တွေ လူမှန်းမသိအောင်ပင် သောက်စားမူးယစ်နေသည်။

ခေါင်းစိုက်နေ၏။

သူ့ငွေကြေးတွေကို အတိုင်းအတာနှင့်သုံးစေ၍ သူမ ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ ပေါက်ကွဲနေခဲ့၏။

သူ့ကို အတင်းအကြပ်သိမ်းသွင်း၍ ဘဝပျက်စေခဲ့တဲ့မိန်းမ။

"ငါ ရန်ကုန်ပြန်မယ်၊ မင်းနဲ့ကွာရှင်းမယ် ... မင်းတောင်းဆိုတာ အကုန်ပေးမယ် ... ဘယ်လိုလဲ"

"အိုကေ ... ကွာရှင်းပေးမယ်၊ ရန်ကုန်ပြန်မယ် ... ကျွန်မအတွက် ခြံနဲ့တိုက် စီစဉ်ပေး၊ ဘဏ်စာရင်းမှာ ငွေသိန်းနှစ်ထောင် ထည့်ပေးထား ... မင်းထင်က သူဌေးပါ ... ဘယ်လိုလဲ"

"ကောင်းပြီလေ ... မင်းဆန္ဒတွေအတိုင်း လုပ်ပေးမယ်၊ မင်းပြန်လာခဲ့ပါ၊ ကိုယ်တို့တရားဝင် ကွာရှင်းမယ်"

ခွာညိုမေနှင့်ကွာရှင်းဖို့ သူစီစဉ်စရာရှိတာတွေ စီစဉ်နေသည်။

ကိုကိုချစ်တာက မြညက်သာပဲ သေချာ၏။

ဓာတ်ပုံလေး တွေ့ပြီးထဲက သူ့စွဲလမ်းနှစ်သက်နေခဲ့သည်။

"ကိုကို့နောက်ကြောင်းတွေ ရှင်းအောင်လုပ်မယ်၊ မင်းကိုလက်ထပ်မယ် ... ကိုကို့ဇနီးမယားက ဖြူစင်ရိုးသားသူဖြစ်စေရမယ်"

ကိုကို့စိတ်ထဲမှာ ကောင်းနှင့်မြညက်သာတို့ တစ်နည်းနည်းနှင့် သံယောဇဉ်တွယ်ငြိနေကြတာလည်း ဖြစ်နိုင်သည်။





မြညက်သာက သူ့ကိုမချစ်ပေ။

ဖြစ်နိုင်တာက ကောင်းကြောင့်ပဲ ဖြစ်နိုင်၏။

ကိုကိုကတော့ မြညက်သာအား ကောင်းလက်ထဲ လုံးဝမအပ်နိုင်တော့။

မြညက်သာက ကိုကို့အတွက် ဖြစ်စေရမည်ဖြစ်သည်။

"ခွာညိုမေ ... မင်းက ငွေပဲမက်တဲ့မိန်းမ၊ အိမ်ထောင်ရေးအနှစ်သာရကို မခံစားတတ်ဘူး၊ မင်းထင်ကိုကိုက မိသားစုဘဝကို နှစ်သက်တာကွ"

သူ့မှာမိသားစု မရှိခဲ့။

မိဘတွေ ကျန်ရစ်ခဲ့တဲ့အမွေအနှစ်တွေကို သူက အသုံးကောင်းကောင်းချနိုင်ခဲ့သည်။ တိုးပွားလာခဲ့၏။

ထိန်းသိမ်းရမည့် ခွာညိုမေလို ပေါ့ပျက်ပျက် မိန်းမတစ်ယောက်အတွက် အဆုံးရှုံးအနစ်နာမခံနိုင်။

"မြညက်သာကို ချစ်တယ် ... ကိုကို အရမ်းချစ်တယ်၊ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ မြညက်သာကျေနပ်တဲ့အထိ ကိုကိုရှင်းပစ်မယ်"

သူ့ ဟန်းဖုန်းမှ တီးလုံးလေး ထွက်ပေါ်လာ၍ ဖုန်းကိုဖွင့်နားထောင်လိုက်တော့ ခွာညိုမေ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ သူက အပြတ်ရှင်းပစ်ချင်တာပါ။

“မင်းရောက်နေပြီလား ခွာညိုမေ”

“ရှင့်တိုက်ခန်းအဝမှာလေ ... တံခါးဖွင့်ပေးပါဦးမောင်ရယ်”

“မင်း ... မင်း ဒီကိုဘာလာလုပ်တာလဲ၊ မင်းတခြားမှာ သွားတည်းပါ၊ အမြန်ဆုံးကွာရှင်းမယ်၊ မင်းနေထိုင်ဖို့ ခြံနဲ့တိုက် ငါအမြန်ဆုံးစီစဉ်ပေးမယ်၊ ဝယ်ဖို့ဈေးဆိုင်ထားပြီကွ”

“မောင်ရယ် ... ဒီလောက်လည်း အလျှင်လိုမနေပါနဲ့နော်၊ ကျွန်မရောဂါ ဖြစ်နေတယ်”

“ဘာ”

“အစာအိမ်ကင်ဆာပါ”

“မင်း မဟုတ်တာတွေ လာမပြောနဲ့ ခွာညိုမေ ... ငါမယုံဘူး၊ မင်းဟာမင်း ဘာပဲဖြစ်ဖြစ်ကွာ”

“တံခါးဖွင့်ပေးပါဦး မောင် ... တကယ်တော့ ခုထိ မောင်နဲ့ကျွန်မက တရားဝင်ဇနီးမောင်နှံတွေလေ၊ မောင်တံခါးဖွင့်ပေးပါ။ လက်မခံရင် မောင့်အရှက်ပိုကွဲသွားမှာနော်”

“တောက် ... မင်း ... မင်း”

သူကြောက်သည်။

ခွာညိုမေက အရှက်သိက္ခာကင်းမဲ့လွန်းသူ။





ကိုကိုအလိုက်အထိုက် ဆက်ဆံပေးမှဖြစ်တော့မည်။

ရှုံ့စရာ ကောင်းတယ်။

သူထလိုက်၏။

မလွှဲသာ မရှောင်သာ တံခါးဖွင့်ပေးလိုက်ရသည်။

“မောင်ရယ် ... မေတကယ်ပဲ အစာအိမ်ဖြစ်နေတာပါ၊ ကြည့်ပါဦး မေပိန်မသွားဘူးလား ... ဒီမှာ ဆေးစာတွေလည်းပါပါတယ်”

ခွာညိုမေ့ကိုကြည့်ရတာ နည်းနည်းလေးတော့ ဖြူရော်ရော်နဲ့ အားအင်တွေ ချိနဲ့နေပုံပင်။

တကယ်ပဲ အစာအိမ်ကင်ဆာဖြစ်နေတာလား။

ဧည့်ခန်းမှာ ဝင်ထိုင်သည်။

“မောင့်အခန်းက အကျယ်ကြီးပဲ ... ခမ်းနားလိုက်တာ၊ အရမ်းဇိမ်ကျတယ်၊ မကွာရှင်းခင်တော့ ကျွန်မဒီမှာနေမယ်”

“ကွာရှင်းတာ အခုလုပ်လည်းရတာပဲ ခွာညိုမေ ... ကိုယ်အစောကြီးထဲက စီစဉ်ပေးထားတာပါ”

“ကျွန်မ ကျန်းမာရေးမကောင်းသေးဘူး၊ ကျွန်မအပေါ် အဲဒီလောက်အထိ မရက်စက်သင့်ဘူးနော် မောင်”

မေသိတယ်။

မောင် ကောင်မလေးတစ်ယောက်နဲ့ ငြိနေပြီဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



သတင်းကအမှောင်ချထားလို့မှမရတာဘဲ။

မေ အားလုံးသိတယ်။

မေ့အတွက် ခွင်ကြီးကြီးမိပြီ ထင်တယ်။

“အား ... ကျွတ် ... ကျွတ် ... အောင့်လိုက်တာ၊ မေ့ကို ကယ်ပါဦးနော် မောင် ... အမလေး ... ကျွတ် ... ကျွတ်”

“မင်းဆေးခန်းသွားလေမေ ... ကိုယ်ကဘာလုပ်တတ်မှာလဲ ကွ၊ နားမလည်ဘူး”

“ပြရမှာပေါ့မောင် ... နိုင်ငံခြားမှာလည်း ပြခဲ့ပါတယ်၊ မေက သေရတော့မယ်သူပါ”

“ဒုက္ခပါပဲကွာ”

“အား ... ကျွတ် ... ကျွတ်”

“မင်းအခန်းထဲ ဝင်လှဲနေပါ နွာညိုမေ”

“မေမှ မထနိုင်တာ၊ ကူညီပါဦးမောင်ရယ် ... ဘာပဲဖြစ်ဖြစ် လက်ရှိမှာမေက မောင့်တရားဝင်ဇနီးပါ”

“တော်စမ်းပါကွာ၊ မင်းကြောင့် ငါ့ဘဝကြီးတစ်ခုလုံး ပျက်စီးသွားရပြီ အပျော်ဆိုတာလည်း မရှိတော့ဘူး၊ မင်း ... မင်း ငါ့ဘဝထဲကို ဝင်မလာစေချင်တော့ဘူး”

“မေက သေလူပါမောင် ... နောက်ဆုံးရက်တွေအားလုံး





မောင်နဲ့အတူတူနေထိုင်ရင်း ကုန်ဆုံးချင်တာပါ”

သူမကိုတွဲ၍ အခန်းတစ်ခုထဲ လိုက်ပို့ပေးသည်။

ပြန်ထွက်သွား၏။

နွာညိုမေ့ နှုတ်ခမ်းတွေက ပြုံးသွားရသည်။

“မင်းထင်ကိုကိုဆိုတာ တော်းပဲ၊ အရမ်းတုံးလွန်းတယ် ... ချန်မက လူမမာရုပ်ပေါက်အောင် ဖန်တီးထားတာလေ”

မေ ထလိုက်သည်။

ရယ်ပိစိမိ၏။

မင်းထင်ကိုကိုကို ဆော့ကစားရတာအပျော်ဆုံးပဲ။

တစ်သက်စာ ခိုင်တယ်။

သုံးစမ်း ...

မြည်ကာသာဆိုတဲ့ကောင်မလေးနှင့်ငြိနေတာ မေတွေ့ထားသည်။

မေ မြန်မာပြည်ရောက်နေတာ တစ်ပတ်ရှိပြီလေ။

မင်းထင်ကိုကိုကို စောင့်ကြည့်နေခဲ့တာလေ။

“မေ ဘယ်တော့မှ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးဖြစ်လဲမသိဘူး ... ဒါပေမဲ့ ကွာရှင်းပေးမှာပါ မောင်ရယ်”

မောင့်ရင်ခွင်ထဲ တိုးဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က အထိတ်တလန့်နှင့် ဖယ်ပစ်သည်။

မေ ခွေကျသွားမှ မောင်ကပွေ့လိုက်၏။

မင်းထင်ကိုကို ရှင်နိုင်ပါသေးတယ်။

ခွာညိုမေကို လျှော့တွက်မထားနဲ့။

ရှင့်ကို အရှုံပေါ်ကျန်အောင် လုပ်ပစ်မှာ။

ရှင့်အချစ်ကလေးက ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးပါ နော်။

"မောင်ရယ် ... မေက သေရတော့မယ့်သူပါနော်၊ ဘာဖြစ် လို့ ရက်စက်ချင်ရတာလဲ၊ ကျွန်မရဲ့ နောက်ဆုံးအချိန်တွေမှာ မောင် နဲ့အတူတူ နေထိုင်ချင်ပါတယ်"

"ဒီမှာ မေ ... မင်းကို ကိုယ်မသနားနိုင်တော့ဘူး၊ တော်ပါ တော့မေရာ ... မင်းအတွက်ရမယ့် ခြိန်းတိုက်ရှိနေတာပဲ၊ အဲဒီမှာ သွားနေစမ်းပါ"

"အဲဒါတွေကို မေမမက်ဘူး၊ မရချင်လည်းနေပါစေ၊ မောင်နဲ့ တူတူနေချင်တယ်၊ မောင့်ရင်ခွင်ထဲမှာ ခဏလေးဖြစ်ဖြစ် နားခိုနေ ပါရစေ"

သူကတော့ မြည်ကိုသာ တစ်မျိုးထင်မှာ အစိုးရိမ်ဆုံးပင်

ခွာညိုမေ့ကို ဘယ်လိုလုပ်ရမလဲ ... နေမကောင်းတာ





မကောင်းတာပဲ သူယုံကြည်ဖို့ ခက်သည်။

မာယာများလွန်းတဲ့ မိန်းမတစ်ယောက်ပါ။

ဖြူရော်ရော်နှင့် အားအင်နည်းသလို ပုံစံပေါက်နေပေမယ့် မော ဉာဏ်များလွန်းသည်။

"မောင်"

"ဘာလဲ ခွာညိုမေ"

"အား ... ကျွတ် ... ကျွတ် ... အရမ်းအောင့်နေတယ်၊ ကယ်ပါကွယ် ... မောင့်ကိုလည်း ဒုက္ခမပေးချင်ပါဘူး ... အား"

"မင်းခဏတော့နေပါ ခွာညိုမေ ... ပြဿနာတော့ မရှာစမ်း ပါနဲ့ကွာ"

"မေ တောင်းပန်ပါတယ်မောင်ရယ် ... မေ့အမှားတွေလည်း ပါတယ်၊ မောင်မရှိတော့ မောင့်အချစ်တွေ ဘယ်လောက်အထိကြီး ခဲ့ရလဲဆိုတာ မောင်မရှိတော့မှ ကျွန်မသိရပါတယ်"

သူပြန်ထွက်လာခဲ့သည်။

ခွာညိုမေကို ရုတ်တရက်ကြီး မောင်းထုတ်ပစ်ဖို့ကလဲ မဖြစ်

ရောဂါဝေဒနာရှင်ဆိုတော့ ခက်နေ၏။

ယုံလည်း မယုံကြည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုချစ်တာက မြည်က်သာကိုပါ။

လက်ထပ်ရမယ်။

မြည်က်သာကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်တော့ဘူး

ချာညို့မေ လာရှုပ်နေတာ စိတ်ပျက်မိသည်။

"မောင်ရေ … မေ့ကိုပန်းသီးဖျော်ရည်လေး တစ်ခွက် လောက်လုပ်ပေးပါ … အစာအိမ်နဲ့တည့်တယ်တဲ့"

"တောက်"

သူ ဒေါသတကြီး တောက်ခေါက်မိသည်။

ဘယ်လိုလုပ်ရမလဲ။

ချာညို့မေကတော့ သူ့ကို ကောင်းကောင်းဒုက္ခပေးတော့ မည်။

မြည်က်သာထံ ပြဿနာသွားရှာမှာ စိုးရိမ်၍ သူအလို အထိုက် နေပေးရတော့မည်ဖြစ်သည်။

"မင်း ဘာဖြစ်လို့ ခိုင်းရတာလဲ … ငါက မင်းအစေအ လား"

စိတ်ထဲကနေ ဒေါသတွေပေါက်ကွဲနေပေမယ့် ဖျော်စက် ဖြစ်လို့ ဒီလောက်အထိ လန့်သွားရတာလဲ"

သို့ ပန်းသီးအစိတ်တွေထည့်ပြီး အချိုရည်စပ်ကာ ဖျော်ရသည်။

"ချာညို့မေ မင်းအကျင့်ဘာလဲဆိုတာ ငါသိတယ်၊ မင်း နော်၊ ငါ့မှာချစ်ရတဲ့သူတစ်ယောက်မှ မရှိဘူးကွ၊ မင်းကြောင့်ပဲ





ရောဂါရှိနေတယ်ဆိုတာလည်း ငါယုံမယ်ထင်လား"

ချာညို့မေနှင့် တစ်ခန်းထဲနေရတာ သူစိတ်မလုံပေ။

ငြင်းလို့လည်း မဖြစ်ဘူး။ သူ့ကိုကပ်နေတာသိနေသည်။

မတတ်နိုင်တော့ဘူး။

ပန်းသီးဖျော်ရည်သွားပို့ပေးရ၏။

ချာညို့မေက သူ့လက်ကို ဆွဲထားသည်။

"ဘာလုပ်တာလဲ … လွှတ်စမ်းပါ ချာညို့မေ ငါမကြိုက်ဘူး"

"မောင်"

"လွှတ်ကွာ"

"ကျွန်မက မြည်က်သာ မဟုတ်လို့လား"

"ဘာပြောတယ်"

"မောင်နဲ့မြည်က်သာဆိုတဲ့ ငထောမလေး ငြိနေတာ မေသိ တယ်နော်"

"မင်း … မင်း … "

"ကြည့်ပါဦးမောင့်မျက်နှာပေါ်မှာ သွေးမရှိတော့သလိုပဲ၊

"ချာညို့မေ … မင်း … မင်းဒီကိစ္စ အကြပ်ကိုင်ဖို့ မကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ငါ အချစ်ကို မယုံကြည်တော့တာ”

“ဟင်း ... အဟင်း ... ဟင်း မောင်ကလေ မေ့ကိုလျှော့တွက်ထားတာပဲ၊ မြည်က်သာက ငယ်တယ် ... အရမ်းချောတယ်၊ ချမ်းသာတယ် ... ကောင်းကင်ယံဆိုတဲ့ကောင်လေး စောင့်ရှောက်မှုနဲ့ အရမ်းကိုပစ်မျိုးမဲ့မထင်လေးလေ”

“တော်စမ်းပါ ချာညို့မေ ... မင်းက ငါ့ကို ဒုက္ခပေးဖို့ တော်တော်လေးအချက်အလက်တွေ စုဆောင်းထားခဲ့တာပဲ”

“ကျွန်မက မောင့်အထာကိုနပ်ပြီးသားပါနော်၊ ဒီကောင်မလေး ဓာတ်ပုံ မောင်ပိုင်တဲ့ ကွန်ပျူတာတွေ ဟန်းဖုန်းတွေထဲမှာ ရှိနေတာကို မြင်နေရတာပဲ၊ အရမ်းချစ်စရာကောင်းတာပဲ၊ ကျွန်မ သဘောတူပါတယ်”

မေ ရယ်မောပစ်မိသည်။

မင်းထင်ကိုကိုဆိုတဲ့ ယောက်ျားကို မေလည်းမချစ်ပါဘူး။

ဘာလုပ်ရမှာလဲ။

ဂုဏ်ခြပ်တွေ ပြည့်စုံပြီး မေ့လို မိန်းမအပေါ် အထင်သေးနှိမ်ချ ဆက်ဆံချင်နေတာပါ။

မေက အသုံးအဖြုန်းကြီးသည်။

မောင့်ထံမှ ဘဝတစ်သက်လုံးခိုင်အောင် ရသလောက် ချ





ယူမှာပဲဖြစ်၏။

မောင့်မျက်နှာကြီးက သုန်မှုန် စူတင်းနေသည်။

“မောင်”

“ဖယ်စမ်းပါကွာ”

“မေက ရောဂါသည်ပါနော် ... ဘာလို့ ဒီလောက်အထိ ဆက်စက်ချင်ရတာလဲ၊ ကျွန်မ သေလူပါနော် ... သေရင်တောင် မောင့်ရင်ခွင်ထဲမှာပဲ သေပါစေလား”

မောင့်ရင်ခွင်ကို မှီတွယ်၍ မောင့်ရင်ဘတ်ကြီးကို ပွတ်သပ်သည်။

မောင်က ဖယ်ပစ်လိုက်၏။

မောင့်ကို အရက်မူးအောင်တိုက်ပြီးမှ နှစ်ပါးသွားရတော့မယ် ထင်တယ်။

ခန္ဓာသားချောမောမှုတွေက မောင်ကံကောင်းစွာ ပိုင်ဆိုင်ထားသောအရာတွေပဲ။

မေ့ အကျင့်စရိုက်ကိုလည်း မောင်အသိဆုံးပါကွယ်။

အချစ်မှ မလိုအပ်တာပဲ။

မေက မောင့်ရမက်တွေ နိုးထလာအောင်နှိုးဆွဖို့ ကြိုးစားမယ် မောင်ကတော့ အတင်းကြမ်းတမ်းစွာ ဆွဲဖယ်၍ အပြင်ကို ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"မင်းချစ်သူကို ကိုယ်သဘောတူလက်ခံပါတယ် မြည

သာ"

ကောင်းပြောလိုက်ရပေမယ့် ရင်ထဲမှာစူးနစ်နာကျင်မှု အတိုင်းအဆမရှိ ခံစားလိုက်ရသလို မြည်က်သာရဲ့အပျော်ကိုလည်း မမြင်တွေ့လိုပေ။

မင်းအရမ်းပျော်နေမှာပဲ ညက်။

ဖြစ်သင့်ပါတယ် ကိုယ်ဘယ်တုန်းကမှ မင်းအပေါ် အ တယူ မရှိခဲ့ဘူး။

အကြင်နာလည်း မရှိခဲ့ဘူး။

အေးစက်မှုတွေနဲ့ ရှောင်ဖယ်ဖယ်နေခဲ့တယ်။

ကိုယ်က မင်းနဲ့မတန်ပါဘူးကွာ။





"မင်းတို့လက်ထပ်ဖို့ စီစဉ်ပါတော့ ... မင်းဘာလုပ်ချင်လဲ ညက် ... မင်းဆန္ဒရှိမယ်ဆိုရင် လုပ်ငန်းတွေအားလုံး ကိုကိုလက်ထဲ ခဲ့ပြောင်းပေးအပ်ပါ့မယ်"

ကောင်းစုတ် ... ။

နင့်ကိုယ်နင် လူတော်လူကောင်းကြီး ဟန်ဆောင်နေတော့ လားဟဲ့။

အန်ကယ်ထင်ပေါ်က လက်ထပ်ကြဖို့ ပြောတာတောင် နင် ငြင်းပယ်တယ်ဆို ဟုတ်လား။

ကောင်းကိုလည်း ညက်အပြစ်မတင်လိုပေ။

သူမရဲ့ ဖိနှိပ်ဆက်ဆံမှုတွေကြောင့်ပဲ ဖြစ်နိုင်သည်။

ဒါပေမဲ့ ...

အခြေအနေတွေက သူမနှင့်ကောင်း ဝေးကွာသွားဖို့ပဲ ဖြစ် သည်။

"လက်ထပ်ဖို့အထိတော့ အတိအကျမဆွေးနွေးရသေးပါဘူး ကောင်း ... ငွေကြေးကိစ္စတွေနဲ့ မဆက်နွယ်တာ အကောင်းဆုံးပဲ၊ လောက်တော့ ကောင်းပဲ ထိန်းသိမ်းထားပေးပါ"

"ကိုကိုက ပြည့်စုံပါတယ်ညက် ... မင်းရွေးချယ်သင့်ပါတယ် ယ်အကြံပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကောင်းနဲ့မဆိုင်ဘူးထင်တယ်၊ ဉာဏ်ကိုယ်ရေးကို
တာကိစ္စပဲ ... အရမ်းကြီးလည်း ကျွန်မကို ပထုတ်မနေစမ်းပါနဲ့နော်

"မဟုတ်ဘူးလေ ညက်"

"နင့်အကြံကို ငါမသိဘဲနေမလားကောင်းစုတ် ... နင်အ
ယူ"

"ဘာပြောတယ်"

"ကောင်းကို ကြိတ်ပိုးနေတဲ့ ဝေနဲ့ အရင်လက်ထပ်ရမယ်"

"ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့ မြည့်သ
ကိုယ်က မိန်းမတစ်ယောက်နဲ့လက်ထပ်ဖို့ ဘယ်တော့မှ စိတ်မ
စားဘူး"

"ဝေလည်း အားလုံးပြည့်စုံနေတာပဲလေ၊ ချမ်းသာတ
တစ်ဦးတည်းသောသမီး ကောင်းအတွက် အရမ်းအဆင်ပြေတယ်"

"ချစ်သူနဲ့လက်ထပ်ဖို့တောင်းဆိုတာက မင်းလေမြည့်
သာ ... မင်းပဲ ချစ်သူကို အတိအလင်းကြေညာပြီး ခေါ်ပြခဲ့တာ
ကိုယ်သဘောတူလက်ခံတဲ့အကြောင်း ပြောပြထားပြီးပြီလေ ...
ကျန်တာမင်းကိစ္စပဲ လိုအပ်တာ ကူညီပေးမယ်"

သူထွက်သွားသည်။

ပြောချင်တာပြောပြီး နင်ထွက်သွားလို့ဖြစ်မလား ကော





စုတ်ရဲ့။

သူမ လုံးဝမကျေနပ်။

လူကြီးမိဘတွေက လက်ထပ်ဖို့ ပြောဆိုထားခဲ့တာတောင်
သူက ဥပက္ခာ ပြုရက်သည်။

"ဘာအဆင့်အတန်းမတူတာလဲ အချစ်မှာ အဆင့်အတန်းရှိ
လို့လား ... ညက့်မိဘတွေရဲ့ ယုံကြည်အားကိုးမှုကို အလွဲသုံးစားလုပ်
တဲ့ ကောင်းစုတ်ရဲ့"

တစ်ယောက်တည်းပြောဆိုပြီး သူမမျက်ရည်တွေက ဘယ်
ကနေ ဘယ်လို လိမ့်ဆင်းစီးကျလာသည်မသိ။

ရှင့်ကြောင့် ... မျက်ရည်မကျချင်ပါဘူး။

ရှင့်ကို ပြဿနာတွေပဲ ရှာပစ်ချင်တာပါ။

အခုတော့ ညက်မှာချစ်သူတစ်ယောက် အဖတ်တင်သွားရ
သည်။

သူပဲ ဖွတ်အတင်း ချစ်သူထားခိုင်းနေပြီတော့များ။

မြည့်သာကို ပထုတ်ပြီး နင်ဘာလုပ်မလို့လဲ ကောင်းစုတ်
ရဲ့။

ရန်တွေ့ပစ်၏။

ဒီလောက်တောင် ဖြစ်နေတာ ကိုကို့ကို တရားဝင်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ထားတော့မယ်။

ရှင်က ဒရိုင်ဘာ့သား အစေအပါးကောင်ပဲ။

အချစ်ဆုံးတွေက သူမနှလုံးသားထဲ မထင်မှတ်စွာ စူးနစ်နေလေသည်။

"မမလေး ညက် ... ဧည့်သည်လာပါတယ် ခြံထဲမှာ"

"ဟင်"

ကိုကိုဖြစ်မှာပဲ။

သေချင်တယ် ...

မတွေ့ချင်ပါဘူးဆိုမှ။

ကောင်းရော အိမ်ဖော်ကောင်မလေးကို အင်းဟုပြောပြီး အိပ်ရာပေါ် လှဲလိုမှဲ့ငိုယိုထားသဖြင့် တွန့်ကြေနွမ်းဖတ်ဖတ် အဝတ်အစားတွေကို လဲပစ်၍ ခြံထဲဆင်းလာခဲ့သည်။

ကိုကိုပဲ ...

သူမခြေလှမ်းတွေက လေးလေးလံလံ။

ကိုကိုက တကယ်ပဲခန့်ညားချောမော နုဖတ်နေသူပါ။

စတိုင်လ်ကျလွန်းတဲ့ ကိုကို့သွင်ပြင်ကို မြင်ကာစက စိတ်ဝင်စားခဲ့မိပေမယ့် အိမ်ထောင်ရှိတာသိလိုက်ပြီးတဲ့အချိန်မှစ၍ မနှစ်သက်မိတော့။





ဟန်ဆောင်ချစ်သူအဖြစ်တောင် စိတ်က မသိုးမသန့်။

သူမနှုတ်ခမ်းလေးပေါ်မှာ ဟန်ဆောင်အပြုံးလေးတင်ထားဖို့ပင် ခက်ခဲနေသည်။

"ညက်လေး ... "

"ကိုကို"

"အသက်မပါလိုက်တာကွာ'

"ဒီနေ့တော့ ကျွန်မစိတ်တွေ လေးလံညစ်ထွေးနေသလိုပဲ ကိုကို ... မိဘတွေကိုလည်း သတိရနေမိသလိုပဲ"

"ကောင်းက ဘာပြောလဲ ကိုကိုနဲ့ညက်လေးကို သဘောတူတယ်တဲ့လား"

"အဲဒါ ကိုကိုသိဖို့မှမလိုတာ ... ညက်နဲ့ကိုကိုက ဟန်ဆောင်ထားကြတာလေ"

"ညက်"

"ရှင်"

"ချစ်တယ်"

"ဟင်"

"ကိုကို ညက်လေးကိုချစ်တယ်လို့ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတွေနဲ့ တောင်းဆိုပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ညက် ခြောက်ခြောက်ချားချားနှင့် ဒန်းပေါ်မှာ နှစ်ယောက်အတူယှဉ်တွဲထိုင်ရင်း ကိုကို့လက်တွေက သူမပခုံးလေးကို သိုင်းဖက်လာ၍ အထိတ်တလန့်နှင့် တိုက်ကြီးပေါ် မော့ကြည့်မိတော့ ကောင်းက ပြတင်းပေါက်မှာရပ်နေပြီး အပြုံးတွေနှင့် အိုကေဟု လက်မထောင်ပြရင်း ပြန်ဝင်သွားသည်။

"ကောင်းရှေ့မှာ ကိုကိုက ညက်လေးအပေါ် အရမ်းကြင်နာယုယပြီး ချစ်မြတ်နိုးလွန်းတဲ့ချစ်သူအဖြစ် ဟန်ဆောင်ပြရမှာလေ"

ရှုပ်ပါတယ်။ ကိုကိုနဲ့ပဲ တရားဝင်ချစ်သူအဖြစ် အသိအမှတ်ပြုလိုက်တာ အကောင်းဆုံးပဲဟု သူမတွေးမိနေသည်။

ကောင်းကိုလည်း ရက်စက်တဲ့ကောင်ဟု ... စိတ်ထဲမှာ နာကြည်း မုန်းတီးမိသလိုပင်။

ကိုကိုလက်တွေ သူမခန္ဓာကိုယ်လေးအား တင်းတင်း သိုင်းဖက်ထားဆဲဖြစ်သည်။

"မရုန်းပါနဲ့တော့ ညက်လေးရယ်၊ ကိုကိုအရမ်းပဲချစ်မြတ်နိုးရပါတယ် ... ကိုကိုအိမ်ထောင်ရေးကလဲ ကွာရှင်းတော့မှာပါ။ ညက်လေးကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်နေတယ်၊ ကိုကိုတို့ချစ်သူတွေအဖြစ် လက်တွဲကြရအောင်"





သူမလည်း လက်တွဲချင်ပါတယ်။

ကောင်းစုတ်ကို ရွဲ့ချင်တာပဲရှိနေသည်။

ကိုကို့ကို အမှန်အတိုင်း ဝန်ခံရလျှင် မချစ်ပေ။

သူမ ရုန်းဖယ်လိုက်၏။

ကိုကိုက မလွှတ်။

နောက်ဆုံးတော့ သူမလက်ထပ်ရမှာက ကိုကိုပဲထင်တယ်။

"ကိုကို့အကြောင်းတွေကို ညက်အတိအကျမသိရသေးဘူးလေ၊ ကွာရှင်းဖို့ကိစ္စသာ ပြတ်ပြတ်သားသားလုပ်ပါ ... ပြီးတော့ ညက်ကြောင့် ကွာရှင်းတာမျိုးလည်း မဖြစ်စေချင်ဘူး"

"မင်းကြောင့်မဟုတ်ပါဘူး ညက်လေးရယ် ... နွာညိုမေက သစ္စာမရှိတဲ့မိန်းမတစ်ယောက် ကိုယ့်ကို ကျူးသွင်းခဲ့တာပါ"

"ဖယ်ပါ ကိုကို ... ပြန်ပါတော့နော် ... ညက် ကိုကို့ကို ချစ်နိုင်အောင် ကြိုးစားပါရစေဦး"

ကိုကိုမလွှတ်ချင်။

သူ့စိတ်တွေ တော်တော်လေး မှိုင်းညို့လေးလံနေသည်။

နွာညိုမေ့ခြေလှမ်းကို သူသိထားသည်။

တကယ်ရော အစာအိမ်ကင်ဆာဖြစ်နေတာလား စိတ်ရှုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ တောင်းဆိုသမျှ ပေးထားတာပဲ။

သူ့နှလုံးသားထဲမှာ ညက်ကစော စီးစွာရှိထားပြီးသားပါ။

ညက်က ရှန်းထွက်သည်။

"ကိုကိုပြန်တော့နော် … ကိုကိုက လွတ်လပ်တဲ့ယောကျ်ား တစ်ယောက်မဟုတ်ဘူးဆိုတာ ကောင်းသိလို့မဖြစ်ပါဘူး၊ ဆင်ဆင် ခြင်ခြင်နေကြရအောင်"

ကိုကိုက အရပ်ရှည်၍ ညက်ခေါင်းလေးကို ငုံ့နမ်းသည်။

ပါးပြင်ကို မနမ်းမိစေရန် ညက်ခေါင်းကို ညွှတ်ပေးရင်း ကိုကို လက်တွေကို ဖယ်ပစ်လိုက်၏။

ကောင်း … ရှင်တစ်နေရာရာကနေ ကြည့်နေမှာ မဟုတ် လား။

ရှင် ပျော်နေမလားဘဲ။

မုန်းလိုက်တာ …

ကိုကိုနှင့် ဘယ်လိုကနေဘယ်လို ပတ်သက်မိမှန်းပင်မသိ။

ညက် သူမကိုယ် သူမ ဒေါသထွက်မိနေ၏။

ကိုကိုပြန်သွားမှ မွန်းကြပ်လွန်းသောစိတ်ကို ဖြေလျှော့ပစ်ရ သည်။

"မမလေး"





"ဟင်"

"စောစောက အအေးယူခိုင်းထားတယ်လေ"

"ညက်မှာမိလို့လား"

"မှာတယ်လေ … အအေးနှစ်ခွက် ယူလာပေးလို့"

"ဟုတ်သားပဲ … နင်တို့ပဲ သောက်လိုက်တော့"

"ဟိုအစ်ကိုနဲ့ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ကိစ္စရှိလို့ပြန်သွားတာ"

ညီမလေးက ကောင်းနှင့်သဘောတူနေသူ။

ကိုကိုနှင့် မလိုက်ဖက်ဘူးတဲ့။

သူမတိုက်ကြီးထဲ ပြန်ဝင်လာခဲ့သည်။ စိတ်တွေမမှန် တော့ဘူး ထူပူနေတာပဲ။

သူမပြန်ဝင်လာတော့ ကောင်းက ဧည့်ခန်းမှာထိုင်နေ၏။

သူ့အပြုံးကို သူမအမုန်းဆုံးပင်။

"ကိုကို ဘာဖြစ်လို့ပြန်သွားရတာလဲ မြညက်သာ"

"ကိစ္စရှိလို့"

"မင်းတို့နှစ်ယောက်လိုက်ဖက်ပါတယ်၊ မင်းအနေနဲ့ကိုယ့် ထက်အသက်ကြီးတဲ့လူကို ရွေးချယ်တာ အမှန်ဆုံးပဲလေ၊ ကိုကိုက မင်းကိုချစ်ပါတယ် ယုယကြင်နာတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။

အိပ်ရာပေါ် ပစ်လှဲချမိ၏။

စိတ်တွေရှုပ်လိုက်တာ။

သူမလုပ်ရပ်အတွက် အကြီးအကျယ် နှောင်တတွေ ရနေသလိုပင်။

ကိုကိုနဲ့ သူ့ဇနီး ကွာရှင်းပြီးရင်ရော သူမက ဟန်ဆောင်ချစ်သူတွေပဲ ဖြစ်ချင်တာပါ။

BURMESE CLASSIC .com

သူမ တစ်နေကုန် အိပ်ရာထဲ လှဲနေမိသည်။

ဝေ လာလည်တော့ လူလဲထမိသည်။

ကောင်း မရှိလို့ တော်ပါသေးတယ်။

သူမက မဆီမဆိုင် ဝေ့ကို သဝန်တိုနေမိသေး၏။

ဝေက ကြိတ်ပိုးနေတာ။

ဝေက သူမ အိပ်ခန်းထဲဝင်လာသည်။

"ဟဲ့ ... ညက်၊ နေမကောင်းဘူးလားဟ ... မျက်နှာလည်း မကောင်းဘူး"

"ဝေ ... နင်ဘာလာလုပ်တာလဲ"

"ကောင်းဆီ လာတာလေဟာ ... ဝေလေ ကောင်းအတွက် ပုစ္ဆာနံထုတ်ချက်ခိုင်းပြီး လာပို့တာ"





အရင်ကလဲ ဝေမကြာခဏ လာလာပို့တတ်သည်။

သူမက ညာစားနေကျပါ။

ဒါပေမဲ့ ...

အခုတလော သူမ သဝန်ကြောင်မိနေ၏။

ဖေဖေနဲ့မေမေက ကောင်းနှင့်ညက်ကို လက်ထပ်ပေးချင်တဲ့အကြောင်း အန်ကယ်ပေါ်ထင် ပြောပြထဲက သဝန်ကြောင်ချင်နေတာပါ။

"ဟဲ့ ညက် ... "

"ဟင်"

"ရှင်က ဝေ့ကို ဘာကြောင့်ကြည့်နေတာလဲ"

"ဝေ"

"ပြော"

"ကောင်းကို မကြိုက်နဲ့တော့"

"ဘာဖြစ်လို့လဲဟင် ... ညက် ကြိုက်သွားလို့လား"

အင်း ... ဟုဖြေချင်ပေမယ့် ညက်မပြောပြရဲ။

ဝေက ဟားတိုက် ရယ်မောပစ်မှာလည်း ကြောက်မိသည်။

ကောင်းကို ဒရိုင်ဘာသား အောက်တန်းစားဟု ညက် အမြဲမင်းနှိမ်ချဆက်ဆံနေတာပင် ဝေက မကြိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကန်းနေတတ်တဲ့ ဝေ။

ကောင်းသာ သူမကိုချစ်မယ်ဆိုရင် ကောင်း မကြိုက်တာ မှန်သမျှအားလုံး ပြုပြင်ပေးမယ်တဲ့။

"ကောင်းနဲ့ဝေ မတန်လို့ပါ။ အခု ... ညက်လက်ထပ်လိုက် ရင် ကောင်းရဲ့ပိုင်ဆိုင်ခွင့်က တိုက်ခန်းလေးတစ်ခန်းပဲရှိတော့မှာ"

"ရှိရှိပဟာ ကောင်းကို ဝေချစ်တာ နဂိုထဲက ဒရိုင်ဘာတစ် ယောက်ရဲ့သားမှန်းသိသားပဲဟာ ... ဝေတို့က ချမ်းသာပြီးသား လေ၊ ဘာမှမလိုပါဘူး နင်အောင်သွယ်ပေး"

"ဝေ့ကိုပြောရမှာ အားနာတယ်ဟ၊ ဒီကောင်က အနံကြီး ကွင်းကျယ်ဟ ... အေးစက်စက်နဲ့ အရှုးကောင်"

"ညက် ... ရှင်ဟာလေ ကောင်းကိုဆို အရမ်းနှိမ်ချင်တာပဲ သူကပညာတတ် အင်ဂျင်နီယာ ... တို့မိဘတွေက ကောင်းလို ယောက်ျားမျိုးကိုပဲ ရှာနေတာ၊ ကောင်းဘာပဲဖြစ်ဖြစ်ဟာ ဝေတော့ ချစ်တယ်"

"ပြီးရောဟာ"

ဝေယူလာတဲ့ ပုစွန်ထုတ်ဟင်းတွေကို သူမစားပစ်တော့ ဝေ က ကောင်းအတွက်ဟု စားသောက်ခန်းထဲ သွားသိမ်းထားသည်။

"ရှင်ကသာ ကောင်း ... ကောင်းနဲ့ဖြစ်နေတာ၊ ရှင့်ကိုတော့





အလန်းဇယားဆိုပြီး ကောင်းက တစ်စက်လေးမှကြည့်မရဘူး"

"ဘာပြောတယ်ညက် ... ရှင်ပြောတော့ ကောင်းက ဝေ့ကို ဘိတ်ဝင်စားတယ်ဆိုဟဲ့"

"ညက်ကပြောမပြချင်လို့သိလား၊ ဝေနဲ့မပေါင်းရဘူးတဲ့၊ အကျင့်စရိုက်တွေကို မကြိုက်လို့တဲ့"

ဝေ့မျက်နှာလေး မှိုင်းဝေညိုမှောင်သွားသည်။

မတတ်နိုင်ဘူး ဝေရေ။

ညက်လေ ...

ကောင်းကို မမျှဝေနိုင်ဘူး ဖြစ်နေတယ်ဟ။

ညက်ချစ်တာ ကောင်းရယ်ပါ။

"နင်ခံစားရမှာစိုးရိမ်လို့ပါဝေရယ် ... အရင်က နင့်ကို ညက် ညာစားနေတာရယ်၊ ဝေစိတ်မကောင်းဖြစ်မှာစိုးလို့ မပြောပြတာ ။ ကောင်းအပေါ် စွဲလမ်းမနေနဲ့ အလကားကောင်ပါ"

ဝေကတော့ ကောင်း အေးစက်စက်နှင့်ဝေအား အဖက် မလုပ်သလိုလို မျက်နှာထားတင်းတင်းကြီးနှင့်နေတတ်တာသိပေ မယ့် ညက်ကိုလည်း မယုံချင်။

ကောင်းကို မသိမသာ တိတ်တိတ်လေး ချစ်နေတာလည်း ကြာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက်မျက်ဝန်းတွေထဲမှာ အချစ်တွေရှိနေနိုင်၏။

ကိုကို့အပေါ် ညက်စိတ်ဝင်စားမှု သိပ်မရှိကြောင်း ကိုကို့ကို ပြောသည်။

ညက်က ကောင်းမနာလိုဝန်တို ဖြစ်လာအောင် ကိုကို့ အသုံးချခြင်းဖြစ်၏။

ညက် အတင်းကြီး မောင်းထုတ်နေ၍ ပြန်လာခဲ့ရသည်။

## အခန်း ( ၁၁ )

"မမလေး ညက် ... ဘာဖြစ်လို့ ပုဇွန်ထုတ်ဟင်းတွေ သွန်လိုက်ရတာလဲ အစ်ကိုလေးအတွက် မမဝေက သိမ်းထားခိုင်းတာပါ"

"မကျွေးချင်လို့ပေါ့ သိလား"

"မမလေးရယ် ... နှမျောစရာကြီး၊ အစ်ကိုလေးအရမ်းကြိုက်တဲ့ဟင်းပါ၊ ဗိုက်ဆံကုန်မှာစိုးလို့လေ ... မမလေးအတွက်ပဲချက်ပြီး အစ်ကိုလေးက ဟင်းကောင်းနဲ့မစားရှာဘူး"

"ဘာပြောတယ်"

"အစ်ကိုလေးက ဝန်ထမ်းတဲ့ ... အလုပ်ရှင်ရဲ့ဗိုက်ဆံကို ဖြုန်းတီးစ်လို့မဖြစ်ဘူးတဲ့"

ကောင်းရဲ့ သစ္စာရှိစွာ ရိုးသားသော အပြုအမူတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မေမေက ယုံကြည်လွန်း၍ သူမနှင့်ပင် လက်ထပ်စေလို သည်။

ညက်ကရော ငယ်စဉ်လေးထဲကပဲ သူ့ကိုချစ်ခဲ့တာပါ။

သူ့ကြောင့် မနာလိုဝန်တိုမှုတွေ ညက်ရင်ထဲ အစိုင်အခဲ အထ အထည်နှင့် ကိန်းအောင်းလာရ၏။

ကောင်းကို ပြဿနာရှာပစ်ကာ တဖြည်းဖြည်း ရန်သူ ဖြစ်လာရသည်။

"အစ်ကိုလေးက ပုဇွန်ထုတ်ကြိုက်တယ်လေ"

"အလကား သူဝယ်စားလို့ရတာပဲဟာ ... သက်သ အမှတ်ယူနေတာဟဲ့၊ စကားမများနဲ့ သူ့လက်ထဲဒီလောက်စီးပွား လုပ်ငန်းကြီး အပ်ထားတာများ"

"အစ်ကိုလေးက မမလေးအတွက်ပဲ စဉ်းစားတာပါနော်"

ညိုပြာ ထွက်သွားသည်။

ညက်က ဝေပို့တာမို့လို့ မစားစေချင်ပါဘူး။

ဝေကာ ကဲကိုကဲတယ်။

ကောင်းစိတ်တွေ သာယာသွားမှာလည်း စိုးရိမ်နေမိ

ရှင်သိရဲ့လား ... ကောင်း သူမအား ဥပက္ခာပြုနေတာ လုံး မကျေနပ်။





ညိုပြာကတော့ ကောင်းက ပုဇွန်ထုတ် ကြိုက်တယ်တဲ့။

သူမ ဝယ်ပြီး ချက်ပြုတ်ကျွေးမွေးချင်သည်။

"ဈေးသွားမယ် ... ပုဇွန်ထုတ်ကြီးကြီးဝယ်မယ်၊ ချက်မယ် ကောင်းရယ် ... ညက်ချစ်တာက ကောင်းပါနော်"

ညက် တစ်ယောက်တည်း ဈေးကိုရောက်လာခဲ့သည်။

ဈေးကြီးကြီး ပုဇွန်ထုတ်ကြီးကြီးကို ဝယ်ခဲ့၏။

ညိုပြာကိုလည်း အကူအညီမတောင်းချင်။

သူမက ကောင်းအပေါ်ကြိတ်ပိုးနေတာမျိုး အထင်မခံနိုင် ဘာမျိုး ဖြစ်သည်။

"မမလေး ဘာတွေလုပ်နေတာလဲ ... ညိုပြာလည်း ဝိုင်းကူ ဆေးမယ်လေ ပုဇွန်ထုတ်တွေလား ဈေးသွားတာလား"

"အင်း ... ဟုတ်တယ်"

"ဦးကိုကိုအပေါ် မမလေးအရမ်းချစ်တာပဲ၊ ကြည့်စမ်းပါဦး ဈေးသွားပြီး ကိုယ်တိုင်ချက်ဖို့ပြင်ဆင်နေတယ် ... တစ်ခါမှလည်း ချက်ဘူးပဲနဲ့"

"အေး ... မမလေးကိုယ်တိုင်လုပ်ကြည့်မလို့လေ၊ ညိုပြာ ပေးပါ"

"ပုဇွန်ထုတ်ကို ညိုပြာလုပ်ပေးမယ်လေ မမလေး လက်စုး



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

"မမလေးကိုယ်တိုင်ပဲ လုပ်ပေးချင်တာ ... သင်တန်းတက်တာပါ"

"ဒါဆိုလည်း ညိုပြာလုပ်ပြမယ် မမလေး ကြည့်ပါ"

"အင်း"

"မမလေး"

"ဘာလဲဟဲ့"

"မမဝေရော အဲဒီလိုလုပ်တတ်လားဟင်၊ အိမ်မှုကိစ္စတွေကလေ ... အစ်ကိုလေးအတွက် ကိုယ်တိုင်ချက်လာတာထင်တယ်နော်"

"ဝေလားတတ်မှာ ... ပိုတောင်ဆိုးသေးတယ်၊ အလန်းဇယားဟဲ့ ... နိုက်ကလပ်တက်တယ်၊ ယောက်ျားတွေနဲ့တွဲတယ် ဒါကြောင့် ကောင်းက မကြိုက်တာလေ"

"ဟုတ်တယ်နော် ... အစ်ကိုလေးကိုချစ်တယ်တာပြောတာ အစ်ကိုလေးက အိမ်ရှင်မပီသတဲ့သူကိုမှ ချစ်တာပါ"

"ညိုပြာ နင့်ကိုပြောပြလို့လား"

"ဘယ်ပြောပါ့မလဲ ... အစ်ကိုလေးက မမလေးနဲ့တောင်တစ်ခွန်းနှစ်ခွန်းပဲပြောတာ ညိုပြာတွေးကြည့်တာပါ"





မမလေး ကောင်းအတွက်ပါဟယ် နင်တို့အစ်ကိုလေးကို မမလေး ငယ်စဉ်လေးထဲက ချစ်ခဲ့တာပါ။

မမလေး စိတ်တွေထဲကို ဒေါသတွေ သွတ်သွင်းပေးတာ ကောင်းပဲလေ။ ညိုပြာက ပုဇွန်ထုတ်ကို လုပ်ပြ၍ သူမ ကြည့်ထားပြီး လိုက်လုပ်တော့ လက်ကို စူးသွားသည်။

"အား ... "

"ဟင် မမလေး ... "

"အား ... ကျွတ် ... ကျွတ် ... "

"သွေးတွေ မမလေးကို မလုပ်ပါနဲ့လို့ပြောတာပဲ"

"အား ... "

"အစ်ကိုလေးကလဲ မရှိဘူး၊ ဘာမှတော့မဖြစ်ပါဘူး"

"အား ... ရတယ်၊ ဒီလောက်တော့ရှိမှာပေါ့"

"ညိုပြာ လုပ်ပေးပါ့မယ်၊ ချက်တော့ မမလေးချက်လေ"

သူမ နာကျင်သွားရသည်။

ညိုပြာက ဆေးတွေယူလာပြီး ထည့်ပေးရင်း ဟန်းဒီပလတ်စတာနှင့်ကပ်ပေးသည်။

"ဟော ... အစ်ကိုလေးပြန်လာပြီထင်တယ် အသံကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညီပြာ နင့်အစ်ကိုလေးကို မမလေး ပုဇွန်ထုတ်တွေ သွန်ပစ်တဲ့အကြောင်းမပြောနဲ့နော် ... အခုချက်တာကျွေးပွဲမယ်ဟယ်"

"ဟုတ်ကဲ့ပါ ... အစ်ကိုလေးအတွက် နည်းနည်းဖယ်ထားပေးပါ မမလေးရယ် ... အများကြီးပဲဟာ ဦးကိုကိုက အပြင်မှာဈေးအကြီးဆုံးတွေ ဝယ်စားနိုင်ပါတယ်"

"အေးပါ"

သူမ ချက်ပြုတ်ဖို့ပြင်ဆင်နေတုန်း ကောင်းစားသောက်ခန်းထဲဝင်လာသည်။

"မြညက်သာ မင်းလက်က ဘာဖြစ်တာလဲ၊ မင်းကိုယ်တိုင်ဝင်ချက်နေတာလား"

"ဟုတ်တယ် အစ်ကိုလေး မမလေးက အိမ်မှုကိစ္စတွေ သင်နေတာပါ"

သူ့အကြည့်တွေက စူးခနဲ စိုက်ကြည့်လိုက်၍ ညက် မလှုံမလဲနှင့် ပွက်ပွက်ဆူနေတဲ့ဆီပူအိုးကြီးထဲ ပုဇွန်ထုတ် ဆား၊ ဆနွင်းနယ်ထားတာတွေကို လောင်းချလိုက်သဖြင့် ဆီအပူတွေ သူမလက်ကို လာစင်သည်။

"အမလေး ပူလိုက်တာ ... အား"

"ဟင် ... မြညက်သာ မင်းကတော့ကွာ"





ကောင်းကလည်း စိတ်တွေပူသွားရပြီး ညက်အနား ပြေးသွားမိကာ ဆီပူအိုးနှင့်ဝေးရာသို့ ဆွဲဖယ်ပစ်လိုက်မိသည်။

"ဆောရီး မြညက်သာ ... "

"ရှင်ရောက်လာတာနဲ့ ရှပ်ကုန်ပြီ ... ထွက်သွားတော့လေ"

ကောင်း ကြည့်နေတာကို သူမ အရှက်ကြီးရှက်လာ၍ ထူထူပူပူကြီးနှင့် မောင်းထုတ်ပစ်မိသည်။

သူ့လက်တွေနှင့် သူမကို ဖက်လိုက်၍ ရင်တုန်ပမ်းတုန်ကြီး။ ကိုကိုနှင့်ပင် ညက် မခံစားရပေ။

"ညီပြာ အစ်ကိုလေး အခန်းထဲ ပေါင်မုန့်မီးကင် ထောပတ်သုတ်ပြီး လာပို့ပေးပါ"

မြညက်သာကို ဖက်လိုက်မိ၍ ကောင်း အလွန်အမင်း အားနာနေရသည်။

သူကိုက စိုးရိမ်ပူပန်မှုတွေများနေရတာပါ။

ချစ်သူအတွက် မြညက်သာ အမူအကျင့်တွေ ပြင်လာတာတော့ သူကျေနပ်မိသည်။

အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။

သူ မြညက်သာ လက်ထပ်ဖို့အတွက်လုပ်ပေးချင်တာတွေ အများကြီး ဖြစ်နေသည်။

"အစ်ကိုလေး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့"

ညိုပြာနှင့်သူက မောင်နှမဝမ်းကွဲတွေ တော်စပ်ကြသည်။ သူ့အပေါ် အနိုင်ကျင့် ဗိုလ်ကျတတ်တဲ့ မြညက်သာကို ညိုပြာ အမြင်မကြည်နေ၏။

"အစ်ကိုလေးက သူ့ဝန်ထမ်းပဲ ညိုပြာ နင်ရောပဲ ... သူ ကျွေးတဲ့ထမင်းစားရင် သူ့အလုပ်ကိုလည်း တာဝန်ကျေပွန်အောင် လုပ်ပေးရမယ်"

ကောင်း ဆုံးမသွန်သင်ထား၍ ညက်အပေါ် ရိုသေမှုတော့ ရှိသည်။

"ညိုပြာ"

"ရှင်"

"နင့်မမလေးကို ဂရုစိုက် ... အပူလောင်မယ့်ကိစ္စတွေ ဖား တွေမကိုင်စေနဲ့ သူ့ကိုကိုယ်တိုင် မလုပ်ခိုင်းနဲ့လေ"

"ညိုပြာတားတာ မရဘူး မမလေးက အိမ်ရှင်မ အရမ်းဝီသ ချင်နေတာပါ ... ဈေးလည်း တစ်ယောက်တည်းသွားတယ်"

"ဟင်"

မြညက်သာရယ်။

မင်း ... ဒီလောက်တောင်ပဲ။ ကိုကို့ကို ချစ်မြတ်နိုးရလား





ကွာ။

အင်းလေ ...

ကိုကိုက မင်းမက်မောလောက်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတာပဲ။

"အစ်ကိုလေးအတွက် ပုဇွန်ထုတ်ဟင်းလေးချက်ဖို့ ညိုပြာ မနည်းပြောရတယ်"

"ရပါတယ် အစ်ကိုလေး မစားပါဘူး ... ဟင်းကောင်းတွေ လည်း ကြိုက်မှမကြိုက်တာ"

မမဝေ ဟင်းလာပို့တာကို မပြောပြရဲ။

အစ်ကိုလေးကို မပြောနဲ့တဲ့။

ညိုပြာကတော့ မမလေးက အစ်ကိုလေးအပေါ် နှိမ်ချ ဆက်ဆံနေတာကို မကြိုက်။

ရက်စက်လွန်း၏။

အစ်ကိုလေးက တည်တည်တင်းတင်း နေထိုင်တတ်ပေမယ့် မမလေးအပေါ်တော့ သစ္စာရှိပြီး စေတနာထားသည်။

"နင့်မမလေး လက်ထပ်တော့မယ်၊ မမလေး ပျော်ရွှင်ဖို့ပဲ အဓိကထားရမယ်၊ အစ်ကိုလေးက ရှိတာနဲ့စားတတ်တာ ... ငယ် ငယ်လေးထဲက အဖေလုပ်ပေးထားတဲ့ အကျင့်ပဲ၊ မမလေးသာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အနှောက်အယှက် မဖြစ်စေနဲ့ ကြားလား ... ”

“ဟုတ်ကဲ့”

ညီပြာ ပြန်ထွက်သွားသည်။

ငကောင်း စဉ်းစားနေမိတာက ညက့်အကြောင်းပင် သူ ငယ်စဉ်လေးထဲက သံယောဇဉ်တွယ်ငြိကာ ချစ်မြတ်နိုးလာခဲ့ရ သော မြည်က်သာ။

ကိုကိုဆိုတဲ့လူကို အချစ်ကြီး ချစ်နေခဲ့၏။

အိမ်ရှင်မ ပီသအောင်ပင် ကြိုးစားသင်ယူနေသည်။

“သား စွဲစွဲမြဲမြဲ မှတ်ထားရမှာက မြည်က်သာနဲ့သား မတန် ဘူးဆိုတာပဲ၊ စိတ်ဝင်စားလို့မဖြစ်ဘူးနော်၊ ကင်းကင်းနေပါ ... မြ ည်က်သာက သူဌေးသမီးဆိုတော့ သားကို မြည်က် အမြတ်မိး အနိုင် ကျင့်ခံရလိမ့်မယ်၊ မင်းကို အထင်ကြီးမှာမဟုတ်လို့ သားပဲနာမည် ပျက်မယ်”

အဖေက သူ့ကိုစည်းကမ်းတင်းကြပ်စွာ ထိန်းချုပ်ခဲ့သည်။

အဖေ မရှိတဲ့နောက်ပိုင်း သားဘဝ တစ်သက်သာလုံး စိတ် ဆင်းရဲနေရမှာမို့ မြည်က်သာအပေါ် လုံးဝ မတိမ်းညွှတ်ပါနဲ့။

သူဌေးမိသားစုအပေါ် သစ္စာရှိပါသား။

တတွတ်တွတ် မှာနေခဲ့သည်။





“အဖေပြောတာမှန်တယ် မြည်က်သာ ... ကိုယ်က မင်းနဲ့ မတန်ပါဘူး၊ မင်းရဲ့ဂုဏ်သိက္ခာတွေလည်း မညှိုးနွမ်းစေချင်တာပါ၊ ကိုယ်ထိန်းချုပ်ရမယ်”

မြည်က်သာဘဝလေး အေးချမ်းပျော်ရွှင်ရရင်ပဲ ကျေနပ်ပါပြီ၊ ချစ်သူနဲ့ ပေါင်းဖက်ရပါစေကွာ။

ညနေစောင်းရောက်တော့ သူ ညစာ စားဖို့ ထမင်းစားခန်း ဆဲဝင်လာတော့ မြည်က်သာလည်း ရှိနေသည်။

“ပုစွန်ထုတ်ဟင်းတွေပါလား၊ ကိုယ်မစားပါဘူး မြည်က်သာ ကိုကို့ကို ပို့ပေးပြီးပြီလား၊ မင်းလက်က ဒဏ်ရာရော သက်သာရဲ့ သား”

“အင်း”

ရှင့်ကိုစားစေချင်လို့ ညက် ကြိုးစားပန်းစားချက်ထားတာပါ ကောင်းရယ်၊ ကိုကို့ဆီ မပို့ပါဘူး။

တကယ်တမ်း ... ကောင်းနှင့် ခွဲခွာရမယ်ဆိုတော့လည်း မြည်က်သာ မပျော်ရွှင်နိုင်။

ကောင်းနှင့်ရန်ဖြစ်ခဲ့ရတာလေးတွေ ကောင်းကို အရွဲ့တိုက် အနိုင်ကျင့်ခဲ့ရတာလေးတွေက ညက်ရင်ကို နာကျင်စေသည်။

“ကောင်း”



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ရှင်လည်းစားပါ။ တကယ်တမ်းတွေးကြည့်တော့ လူ့လော ကကြီးထဲမှာ ညက်အနိုင်ကျင့်လို့အရဆုံးက ကောင်းပါ။ ဘာပဲဖြစ်ဖြစ် ညက်တို့ခင်ခင်မင်မင်တော့ နေသင့်ပါတယ်၊ ဒါက ညက်ပထမဆုံး ကြိုးစားသင်ယူချက်ထားတဲ့ဟင်း ဖြစ်နေလို့ ကောင်းစားပေးပါ"

"မြညက်သာ ဘယ်တုန်းက ဒီလောက်အထိ လိမ်မာရေး ခြားရှိသွားရတာလဲ၊ ကိုကို့ကိုတော့ ကျေးဇူးတင်ရမလိုဖြစ်နေပြီ"

လာပြန်ပြီ ဒီကိုကို။

သူမ ဒေါသတွေဖြစ်ချင်လာသည်။

နှုတ်ခမ်းက စူထော်သွားတော့မလို့။

ဒါကလည်း ညက်က ဆတ်ဆော့ပြီး ကိုကို့ကို ချစ်သူအဖြစ် ပြောထားတာပဲ။

ညက်လေ ... လွတ်တဲ့ငါး ကြီးချင်နေပြီသိလားကောင်း

ကိုကိုက အသေးအမွှားလေးဖြစ်နေတယ်။

ကျွန်မချစ်နေတာက ကောင်းပါ။

အရမ်း ရိုးသားတည်ကြည်ပြီး ချောမောခန့်ညားတယ်။

ကောင်းရဲ့နှုတ်ခမ်းရဲရဲစိုစိုတွေကို ကျွန်မ အရမ်းနစ်သက် တယ်။





ပြီးတော့လေ ... ကောင်းက စီးပွားရေးမှာလည်း တော် တယ်၊ တိကျတယ်၊ သစ္စာရှိတယ်။

အို ...

ကောင်းကို ကျွန်မရင်ထဲမှာ အထင်ကြီးရပါတယ်။

"စားပါကောင်း ... ရှင့်အတွက်လည်း ဝယ်လာတာပါနော်၊ ကျွန်မမှားခဲ့တာတွေ တောင်းပန်ပါတယ်"

"မြညက်သာအပေါ် ကိုယ်ဘယ်တော့မှ အညိုးအတေး အဖြစ် မထားခဲ့ပါဘူး၊ ကိုယ်က မင်းရဲ့အစေအပါး ဝန်ထမ်းပါ ... င်းလုံးဝ အမှားမရှိပါဘူး"

ဒီဒရိုင်ဘာသား အစေအပါး ရှင်ဘယ်လိုလူလဲကောင်းရယ်။

ရှင့်ကိုယ်ရှင် နှိမ်ချနေတာ။

ညက်ဘယ်တော့မှ ရှင့်ကို အဲဒီလို မသတ်မှတ်ခဲ့ပါဘူး။

သူမ မျက်စောင်းလေးဝဲပစ်သည်။

ဒရိုင်ဘာသားဆိုတဲ့ အကာအရံကြီးကို သူမ အမုန်းဆုံးပင်။

အရင်ကထက်စာရင်တော့ ကောင်းနဲ့ညက် ပြေပြေလည် လည် ရင်းရင်းနှီးနှီးရှိနေကြ၍ ညက် ပျော်ရွှင်မိနေ၏။

ကောင်းနှင့်ခြံထဲမှာ ထိုင်စကားပြောသည်အထိ အခြေအနေ ကောင်းမွန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း ညက်နဲ့ပြေလည်ချင်ပါတယ် ... ညက်မိဘ
တွေကို ကိုယ်ကတိပေးခဲ့တဲ့အတိုင်း ညက်ဘဝ လိုလေသေးမရှိ ပြည့်
စုံစေဖို့ ကိုယ်လုပ်ဆောင်ပေးနိုင်ခဲ့တယ်၊ ပြီးတော့ ... ကိုယ်အရမ်း
စိတ်ပူနေရတဲ့ ချစ်သူရွေးချယ်မှုလည်း ကိုယ်စိတ်အေးရပြီး ကိုကို
အခမ်းနားဆုံး လက်ထပ်ပါ"

ညက် စိတ်ကိုထိန်းချုပ်ထားသည့်ကြားမှ ဝုန်းခနဲ ပေါက်ကွဲ
ထွက်သွားရကာ ဆတ်ခနဲ မတ်တတ်ထရပ်ပြီး ကောင်းအနားက
လှည့်ထွက်လာခဲ့မိသည်။

သူမ အိပ်ခန်းထဲရောက်မှ အကြောင်းပြချက် မရှော မစို
လို့ပဲ ကောင်းကို စိတ်ကောက်ထွက်လာခဲ့တာဟု တွေးမိသွား

ကောင်းစကားကွေ ဘာမှားနေလို့လဲ။

ညက်ပဲ ကိုကိုနဲ့မလွဲမသွေ လက်ထပ်မယ်ဟု သူ့ကို ပြော
ထားခဲ့သည်။

အခန်း ( ၁၂ )

"မင်း ငါ့ကိုဘယ်လောက်အထိ ဒုက္ခပေးနေဦးမှာလဲ ခွာညို
... တောင်းပန်ပါတယ်ကွာ ... မင်းတောင်းဆိုထားတာတွေ
ယ်အဆင်သင့်လုပ်ထားပေးတာပဲ ကွာရှင်းကြရအောင်"

"မောင်ရယ် ... ဘာတွေလောနေရတာလဲ၊ မောင့်စမော
မြညက်သာကြောင့်လား"

"ဘာ ... ဘာပြောတယ်၊ မင်း ... မင်း မြညက်သာကို
ယ်လိုလုပ်သိရတာလဲ၊ အဲဒါ ငါ့ချစ်သူလည်း မဟုတ်ဘူးကွ၊ ခင်မင်
"

"အမလေးမောင်ရယ် ... မေ့ကို မညာချင်စမ်းပါနဲ့၊ အခုမှ
င့်ကို မေချစ်မိနေပြီထင်တယ်ကွာ၊ ရှင်းဖို့စဉ်းစားပေးပါဦးနော်"

"တော်စမ်းပါကွာ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကို တွန်းဖယ်ပစ်လိုက်သည်။

ခွာညိုမေ့ကို ဘယ်လိုလုပ်ရမလဲ။

ညက် အထင်လွဲမှာလည်း ကြောက်မိသည်။

"မေ မင်းကိုပြောထားမယ်နော်၊ ငါ့ကိုစွမှာဝင်မပါပါနဲ့ ညက်သာကို ထိပါးရင် မင်းကို ငါလုံးဝခွင့်မလွှတ်နိုင်ဘူး"

"အင်းပါမောင်ရယ် ... အင်းပါ မောင်နဲ့မြညက်သာ အဆင်ပြေသွားရင် ကျွန်မ ကွာရှင်းပေးဖို့ ဆုံးဖြတ်ပြီးသားပါ မောင်"

မင်းထင်ကိုကို ရှင်က မေ့ကိုလျော့တွက်ထားတာပဲ။

မေ့ အကျင့်ကိုက ရသလောက် မတင်းတိမ်တတ်တာ ရှင့်မှာ စည်းစိမ် ဥစ္စာတွေအများကြီး ကျန်သေးတယ်။

မြညက်သာကလည်း သူဌေးမလေး။

"မောင်"

"ဖယ်စမ်းပါကွာ"

"မေတို့ကလင်မယားတွေပါနော် ... ခပ်စိမ်းစိမ်းကြီး မနေစမ်းပါနဲ့"

"ငါ မြညက်သာကို လက်ထပ်မှာ မင်းသိထားအောင် ထားမယ် ... မင်းမနှောက်ယှက်နဲ့ မြညက်သာက ငါ့ကိုစဉ်း





နှန်းပဲ၊ ဒါပေမဲ့ ... ငါချစ်တာ မြညက်သာ"

မေခွာညို ရည်စားလူလု အူနုကျွဲစတ် မြညက်သာအား နည်း ည်းလေးတော့ မနာလိုဝန်တိုသွားရသည်။

မောင့်ကို ပေါ့ပေါ့ပျက်ပျက်နဲ့တော့ ကွာရှင်မပေးနိုင်ပါဘူး။

"မောင်ရယ် ... မေ့မှာရောဂါရှိတယ်လေ၊ မောင့်ရင်ခွင်ထဲ နွေးနွေးထွေးထွေးနေပါရစေ"

ခွာညိုမေ့ ကိုယ်လုံးကြီးက သူ့ရင်ခွင်ထဲ အိကျလာသည်။

သူက တွန်းဖယ်ပစ်လိုက်သည်။

"ချစ်တယ် ... မောင့်ကို အရမ်းချစ်တယ်၊ ကျွန်မတို့က လင် ားတွေပါနော်"

"မေ ... ဖယ်စမ်းပါကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ မင်းနဲ့ ဖြတ်စဲပြီး အရင်ကလည်း မင်းကို ငါမချစ်ခဲ့ဘူး"

"အချစ်ဆိုတာ မလိုပါဘူးမောင်ရယ် ... ကျွန်မ သတ်မှတ် ားတဲ့အချစ်ကလေး ... "

"တော်စမ်းပါကွာ"

"မောင်"

"တောက်"

"ကျွန်မနဲ့နောက်ဆုံးအချိန်လေးပါကွာ ... ပျော်ကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



မောင့်မှာဓနီးရှိတာ မောင့်ကောင်မလေး သီသီးပဲ”

“ဖယ်ကွာ”

ခွာညိုမေရဲ့ သွေးဆောင်ဖြားယောင်းမှု ထောင်ချောက်

ကိုကို တိုးဝင်အမိမခံနိုင်တော့။

သူ ရှောင်ထွက်လာခဲ့သည်။

ညက်လေးရယ် ...

ကိုကို့ဘဝကို ရှဲ့တယ်။

ကိုကို့ဘဝကို ဖြူစင်နေစေချင်တာပါ။

ချစ်မြတ်နိုးရတဲ့ ဓနီးအတွက်ပဲ ရည်ရွယ်ခဲ့တယ်။

အခုတော့ကွာ ...

“ကိုယ် အပြင်ထွက်ရမယ်၊ မင်းကို ကွာရှင်းဖို့ ရှေ့နေ

နဲ့ စီစဉ်မယ် တစ်ပတ်အတွင်း ကွာရှင်းမယ်ကွာ”

“မောင်ရယ် ... အဲဒီလောက်ပဲ ရက်စက်ရလားကွာ”

မင်းထင်ကိုကို ... ရှင်ခံရပြီသာမှတ်။

ကျွန်မ ထပ်ပြီး ရယူချင်တာက ရှင့်ရဲ့အောင်မြင်စပြုနေ

ကုမ္ပဏီကြီးလေ။

ကွာရှင်းမှာပါ ကျွန်မအတွက် အချစ်မှ မလိုအပ်တာ

ခွာညိုမေ အသံဖမ်းဖို့ စတင်ကြိုးပမ်းသည်။

ဖိုးလံပြည့်စာပေ



အသံဖမ်းစက်လေးအား ကြမ်းပြင်မှာ အသာချထားပြီး

မောင့်ကို ဖက်တွယ်ထားလိုက်၏။

မောင်ကကြမ်းတမ်းတဲ့ စကားလုံးတွေနှင့် တွန်းဖယ်ပစ်

သည်။

“မောင်ရယ် ... ကျွန်မအပေါ် မရက်စက်ပါနဲ့နော်၊ ကျွန်မ

ဘာ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ့်သူပါ၊ အစာ

အိမ်ကင်ဆာဖြစ်နေပါပြီ၊ မောင်ပစ်သွားတဲ့အချိန်ကာလတွေမှာ

ကျွန်မလေ မစားနိုင် မသောက်နိုင် မအိပ်နိုင်နဲ့ အစာအိမ်ကင်ဆာ

ဖြစ်ခဲ့ရပါတယ်၊ အား ... ကျွတ် ... ကျွတ် ...”

မောင် ထွက်သွားသည်။

သူမ ဆတ်ခနဲထရပ်ဖြစ်မိသည်။

ကြမ်းပြင်မှာချထားတဲ့ အသံဖမ်းစက်ကို ကောက်ယူ၍ ပိတ်

ခစ်လိုက်၏။

ပြီးမှ တဟားဟား အော်ရယ်သည်။

“မင်းထင်ကိုကို ... ရှင်နပါသေးတယ်၊ ခွာညိုမေရဲ့မာယာ

ထောင်ချောက်ထဲ စဝင်လိုက်ပြီးထဲက ရှင့်ဘဝ သေပြီလေ ... ဟား

ဟား ... ဟား ...”

ခွာညိုမေ့ဘဝက ချမ်းသာကြီးပွားဖို့ပဲ။

ဖိုးလံပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ...

ဘယ်လောက်လွှယ်ကူလဲ။

မင်းထင်ကိုကိုလို ... ဘိုးစဉ်ဘောင်ဆက် ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို ချိုင်ပစ်လိုက်ရုံပဲလေ။

နည်းနည်းလေးတော့ရမလား။

မင်းထင်ကိုကို ဘယ်လောက် ချမ်းသာလည်းဆိုတာ [...] အသိဆုံးလေ။

"ဟား ... ဟား ... ဟား ... လောကကြီးက အရမ်းပျော် [...] စရာကောင်းတယ်၊ မင်းထင်ကိုကိုနဲ့ ကစားရတာလေ"

နွာညိုမေ အဝတ်အစားလဲပြီး အပြင်ထွက်လာခဲ့သည်။

သူမအတွက် အချစ်မလိုပါဘူး။

အပျော်ပဲလိုတယ်။

အလုပ်တွေ ပင်ပင်ပန်းပန်း လုပ်စရာမလိုဘဲ ချမ်းသာ [...] တယ်။

သုံးချင်သလောက် သုံးစမ်း။

"ရှင် ... ကျွန်မကို အထင်သေးတာကတော့ အရမ်းစိတ်ပျ [...] စရာကောင်းတယ်၊ မင်းကိုမချစ်ဘူးတဲ့ ... ဟင်း ဟင်း ဟင်း [...] အချစ်ကို မခံစားတတ်တဲ့ ကျွန်မကိုများ ဟင်းဟင်း ... "





သူမ ပျော်စံရာ နိုက်ကလပ်တစ်ခုထဲဝင်လာသည်။

"ဟိုင်း ... မေ ... "

"ဟယ် ... ဂျွန် မတွေ့တာကြာပြီနော်"

"ကိုယ်လည်း အရမ်းလွမ်းနေတာ"

"ကောင်မလေးရော ... "

"ဟိုမှာ ... "

ဂျွန်နှင့်သူမက ငယ်ပေါင်းတွေ ဆော့ဖော်ဆော့ဖက်။

သူ့ ကောင်မလေးအသစ်က ဝေတဲ့။

နွာညိုမေအတွက် ကံကောင်းစေတာက မြည့်ကိသာရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်း ဖြစ်နေခြင်းပင်။

မင်းထင်ကိုကိုနဲ့မြည့်ကိသာအကြောင်း ဝေဆိုတဲ့ ကောင် [...]လေးဆီက သိရတာပါ။

"တွေ့ရအောင်"

"ဝေက အခုတလော ကိုယ့်အပေါ်လေစိမ်းတွေတိုက်ချင် [...]နေတယ် မေ ... လမ်းမှန်ပေါ်လျှောက်တော့မယ်တဲ့ ... အခု [...]ဘောင် မနဲခေါ်လာရတာ"

"ဟုတ်လား"

ဝေဆိုတဲ့ကောင်မလေးက ရှုပ်ရှုပ်ပွေပွေမလေး။



www.burmeseclassic.com

www.burmeseclassic.com



ချွန်နှင့် မကြာခဏပါလာတတ်တာ။ မေ့ မြန်မာပြည် ပြန်ရောက်ထဲကပဲ။

"ဝေ"

"ဟင် … မမ"

"ညည်းလေးနဲ့ထပ်တွေ့ပြန်ပြီ ဘာဖြစ်လို့လဲ … မပျော်ဘူးလား"

"ဟင့်အင်း … ဝေ နောင်တတွေရနေမိသလိုပဲ … ကျွန်မမှာ ချစ်တဲ့သူတွေ့နေပြီ"

"ဟင် … ဟုတ်လား …"

အနားမှာ ဩန်မရှိ။

အရိုက်ကောင်တာမှာ အရက်သွားမှာနေသည်။

"ကိုဩန်က ကျွန်မကိုခြိမ်းခြောက်နေတယ်၊ ကျွန်မကို ကယ်ပါဦးမမရယ် … ကိုဩန် မနှောက်ယှက်အောင် တားဆီးပေးပါနော်"

ကောင်မလေးက မေ့အားအကူအညီတောင်းနေလေသည်။

ချစ်ရတဲ့သူ တွေ့နေပြီတဲ့လေ။

မေလည်း ကိုယ်ချင်းစာပါတယ်။

သူမ ကိုယ်တိုင်လမ်းပေါ်က ဇယားဖြစ်ပေမယ့် တစ်ခါတ အချစ်ကို ရှာဖွေတွေ့ရှိနေ၏။





အချစ်အတွက် မနာလို ဝန်တိုမှုတွေလည်း ဖြစ်ရတယ်။

မင်းထင်ကိုကိုလေ …

"ဟော … ဖုန်းလာတယ်၊ ခဏလေးနော်မမ … ညက်ဆီက"

"ဟင်"

ညက်ဆီကဆို၍ မေအရမ်းစိတ်ဝင်စားသွားရသည်။

"ဟဲလိုညက် … ဒါပါ ဝေ …"

"နင်ဘယ်ရောက်နေလဲဝေ"

"ကလပ်မှာ"

"ကောင်းက အဲဒါတွေမကြိုက်ဘူးဟ …"

"ဟဲ့ ညက် … ဝေဒီမှာရှိနေတာ ကောင်ကိုသွားမပြောနဲ့နော် သူငယ်ချင်း … တောင်းပန်ပါတယ်ဟာ၊ ဝေလက်စသတ်နေတာပါ … ဝေပို့လိုက်တဲ့ ပုဇွန်ထုတ်ဟင်း ကောင်း ကြိုက်ရဲ့လား၊ နောက်ဆို ကောင်းသဘောကျစေရပါ့မယ်၊ ညက် နည်းနည်းပါးပါး ထောက်ခံပေးနော်"

"အင်း … ကောင်းက ဒရိုင်ဘာသားနော်"

"သိတာပဲ ဘာဖြစ်လဲဟ … ဒါက အတိတ်ကလေ၊ လောလောဆယ် အရည်အချင်းရှိတဲ့ယောကျ်ား အရမ်းလည်းချောမော



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားတယ်"

"နင်"

"ယောက်မ ... အားကိုးမယ်နော်၊ နင်အမုန်းဆုံးယောက်ျား က ဝေ့အချစ်ဆုံးဖြစ်နေတယ် ... ညက် ဘာဖြစ်လို့ ဖုန်းဆက်တာ လဲဟဲ့"

"ကိုကိုနဲ့ပတ်သက်တဲ့ အရှုပ်တွေကိုမေးမလို့လေ"

"ကိုကို့မှာ မိန်းမရှိတယ်၊ ဒါပဲ ... တခြားတော့ ကိုကိုက အရာအားလုံးပြည့်စုံတဲ့ ယောက်ျားပါ"

"ယောက်ျားတစ်ယောက်ရဲ့အဓိက ပြည့်စုံမှုဆိုတဲ့အရာတွေ ထဲမှာ အိမ်ထောင်ရှိတာကြီးက မပြည့်စုံဆုံးပဲဟ"

"ညက်ရယ် ... ရှင်တို့က ဟန်ဆောင်ချစ်သူတွေပဲဟာ၊ ကိုကို က သူ့ဇနီးကိုကွာတော့မယ် သူရင်ဖွင့်တယ် ... မြညက်သာကို အရမ်းချစ်တယ်တဲ့"

ခွာညိုမေ နှုတ်ခမ်းတွန့် မဲ့သွားသည်။

မင်းထင်ကိုကိုအား မချစ်ဘူးဆိုတာတောင် သဝန်က နည်း နည်းလေး ကြောင်ချင်သွားပါ၏။

မြညက်သာကို အရမ်းချစ်တယ်တဲ့လားမောင်။

သဘောကျလိုက်တာ။





ဝေက ဖုန်းပြောပြီး သူမဘက်လှည့်လာသည်။

"သူငယ်ချင်းလား"

"ဟုတ်ကဲ့"

"ကောင်းဆိုတာကရော ဝေ့ချစ်သူလား"

"ဝေချစ်ရတဲ့သူပါ"

"ဪ"

ခွာညိုမေက ဝေဆိုတဲ့ကောင်မလေးဆီမှ ကိုကိုနှင့်ညက့် အကြောင်း စကားနှိုက်သည်။

မြညက်သာကို ဌုန်ပြ၍ သူမ တွေ့ဖူးနေ၏။

ငယ်ရွယ်နုပျို အိစက်ချောမောသူ။

ကိုကို့အကြိုက်ပဲ။

"မြညက်သာက ဟန်ဆောင်ချစ်သူထားတာလား"

"အင်း ... ကိုကိုနဲ့လေ၊ ကောင်းကိုရှဲ့ပြတာတဲ့ ... ကောင်း က ဝေချစ်ရတဲ့သူ"

"မမက ဘယ်လိုကူညီရမှာလဲ ..."

"ဌုန့်ကို ပြောပေးပါမမရယ်၊ ဝေနဲ့မပတ်သက်ဖို့ သနားညာ တာဖို့ပါ၊ ဝေ ... ဌုန်နဲ့အဆက်ပြတ်ချင်တယ်၊ ကောင်းအတွက် လိမ် မာပြချင်တယ်၊ ရှုပ်ပွေတဲ့အလုပ်တွေ စွန့်လွှတ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ချွန်ကူ လူလယ်။

မေနှင့် အကျင့်တူ စရိုက်တူ။

မကောင်းတာ မှန်သမျှအားလုံး လုပ်တယ်။

ဝေက ချစ်ရသူအတွက် သူမဘဝကို စတင်ပြုပြင်နေသည်။

မေကရော မောင့်ကိုချစ်မိနေတာမဖြစ်နိုင်။

ဒါပေမဲ့ သူမ ပြုပြင်ဖို့ ဝန်လေးနေခဲ့၏။

မောင် မနှစ်သက်တဲ့အလုပ်တွေကို စွန့်လွှတ်လိုက်ရင်ရော မောင်က မေ့ကိုပြန်ချစ်ပါ့မလား။

မောင့်ရင်ထဲမှာ မြည်ကိုသာက နေရာအပြည့်ယူထားတာ မေ သိထားသည်။

မေ ဘယ်လောက်ပဲ အသဲမာကျောနေပါစေ နာကျင်ရ၏။ ဝေ့ကို အကူအညီပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဝေ"

"ရှင်"

"မင်းပြန်တော့ ... ချွန့်အတွက် ဘာမှမပူနဲ့ မမရှင်းပေးမယ် မင်းချစ်သူအတွက် မင်းကြိုးစားပြုပြင်တာ မမထောက်ခံအားပေးပါတယ်ကွယ် ... မင်းချစ်တဲ့သူနဲ့ ပေါင်းဖက်ရပါစေ"

"မမရယ် ... ဝမ်းသာလိုက်တာ၊ ကျေးဇူးလည်းအရမ်းတင်ပါ





တယ်၊ ဝေ့ကို ကူညီပါနော်"

"သွားတော့ ... ချွန်လုံးဝ မနှောက်ယှက်စေရဘူး၊ မမ တာဝန်ယူမယ် ... ပြန် ... ငယ်ပါသေးတယ်ကွယ်၊ ဘဝကို မနှစ်ပစ်ပါနဲ့ ညီမလေးတို့က ပြည့်စုံတဲ့သူတွေပါ"

"ဟုတ်ကဲ့ ... ဝေ နောင်တတွေရနေပါပြီ၊ မိဘတွေလည်း ဒုက္ခသိက္ခာမဲ့ရတယ်၊ ဝေပြုပြင်တော့မှာပါ။ ချစ်တဲ့သူအတွက်လေ"

ဝေ ထွက်သွားသည်။

တောက်ပဖွင့်လင်းလက်တဲ့ အပြော်တွေ သူမမျက်နှာလေးထဲမှာ ပြည့်နေ၏။

ဝေ ပျော်ပါစေ။

မမမေလည်း ပျော်ရွှင်ချင်ပါတယ်။

မောင့်ကြောင့်ထင်တယ်။

မေကိုယ်တိုင် မောင့်ကို ချစ်မိနေပြီထင်တယ်။

စည်းစိမ်ဥစ္စာတွေထက် မောင့်ကို သူမ တန်ဖိုးထားမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"ညက်လေးရယ် ... ကိုကို့ရင်ထဲမှာ ညက်လေးကို အရမ်း
ချစ်တယ်၊ ကိုကို အဝေးမခံနိုင်တော့ဘူးကွာ၊ ကိုကို ဟန်ဆောင်
ချစ်သူဘဝနဲ့ ဆက်မနေနိုင်တော့ဘူး"

"ကိုကို"

"မင်းဆင်ခြေတွေမပေးနဲ့တော့ ... မင်းအသိုင်းအဝိုင်းကထ
လက်ခံသဘောတူထားပြီးသားလေ၊ ကောင်းကိုယ်တိုင် လက်ထ
ပါလို့ ကိုယ့်ကိုတောင်းဆိုနေတယ်"

"ကျွန်မ အချစ်တွေကို ဘယ်လိုမှ စဉ်းစားမရသေးလို့ပါ
မချစ်တတ်သေးဘူးထင်တယ်"

"ညက် ... မင်း ... မင်း ချစ်နေတာက ကောင်းကိုလ"

"ဟင် ... ဘာပြောတယ်"





"ကောင်း မနာလိုဝန်တိုဖြစ်အောင် မင်းကိုကိုနဲ့ တွဲပြတာ
ဘားကွာ"

"ဘာတွေပြောနေတာလဲ ကိုကို ... အဓိပ္ပါယ်မရှိတာ၊ ညက်
က ကောင်းကိုချစ်နေတယ် ဟုတ်လား ... ဟင်း ဟင်း ဟင်း ...
ရမ်းရယ်ရတယ်၊ ကောင်းနဲ့ညက်က ဘယ်လိုမှ ပေါင်းစပ်လို့မရတဲ့
ခံသူတွေ ... "

သူမရယ်သံလေးက တုန်တုန်ယင်ယင် ငိုသံတွေစွက်ချင်နေ
သေးသည်။

ကျွန်မ ဝန်ခံချင်ပါတယ်ကိုကို။

အမှန်တကယ်ပဲ ကောင်းကို နှစ်ပေါင်းများစွာထဲက ကျွန်မ
ခဲ့ရတာပါ။

ဒါပေမဲ့လေ ...

ကောင်းစုတ်ဘက်က မာနတံခွန်တွေ တလူလူလွှင့်နေတာ

"ဘာပဲဖြစ်ဖြစ်ကွာ ... ကိုယ်ကတော့ ညက်လေးနဲ့အဝေး
နိုင်ဘူး၊ ချစ်တယ် ... မင်းကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူး"

ကိုကိုက သူမကို လက်တွေနှင့်သိမ်းကျုံးပွေ့ဖက်လိုက်သ
တုန်လှုပ်ချောက်ချားစွာ မနှစ်သက်သလို သူမဒေါသလည်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

ကိုကိုက ချစ်သူတွေမဟုတ်ဘဲနှင့် လက်တွေပါနေတာ မကြိုက်။

သူမမျက်နှာကို ဆတ်ခနဲလွှဲပစ်ကာ နွှာကိုယ်အား တွန်း ဖယ်ပစ်မိသည်။

"ဖယ်ပါကိုကို ... ကျွန်မတို့က ချစ်သူတွေမဟုတ်သေးဘဲ ချစ်သူတွေလို မဆက်ဆံစေချင်ဘူး၊ တောင်းပန်ပါတယ်နော်"

"ညက်"

"ကိုကိုတို့အိမ်ထောင်ရေးက တရားဝင်ပြတ်စဲထားကြသေး တာမဟုတ်ဘူးလေ ... ဆင်ဆင်ခြင်ခြင်နေထိုင်သင့်ပါတယ် ဖယ် ကိုကို"

"မဖယ်ဘူးကွာ ... ကိုကိုတို့က ချစ်သူတွေအဖြစ် ကြေငြ ထားပြီးသားပဲ"

"ဖယ်ပါကိုကို ... တိုက်ထဲဝင်ကြရအောင် ပတ်ဝန်းကျင်က လူတွေအမြင်မှာလည်း မသင့်တော်ပါဘူး"

သူမ အတင်းရုန်းဖယ်မထွက်ချင်။

ခြံထဲမှာ ညီပြာတို့က တစေ့တစောင်း ကြည့်နေမှာသေ သည်။





ရှက်နေမိ၏။

ကိုကိုနှင့် သိပ်ပြီးအရောတဝင် မနေပြလိုပေ။

ကိုကိုက ဖွတ်အတင်းပဲ နမ်းဖို့လည်း ကြိုးစားနေသည်။

"ကောင်းကို မင်းချစ်နေတာမဟုတ်ရင် ကိုကိုပဲ ဖြစ်သင့် ယ်"

"ကောင်းနဲ့ပတ်သက်ပြီး မဝေဖန်ချင်ဘူးကိုကို၊ ညက်မကြိုက် ကိုကို့ကိုလည်း ကျွန်မရွေးချယ်ဖို့ မဖြစ်သေးဘူး၊ ကိုကို့ကို ပတ် ကျင်က အထင်မသေးစေချင်တာပါ"

ကိုကို့ကို ညက် မချစ်နိုင်ဘူးဟု ပြတ်ပြတ်သားသားပြောပစ် သည်။

ကိုကိုနှင့်လည်း မပတ်သက်လိုတော့။

ကောင်းက ယောကျ်ားတစ်ယောက်ကို အပျော်တွဲတယ် တာသိရင် ညက်ကို စိတ်ဆိုးမှာပါ။

ညက် အလွယ်တကူ ပြုမူမိ၏။

နောင်တတွေ ရနေမိ၏။

ကိုကို့အိမ်ထောင်ရေးကိစ္စကလည်း ပြတ်ပြတ်သားသားမရှိ။

ပြတ်စဲလိုက်မှာ ညက်အကြောက်ကြီး ကြောက်နေသည်။

"ကိုကိုတို့ အိမ်ထောင်ရေးက မကြာခင် ကွာရှင်းပြတ်စဲကြ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပါ"

"ညက်ကြောင့်တော့ လုံးဝအဖြစ်မခံနိုင်ဘူးနော်၊ ညက် ကိုကိုက ဟန်ဆောင်ချစ်သူတွေ၊ ကိုကိုကွာရှင်းလည်း ညက် လက်ထပ်ချင်မှ လက်ထပ်မှာပဲ"

"ညက်လေးရယ်"

ကိုကို့ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ပြင်နေတုန်း ကောင်းပြ ရောက်လာသည်။

ညက် ခန္ဓာကိုယ်လေးအား ကိုကိုကပို၍ တင်းကြပ်စွာ ဖက်ထား၏။

ပြီးတော့ ...

ကောင်းရှေ့မှာ နည်းနည်းလေးတော့ ဟန်ဆောင်ပြရမယ် ဟု ပြောသည်။

"ကိုကို ငပေါအဖြစ်မခံနိုင်ဘူးနော်ညက် ... ကောင်း အထင်သေးသွားမယ်"

"ဟို ... ကျွန်မ ..."

ကောင်းက သူမတို့အနားရောက်လာသည်။

အပြုံးတွေနှင့် သူမ ဒေါသထွက်ရ၏။

ကောင်းစုတ် ...





နင့်ကြောင့် ငါ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာလေ။

ကိုကို့ကို ညက်ချစ်နိုင်မည်ဟု ထင်မှတ်နေခဲ့ပေမယ့် ... ကယ်တမ်းကျတော့ မချစ်နိုင်မှန်း တဖြည်းဖြည်း သိသာလာရသည်။

"ကိုကိုရောက်နေတာလား လွတ်လွတ်လပ်လပ်နေကြပါ၊ ကောင်း အထဲဝင်တော့မယ်၊ စာရွက်စာတမ်းတွေ ကျန်ရစ်ခဲ့လို့ လာရတာပါ၊ ခဏပဲနေမယ်ကိုကို ..."

"ကောင်းက အလိုက်သိလွန်းတဲ့ ယောက်ဖပဲ ... ကျေးဇူးတင်တယ်"

ကောင်း နင်မနက်စာ လာစားတာမဟုတ်လား။

ဘာဖြစ်လို့ အမြန်ပြန်ထွက်သွားရတာလဲ။

ညက်ကို ရှောင်ပေးစရာမလိုပါဘူး။

ကိုကိုက အသားယူကာ ညက်ပခုံးလေးကို ဖက်ထားသေးသည်။

"ကိုကိုတို့လက်ထပ်ပွဲအတွက် စီစဉ်သင့်နေပါပြီ၊ ကောင်းက ယ်ထိန်းသူ မိဘနေရာမှာဆိုတော့ ကိုကို့လို ပြည့်စုံတဲ့ယောက်ျား ယောက်နဲ့ လက်ထပ်စေချင်တယ်"

"ကိုကို စီစဉ်တော့မယ်လေ၊ ညက်က အသက်ငယ်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီး စဉ်းစားနေတယ်"

"သမီးကညာ ရှိန်ဓါမလင့်စေနဲ့တဲ့လေ"

"ကောင်းစုတ် ... အရှုးကောင်"

"ညက်"

"ဟင်"

ကောင်းစကားကြောင့် ရုတ်တရက် ဒေါသတွေပေါ်
ပြီး အော်ဟစ်ပြောမိသည်။

"ညက် ဘာတွေပြောနေတာလဲကွာ၊ ကောင်းက ေ
နဲ့ ပြောတာပါ။ ကိုကိုတို့အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ကြမယ်
ကောင်း ... "

"ဟုတ်ပါတယ်ကိုကို ... ညက်ချစ်တဲ့ယောကျ်ားဖြစ်
ရယ်၊ ညက်က မလွှဲမသွေ ကိုကိုနဲ့လက်ထပ်မယ်လို့ပြောခဲ့
ကောင်းက အားပေးတာပါ စေတနာလေ ... "

ကိုကို သိလိုက်သည်။

ညက်ချစ်နေတာ ကောင်းပါပဲ။

သေချာနေ၏။

ကောင်းကို ရှုပြတာ ... ကောင်းကလည်း စောင့်ထိ
တဲ့ စည်းကမ်းတွေကို စောင့်ထိန်းနေသည်။





မရတော့ဘူး ညက် ... ။

ကိုကို ဘယ်လိုမှ ညက့်ကို လက်လွှတ်အဆုံးရှုံးမခံနိုင်တော့
ဘူး။

ကိုကို အရယူရလိမ့်မယ်။

ကိုကို ဆုံးဖြတ်ထားသည်။

"အေးအေးဆေးဆေး စကားပြောကြပါ ... မြညက်သာက
တော့ ကောင်းကိုပြောနေကျပါ။ မထူးဆန်းတော့ပါဘူးကိုကို"

ကောင်း တိုက်ကြီးထဲဝင်သွားသည်။

သူမ ပခုံးလေးအား သိုင်းဖက်ထားတဲ့ ကိုကိုလက်တွေကိုဆွဲ
၍ ဖယ်ရှားပစ်လိုက်၏။

နင့်ကို လုံးဝမကျေနပ်ဘူး ကောင်းကင်ယံ။

လုံးဝပဲ။

"ညက်"

"ကိုကိုနော် ... ညက်ပြောထားပြီးသားပဲ၊ ညက်တို့က ဟန်
ဆောင်ချစ်သူတွေ"

"မင်းဘယ်အချိန်အတိုင်းအတာအထိ ဟန်ဆောင်နေရမှာ
လဲညက်"

"ဒါဆိုလဲ အခုပဲ ကိုကိုတို့က ဟန်ဆောင်ချစ်သူတွေအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာပါလို့”

“ကိုကို”

“မင်းဘာဖြစ်ချင်တာလဲ ညက်”

“ကိုကို့မှာ အိမ်ထောင်ရှိတယ်လေ၊ ကျွန်မ ဘယ်လိုပြောမှာလဲ ... လောလောဆယ်ရော ကိုကိုက ကျွန်မကို လက်ထပ်နိုင်မှာလား”

“အချိန်မရွေး လက်ထပ်မယ်ပြော ... အခုလား ... ”

“ကိုကို့မယားကြီးက ပြဿနာလာရှာရင်ရော ကိုကို့မှာ အိမ်ထောင်ရှိတယ်လို့ လုံးဝအသိပေးလို့ မဖြစ်ဘူးနော်”

“ကိုကို့ဘက်က ပိုင်တယ်၊ မင်းကို လုံးဝလာမပြောစေရဘူး ကိုကိုနဲ့ အစောကြီးထဲက သဘောတူထားပြီးသားပါ”

မေ့ကို သူ့စည်းစိမ်တွေ အကုန်ပေးရပါစေ ပေးပစ်မည်။

သူ့ဘဝမှာ ညက်လောက် တန်ဖိုးမထားနိုင်။

သူ ချစ်မြတ်နိုးရတဲ့ မြညက်သာနှင့်အိမ်ထောင်စုလေးတစ်ခု ပျော်ရွှင်ချမ်းမြေ့စွာ တည်ဆောက်လိုသည်။

မေက ငွေထက် ဘယ်အရာကိုမှ တန်ဘိုးထားတာမဟုတ် အချစ်မရှိသူ။

“ညက်လေးရယ် ... သူငယ်ချင်းဆီကနေ ဓာတ်ပုံလေးတွေ





တာနဲ့ ကိုကို့နှလုံးသားတွေထဲအထိ စူးနစ်တိုးဝင်ချစ်မြတ်နိုးခဲ့ရတာပါ”

ညက်တော့ သေချင်နေသည်။

ကိုကို့မှာလည်း အပြစ်မရှိပါဘူး။

ညက့်အပေါ် အမှန်တကယ် တန်ဖိုးထား ချစ်မြတ်နိုးတာ ညက် သိပါတယ်။

အစကတော့ ကိုကို့အပေါ် ချစ်နိုင်သည်ဟုထင်သည်။

စိတ်တွေက ပြောင်းပြန်ဖြစ်ကုန်ပြီလား မသိတော့။

တကယ်တမ်းကျတော့ ညက်ချစ်မိနေတာက ကောင်းကိုပါ ပိုင်ချင်တယ်။

မျက်ရည်တွေကဝေ့တက်လာ၍ ကပျာကယာ မျက်တောင်များတွေနှင့် ပုတ်ခတ်ထိန်းသိမ်းလိုက်ရ၏။

ကိုကိုက ဟန်ဆောင်ချစ်သူဆိုတဲ့ အနေအထားကို အတည်ဖြစ်စေရန် ကြိုးစားနေသည်။

“ကိုကို့ရင်ထဲမှာ ညက်လေးထက် ဘယ်လိုအရာကိုမှ တန်ဖိုးမထားချင်တော့ဘူး၊ ခွာညိုမေ တောင်းဆိုသမျှ ကိုကိုသဘောတူမှာ”

“သေချင်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ညက်"

"ကျွန်မစိတ်ထဲမှာ ဘယ်သူ့ကိုမှလည်း ချစ်မနေပါဘူး ဒါပေမဲ့လေ ... ကိုကို့ကိုလည်း ချစ်သူအဖြစ် စံစားလို့မရဘူး။ စဉ်းစားပါရစေ ညက်စိတ်လိုက်မာန်ပါ ပြောလိုက်တယ်"

"အဲဒါဆိုလဲ ကိုကိုတို့ ဟန်ဆောင်နေကြတာကို အမှန် အတိုင်းပဲ ပြောလိုက်ကြရအောင် ကိုကိုကတော့ အစစ်အမှန် ညက်ကိုချစ်တယ်"

မင်းစိတ်ထဲမှာ ကောင်းကိုရှဲ့ပြုချင်တာ။

ကြီးမားတဲ့ အမှားတစ်ခုကို လွန်ကျူးမိနေပြီညက်။

မင်း ကောင်းကို ကြောက်နေတယ်။

ကောင်း အထင်သေးမှာ စိုးရိမ်နေတယ်။

ကိုကိုကတော့ မင်းကို အရယူရမှာပဲ။

ကိုကို ဆုံးဖြတ်ထားသည်။

"ကိုကိုပြန်ပါတော့ ... ကျွန်မ လက်ထပ်ဖို့ စဉ်းစားပေး မယ်၊ ကိုကို နောက်ပိုင်းကိစ္စတွေကလဲ မရှင်းသေးဘူးလေ"

"ကောင်းပြီညက် ... ကိုကို ပြန်ပါမယ် ... ကိုကို့ နော ကြောင်း ရှင်းလင်းအောင်လည်း အမြန်ဆုံးစီစဉ်မယ်၊ ကိုကိုတို့ လ ထပ်ကြအောင်ပါ ... ညက်ကို အရမ်းချစ်တယ်ကွာ၊ ရင်ထဲက နှ





သားထဲက စူးနစ်နေတာ"

ကိုကို့စကားတွေကို ညက်နားထောင်နေရတာ သေပစ်ချင် လောက်အောင် စိတ်ညစ်ရသည်။

ငိုပစ်ချင်လောက်အောင်ပင်။

သူမ စိတ်လိုက်မာန်ပါ လုပ်မိသွားတယ်။

ကောင်းစုတ်ကို ရှဲ့ပစ်တာ။

ကိုကို့ကိုလည်း သူမချစ်နိုင်မည်ဟု ထင်ခဲ့၏။

ကိုကို့နေ့းက မကွာရှင်းပါစေနဲ့။

သူမ တိုက်ထဲဝင်လာသည်။

"မြညက်သာ"

"နင် ... နင် ဖါကိုဘာဖြစ်လို့ ဒီလောက်အထိ ပထုတ်ချင် ရတာလဲ ကောင်းကင်ယံ"

"မင်းချစ်သူနဲ့လက်ထပ်ဖို့ ပြောတာ မင်းကိုပထုတ်ဖို့ ကြံ စည်တာလား၊ မြညက်သာ ... မင်းက ကိုယ့်ကိုအထင်သေးပြီး မယုံ သင်္ကာစကားပဲပြောနေတော့မှာလားကွ"

"ငါ လက်ထပ်ချင်တဲ့အချိန် လက်ထပ်မယ်၊ နင်ဘာမှ တိုက် တွန်းနေစရာမလိုဘူး"

"ကိုယ်က စေတနာနဲ့ပါ မြညက်သာ၊ မင်းဒုက္ခရောက်စေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် စကားတွေ လုံးဝမပြောခဲ့ပါဘူး"

သူမ နှုတ်ခမ်းတွေ စုထော်ပစ်သည်။

ဖြေရှင်းရန် ခက်ခဲလွန်းနေ၏။

ကိုကို့မှာ အိမ်ထောင်ရှိတယ်ဆိုတာလည်း ကောင်းကို အသိမပေးချင်။

သူမ အရှက်ရမှာစိုးရိမ်နေသည်။

ညက် မှားတာပါ။

အရာရာ ဘယ်တော့ သေသေချာချာ စဉ်းစားဆုံးဖြတ်ခြင်းမျိုး မရှိခဲ့။

ကောင်းကြောင့်ပဲ ... သူမ အမှန်တရားတွေ ပျောက်ကွယ်သွားရခြင်း ဖြစ်၏။

သူမ ရင်ထဲမှာ ကောင်းကိုပဲ ဒေါသဖြစ်ရသည်။

"လက်ထပ်ဖို့ကိစ္စ ငါတို့ဟာငါတို့ပဲ ဆုံးဖြတ်မယ် ကောင်းရှင်ဝင်ပါစရာမလိုဘူး"

သူ ပြန်ထွက်သွားသည်။

အရင်ကလို ညက်ကို တင်းကြပ်တဲ့ စည်းကမ်းတွေနဲ့ပဲ အုပ်ချုပ်ပါဦး ကောင်းကင်ယံ။

ရှင် ဘာဖြစ်လို့ လိုက်လျောနေရတာလဲ ... ကိုကို့ကြောင့်



လား။

နင်ပြောတော့ ညက် အိမ်ထောင်ကျပြီးတဲ့အထိလည်း ငါ့ကို စိတ်မချဘူးဆို။

အရေးထဲ ဝေက ဖုန်းဆက်ပြီး ကောင်းရှိလား မေးနေ၍ သူမ ဒေါသတွေ လေပင့်လိုက်သလို ဝုန်းခနဲ ပေါက်ကွဲရသည်။

"ကောင်းမရှိဘူးဟဲ့ ... နင်ဒီလောက်အထိ အားနေတာလား ဝေ ဘာဖြစ်နေတာလဲ အမြင်ကတ်လိုက်တာ"

"ညက် ... နင်ဘာတွေပေါက်ကွဲနေတာလဲ၊ ကိုကို့ကြောင့်လား၊ ကိုကိုက နင့်ကိုအရမ်းချစ်တယ်၊ သူ့ကံမကောင်းလို့ အိမ်ထောင်ကျသွားရတာပါ ... ကိုကိုက အရာရာပြည့်စုံတယ်၊ ဘာလိုလဲ ချောလည်းချော၊ ခန့်လည်းခန့်၊ ဟဲ့ ... ဒါပေမဲ့ ကောင်းလောက်တော့ မချောဘူး"

"တော်စမ်းပါဟာ"

သူမ အော်ဟစ်သည်။

ကောင်းကို နင်ရမယ်ထင်လား။

ဝေး သေးတယ်။

သူမ ဖုန်းကို စောင့်စောင့်အောင့်အောင့် ပိတ်ပစ်လိုက်၏။

ဝေက အိမ်ရှင်မပီသအောင် သူမ အမူအကျင့်တွေကို ပြင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီတဲ့။

ကလပ်တွေလည်း မတက်တော့ဘူးတဲ့။

ကောင်း ကြိုက်နှစ်သက်မယ့်အရာတွေ အားလုံးကို သူမဘက်မှ ဖြည့်စွမ်းပေးဖို့ ကြိုးစားနေတယ်တဲ့။

ညက်လည်း ဇော်လိုပဲ ကောင်းအတွက် ပါရမီဖြည့်ဘက် ဖြစ်ချင်ခဲ့တာပါ။

မဖြစ်ပါဘူး ...

နှင်းဆီမှာ ဘယ်တော့မှ ဒူးထောက် အညံ့မခံနိုင်ပါဘူး။

စိတ်ထဲမှာ အလိုမကျမှုတွေနှင့် မွန်းကြပ် ဝိတ်လှောင်နေသည်။

## အခန်း ( ၁၄ )

"နွာညို့မေ မင်းဘာအကြီးအစည်တွေရှိနေလို့ ငါနဲ့ကွာရှင်းဖို့ အချိန်ဆွဲနေရတာလဲကွ"

"မောင်ရယ် ... ဘာတွေလာနေတာလဲ၊ မေက လွတ်တဲ့ ါးကြီးချင်နေတယ်"

"ဘာပြောတယ်ကွ ... မင်းဘယ်လောက်လိုချင်လဲပြော၊ စည်းစိမ်တွေ မင်းဘယ်လောက်လိုချင်လဲ ပြောစမ်းပါ၊ ငါပေးမယ် အရေးကြီးတာက မင်းကိုချက်ခြင်း ကွာရှင်းဖို့ပဲ"

"မေ့ကို မောင်ကွာရှင်းချင်လောက်အောင် မုန်းတီးနေမယ်ဆိုတာ မေသိပါတယ်၊ မေကွာရှင်းပေးမယ်ဆိုတာ ငွေကြေးကြောင့် မဟုတ်တော့ပါဘူး"

"ဘာ"

ဗိုးလပြည့်တပေ

www.burmeseclassic.com

www.burmeseclassic.com



“မေ စဉ်းစားနေတာပါ၊ မောင့်ကို တကယ်တမ်းကွာရှင်းရမယ်ဆိုတော့ မေရင်ထဲမှာ မောင့်ကိုချစ်မိနေပြီလား မသိတော့ပါဘူး”

“တော်စမ်းပါကွာ၊ မင်းကိုငါလုံးဝမယုံဘူး၊ မင်းရင်ထဲမှာ ဘာအချစ်မှမရှိ ငွေပဲရှိတာ၊ မင်းမနေ့ကတောင် ကလပ်ကိုသွားပြီး ကောင်တစ်ကောင်နဲ့ ပျော်ပါးနေခဲ့တာပဲ”

“မောင်”

“မင်း ငါ့ကိုမောင်လို့မခေါ်နဲ့၊ မင်းကို ငါရွံတယ်၊ ကွာရှင်းပေးပါ ချာညိုမေ ... ငါတောင်းပန်ပါတယ်၊ ကွာရှင်းပေးဖို့ အခုချက်ချင်းပဲကွာရှင်းကြရအောင်၊ မင်းလိုသလောက် ငါပေးပါ့မယ် ... ပြောစမ်းပါ မင်းပဲမပေးနေစမ်းပါနဲ့ကွာ၊ မင်းဟန်ဆောင်နေတာ ငါသိတယ်၊ အချစ်ဆိုတာ လာမပြောပါနဲ့ ချာညိုမေ ... အဓိပ္ပါယ်မရှိတာဘဲ မင်း ငါ့ဘဝကိုပျက်တဲ့အထိ အကြံကြီးကြီးနဲ့ ကြံစည်မလို့မဟုတ်လား”

“မောင့်ရယ်”

“ဖယ်စမ်းပါ”

မေက မောင့်ကို ဖက်တော့ ကြမ်းတမ်းစွာဆွဲ၍ ဖယ်ရှားခံရသည်။

မေ ထူဆန်းစွာ နာကျင်နေရ၏။





မောင် ဘယ်လိုယုံကြည်မှာလဲ။

မေ ငွေနောက်ပဲ တကောက်ကောက်လိုက်ခဲ့တာပါ။

အချစ်ဆိုတာ တန်ဖိုးထားတတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ခဲ့။

မောင်နှင့် လက်ထပ်ပြီး မေတခြားယောက်ျားတွေကိုလည်း တွဲတွဲနှင့်အတူ ညအိပ်ခဲ့သည်။

မေက တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက် မဟုတ်ခဲ့။

“မေ ပြုပြင်ပါ့မယ်မောင် ... အိမ်ရှင်မကောင်းတစ်ယောက် ဖြစ် မောင်လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်မယ့် ဇနီးမယား ဖြစ်”

“ဝုန်း ... ”

“တိတ်စမ်း ... မင်းဘာအရူးထတာလဲ၊ ငါ့ကိုထပ်ပြီး ကျုး ပြန်ပြီလား ချာ့ညိုမေ၊ မင်းတောင်းဆိုထားတာတွေပေးဖို့ ဆင်သင့်ပဲ၊ လာစမ်းပါ ... ခုချက်ချင်းပဲ တရားရုံးမှာသွားပြီး ကွာ ကြမယ်”

“မေမကွာရှင်းပေးနိုင်တော့ဘူးမောင်”

“ဘာကွ”

“မေ့ အမူအကျင့်တွေကို ပြင်ပါတော့မယ်မောင်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"မင်း"

သူ သတ်ပစ်ချင်လောက်အောင် ဒေါသတွေပေါက်ကွဲ ရကာ ခွာညိုမေ လည်ပင်းအား ညှစ်သတ်မိမတတ်ပင်။

သူ့စိတ်ကို ထိန်းချုပ်၍ စားပွဲပေါ်မှ ပန်းအိုးအား ကောက် ၍ နံရံအား ပစ်ပေါက်လိုက်သည်။

"ချွမ် ... ခွလန်"

"ဝုန်း ... "

"မောင် ကြိုက်သလောက် ပေါက်ကွဲစမ်းပါ သတ်ချင် သတ်လေ ... မောင့်ကို ကွာရှင်းပေးဖို့တော့ ကျွန်မ စဉ်းစား ကျွန်မ တကယ်ပဲ မောင်နဲ့မခွဲနိုင်တော့လို့ပါ"

"ခွာညိုမေ ... မင်းစကားတွေကို ငါယုံမယ်ထင်လား မနှောက်ယှက်ပါနဲ့ကွာ ... ငါ အနူးအညွတ်တောင်းပန်ပါတယ်"

"မောင့်ဆီက ဘာမှမလိုအပ်တော့ပါဘူး၊ မေ တကယ် အလိုအပ်ဆုံးက မောင့်အချစ်တွေပဲ ရယူချင်တယ် ... မေ့ တယ်မောင် ... ခွင့်လွှတ်ပေးပါ၊ မောင်လည်း မေ့အကြောင်း တယ်နော်"

"ငါ မင်းနဲ့အမြန်ဆုံး ကွာရှင်းမှဖြစ်မယ် ခွာညိုမေ ... ဘယ်လိုမှ ရှေ့ဆက်မသွားနိုင်တော့ဘူး ... ငါ့မှာချစ်သူရှိ





"မြညက်သာလား မောင်"

"မင်းက မြညက်သာကိုတောင်သိနေပြီလားကွ၊ မနှောက် ယှက်ပါနဲ့ ငါလုံးဝခွင့်မလွှတ်ဘူးနော်"

မြညက်သာကိုတော့ မောင်က အရူးအမူးစွဲလမ်းနေသကဲ့သို့ ပင်။

မေ နာကျင်လာရ၏။

အချစ်ဆိုတာကို မေ မထင်မှတ်ဘဲ စတင် ခံစားလာရသည်။

မေရဲ့အကြီးမားဆုံးဆန္ဒတွေက မောင့်အား မစွန့်လွှတ် တော့ ရယူပိုင်ဆိုင်နိုင်ဖို့ ဖြစ်လာရ၏။

မေ ဆုံးဖြတ်ထားသည်။

"မြည က်သာကို ငါဘယ်လိုမှ မစွန့်လွှတ်တော့ဘူး ခွာညို မေ ... လက်ထပ်မှဖြစ်မယ်၊ မြည က်သာရဲ့အုပ်ထိန်းသူတွေတောင် အသိပေးပြီးသွားပြီးကွ"

"မေကတော့ မောင့်ကိုချစ်မိသွားပြီ ... အလွယ်တကူ ကွာ ရှင်းမပေးနိုင်တော့ဘူးထင်တယ်"

"မင်း ... မင်း ... မယုတ်မာနဲ့နော် ခွာညိုမေ၊ ငါသတ်ပစ် မိမှာ ငါမြည က်သာကို ချစ်တယ်၊ အဆုံးရှုံးမခံနိုင်ဘူး၊ မင်းနဲ့ဘယ် လိုမှ မဖြစ်နိုင်ဘူး၊ ကွာရှင်းမယ် ... ထစမ်းပါ၊ တရားရုံးမှာ အမြန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားပြီး ကွာရှင်းကြမယ်"

ကိုကို စိုးရိမ်ထိတ်လန့်မှုတွေနှင့် ဒေါသတွေရောယှက်ကာ ခွာညိုမေနှင့်ကွာရှင်းပြတ်စဲဖို့ တရားရုံးကိုသွားရန် ဆန္ဒတွေ ပြင်းပြ နေသည်။

ခွာညိုမေ့ လက်ကို အတင်းအကြပ် ဆွဲခေါ်နေမိ၏။

မေက မလိုက်။

သူ့ ဒေါသဖြစ်ရ၏။

မေ ခန္ဓာကိုယ်အား တွန်းပစ်လိုက်သည်။

"မင်း ... မင်းဘာလိုချင်တာလဲ ခွာညိုမေ ... ငါပိုင်ဆိုင် သမျှ စည်းစိမ်အကုန်လုံးလား လုပ်ငန်းတွေလား ဘာလိုချင်တာ လဲ"

"မေ ဘာမှမလိုချင်ဘူးလို့ ပြောထားပြီးပြီပဲ၊ အဲဒါမေရဲ့ စိတ် ရင်းအမှန်ပါ ... မောင့်ကို ချစ်မိနေတယ်၊ မေ မိန်းမကောင်းပီသ အောင် ကြိုးစားမှာပါ ... မေကတိပေးပါတယ် မောင် ယုံပါ"

"မယုံဘူးကွာ ... မင်းကိုလည်းမချစ်ဘူး၊ မုန်းတယ် ... ချစ်တာ မြညက်သာလို့ မင်းကိုပြောထားပြီးပြီနော်၊ မြညက် ကို ဘယ်လိုအကြောင်းနဲ့မှ ငါ လက်လွှတ်မခံနိုင်ဘူး၊ မင်းသိထား ပါ"





"မောင်"

"တောက်"

မောင်က ဒေါသတကြီးနှင့်မေ့အား တွန်းဖယ်၍အပြင်သို့ ထွက်သွားသည်။

မေ ဘာဆက်လုပ်ရမလဲ။

မေ့ရင်ထဲမှာ မောင်ပဲ ရှိနေ၏။

စည်းစိမ်ဥစ္စာတွေကို မေ မမက်မောတော့။

မောင်ယုံကြည်မှာ မဟုတ်ပေ။

မောင်ချစ်နေတာက မြညက်သာတဲ့။

ငယ်ရွယ်နုပျိုတဲ့ မိန်းမချောလေး မြညက်သာနှင့် မေ ဘယ်လိုမှမယှဉ်နိုင်ပေ။

မောင့်ကို မေချစ်မိနေပြီ။

မေလည်း ဘယ်လိုနည်းနဲ့မှ မောင့်ကို မစွန့်လွှတ်နိုင်တော့

မေက မစားရတဲ့အမဲ သဲနဲ့ပက်တတ်တယ်နော်။ မေ ဖြတ်ထားပြီးပြီ။

မောင်နဲ့မြညက်သာ ဘယ်လိုနည်းနဲ့မှ ပေါင်းဖက်ခွင့်မရှိဘူး။ ညက်သာရှိနေမယ့်နေရာကို ငွေ အကူအညီနဲ့ မေသိထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ ထွက်လာခဲ့သည်။

အဆင်သင့်ပင်။

ခြံထဲမှာ တစ်ယောက်တည်းထိုင်ပြီး စာဖတ်နေတဲ့ မြည်က်သာကို တွေ့လိုက်ရ၏။

ခြံတံခါးအစောင့်အား မင်းထင်ကိုကိုနဲ့ပတ်သက်သူပါဟု ပြောတော့ မြည်က်သာက တံခါးဖွင့်ပေးဖို့ ခွင့်ပြုသည်။

"မမနာမည်က နွာညိုမေပါ မြည်က်သာ"

"ရှင့်"

မြည်က်သာလည်း မေ့နာမည်ကို သိထားတဲ့ပုံပင်။

မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။

"မမနာမည်ကို မင်းကသိထားပုံပဲ မြည်က်သာ"

"ရှင် ... ရှင် ကိုကို့ဇနီးလား၊ ဘာ ... ဘာကိစ္စနဲ့ဒီကို ရောက်လာရတာလဲဟင်"

ကိုကိုဇနီးတဲ့။

မြည်က်သာ ထိတ်လန့်သွားသည်။

အထဲမှာ ကောင်းရှိနေတယ်။

ကိုကိုပြောတော့ မင်းဆီကိုမလာစေရဘူးဟု ပြောခဲ့၏။

ကိုကို့ဇနီး ဘာလာလုပ်တာလဲ။





ရုပ်ရည်ကတော့ ချောမောတောင့်ဖြောင့်နေသူပင်။

"ထိုင်မယ်နော် မြည်က်သာ"

"ဟုတ်ကဲ့"

"မြည်က်သာက မောင်စွဲမက်မယ်ဆိုရင်လည်း စွဲမက်နှစ်သက်ချင်စရာ၊ နုနုရွရွ ဝင်းဝင်းအိအိချောချောလေးပဲ"

"ရှင်"

"မောင်က မမအကြောင်းတွေကို ပြောပြထားတာကိုး၊ မြည်က်သာကရော ဘယ်လိုဆုံးဖြတ်မလဲ ... မင်းထင်ကိုကိုက အိမ်ထောင်ရှိတဲ့ယောကျ်ားလေ"

"ဟို ... ဟို ... ကျွန်မတို့က ဟန်ဆောင်ချစ်သူတွေပါမမ၊ အထင်မချိုးမထင်ပါနဲ့၊ စောစောကတော့ ညက်မသိပါဘူး၊ ဟန်ဆောင်ချစ်သူတွေအဖြစ် ကျွန်မချစ်ရတဲ့ယောကျ်ားတစ်ယောက်ကို ရှဲ့ပြချင်လို့ပါ"

"မင်းချစ်တဲ့ယောကျ်ားကို ရှဲ့ပြတာ ဟုတ်လား ... မင်း မသိဘူးပေါ့၊ မင်းတော်တော်လေး မိုက်မဲတဲ့မိန်းကလေးပဲ"

"ဟုတ်ပါတယ်မမ ... ညက်မှားသွားပါတယ်၊ နောက်ဆုတ်ဖို့ ကြိုးစားနေပါတယ်၊ ကိုကိုနဲ့ညက် ချစ်သူတွေမဟုတ်ကြပါဘူး၊ ညက်မ ကိုကို့ကိုလည်း မချစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတကယ်ပြောတာလား မြညက်သာ"

"တကယ်ပါ ... ကိုကို့ကိုလည်း ညက်ပြောပြထားပြီးပါပြီ မမနဲ့ကွာရှင်းကြတာ ညက်ကြောင့်တော့ မဖြစ်စေချင်ဘူး၊ စောစော ထဲက မမတို့က ကွာရှင်းဖို့ စီစဉ်ထားတာလို့ပြောပါတယ်"

"မဟုတ်ဘူး ... မင်းကြောင့်ပဲ မမကို ကွာရှင်းပစ်မှာပါ"

"ရှင်"

ကိုကိုလိမ်တာပဲ။

သူတို့ပြဿနာကြောင့် ကွာရှင်းကြတော့မှာဟု သူမအား ပြောခဲ့သည်။

တော်ပါသေးရဲ့ သူမဘက်မှ မလွန်ကျူးသေးလို့။

"မြညက်သာ"

"ရှင်"

"မင်းချစ်ရတဲ့သူက ကောင်းကင်ယံလား"

"ရှင် ... မမဘယ်လိုလုပ်သိနေတာလဲ၊ သူ့နာမည်ကိုပါ ကိုကိုပြောတာလား"

"မဟုတ်ပါဘူး ... မမထင်တာပါ၊ မင်းအကြောင့် စုံစမ်းရင်း မင်းကိုစောင့်ရှောက်နေတဲ့ ကောင်းကင်ယံကိုပါ သိခဲ့တာ"

"ဟုတ်ပါတယ်မမ ... ညက်ချစ်တာ ကောင်းပါ၊ ငယ်ငယ် လေးထဲကလေ"

သူမနှင့်ကောင်းအကြောင်း ရင်ဖွင့်ချင်နေတာနှင့်အတော်ပဲ ဖြစ်သွားသည်။

သူမ ရင်ထဲမှာ မွန်းကြပ်နေလို့ပါ။

အခုတလော ကောင်းဘက်မှ ယခင်ကအတိုင်း ညက်နဲ့ကို ခပ်စိမ်းစိမ်းနှင့် မျက်နှာထားက တင်းနေ၏။

ကိုကို့ကို လက်ထပ်ဖို့ ညက်အချိန်ဆွဲနေတာကို ကောင်း မကြိုက်ပုံပင်။

"ကောင်းပါ ... ကျွန်မအစ္စတိုက်ပြီး ကိုကို့ကို တွဲပြလိုက်မိ တာပါ၊ တကယ်တမ်းကျတော့ ကိုကို့ကို လုံးဝမချစ်နိုင်ပါဘူးမမ ရယ်"

မြညက်သာရဲ့စကားကြောင့် မေလည်းစိတ်အေးသွားရ သည်။

ဝေကလည်း ကောင်းကင်ယံကိုချစ်နေ၏။

စိတ်ဝင်စားစရာ အချစ်ဇာတ်လမ်းတွေ စတင်နေပြီ။

ဝေ့ကိုတော့ မေကိုယ်ချင်းစာမိနေ၏။

သူမလိုပဲ ချစ်သူအတွက် ဘဝကိုပြုပြင်ဖို့ ကြိုးစားနေလေ သည်။







www.burmeseclassic.com

www.burmeseclassic.com



"မမခင်ပွန်းနဲ့ ညက်ထပ်ပြီး မပတ်သက်တော့ပါဘူး၊ မမတို့လည်း ညက်ကြောင့် မကွာရှင်းကြပါနဲ့"

"မြညက်သာ"

"ရှင်"

"မင်းဘက်ကပဲ မောင့်ကိုပြင်းပါ၊ မမကိုတော့ သူကအတင်းအကြပ် ကွာရှင်းခိုင်းနေတယ်လေ၊ မမအရမ်းကြောက်တယ်၊ သတ်မှာ ... မမက မောင့်ကို မကွာရှင်းပေးပါရစေနဲ့လို့ တောင်းပန်တာတောင် မောင်က ဒေါသတွေပေါက်ကွဲပြီး လည်ပင်းညှစ်သတ်ပစ်တော့မလို့"

"ဟုတ်လား မမ ..."

ကိုကို့ကို ညက်တဖြည်းဖြည်းကြောက်ရွံ့လာခဲ့မိသည်။

ညက်ကိုလည်း ဒေါသတကြီးနှင့် နောက်ဆုတ်မည့်ပုံမရပေ။

"မမကတော့ မောင့်ကိုမကွာရှင်းနိုင်ပါဘူး၊ ချစ်လို့လက်ထပ်ထားကြတာပဲ၊ သူကလေ ညီမလေးကို လက်ထပ်ချင်တော့ မမကိုတောင် မချစ်မနှစ်သက်ဘဲ မြူဆွယ်ဖြားယောင်းလို့ လက်ထပ်တာပါလို့ပြောတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... မမကြောင့် သူထောင်ချောက်မိသွားတာပါတဲ့"





"ယောက်ျားတွေက မိန်းမကိုကွာရှင်းချင်ရင် ပြီးတော့ လက်ထပ်သူတို့ချစ်တဲ့ ကောင်မလေးငယ်ငယ်တွေနဲ့တွေ့ရင် ဒီလို မယားကြီးကို အပုတ်ချပြီး ပြောကြတာပဲလေ"

"ကိုကိုနဲ့ညက်က မိတ်ဆွေတွေအဆင့်ပါပဲ မမရယ် ... ယုံပါနော်၊ ညက်ချစ်နေတာက ကောင်းပါ ... ငယ်ငယ်လေးထဲက အနကြီးတဲ့ ကောင်းကို ရွံ့ပြီရင်း ညက်အမှားတွေပဲ ကျူးလွန်မိခဲ့တာပါ"

"ညီမလေးဘက်က မှန်နေရင် ပြင်းလေ၊ ကောင်းကင်ယံကိုလည်း အမှန်အတိုင်း ဖွင့်ပြောပြပါ၊ မင်းပဲ ဒုက္ခတွေရောက်ရမှာ၊ အရှက်တကွဲဖြစ်ရမှာလေ ... မမကတော့ မောင့်ကိုအေးအေးချမ်းချမ်း စွန့်လွှတ်ပေးမှာ မဟုတ်ဘူးနော်"

"စိတ်ချပါ ... ကျွန်မ ပြင်းမှာပါ၊ ကောင်းကိုပြောပြရမှာလည်း ကောင်းက အရမ်းစိတ်ဆိုးမှာပဲ ... ညက်ကို သူအရမ်းအထင်သေးမုန်းတီးသွားမှာလည်း ကြောက်တယ်"

"ဒါကတော့ မင်းကိစ္စပဲလေ ... မမပြန်မယ်၊ မောင်လာရင်လည်း လက်မခံပါနဲ့ ပြင်းပါ ... မင်းအတွက် လာပြီး သတိပေးတာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်မမ ... ကျွန်မဘက်က ပြင်း



www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ ကျွန်မကြောင့်လည်း ဘယ်အိမ်ထောင်ရေးကိုမှ မပြိုကွဲစေချင်ပါဘူး၊ စိတ်ချပါ ... ”

မေ ပြန်ထွက်လာခဲ့သည်။ မြည က်သာက ရိုးသားဖြူစင်သူပါ။ ``တကယ်လည်း မြည က်သာရဲ့ဘဝလေး မပျက်စီးစေလိုပေ။ မောင်ကလည်း ရိုးသားသူပဲ။

ဒါပေမဲ့ ...

မေက ချစ်မိသွားတာတော့ မတတ်နိုင်။ စည်းစိမ်ဥစ္စာတွေနဲ့တောင် မောင့်ကိုလဲရမှာပါလေ။

မေ မောင့်ကို အရယူဖို့ပဲ ဆုံးဖြတ်ထားသည်။

အခန်း ( ၁၅ )

ကိုကို့ဇနီး ပြန်သွားတော့ ညက်စိတ်တွေ မလုံမလဲနှင့်ကောင်းတွေ့သွားမလား။

ညက်ကို ရှုပ်ပွေတဲ့မိန်းမတစ်ယောက်အဖြစ် မမြင်မတွေ့စေလိုပေ။

ညက် တိုက်ထဲ ပြန်ဝင်လာတော့ ညိုပြာ့မျက်လုံးတွေကသူမအပေါ် မနှစ်သက်သလိုလို ညိုပြာက ကောင်းဘက်ကပဲ။

“ကောင်းရော ညိုပြာ ... ”

“စောစောကအပြင်ထွက်မလို့ မမလေးညှို့သည်နဲ့စကားပြောနေလို့ ပြန်တက်သွားတယ်၊ မမလေးညှို့သည်တွေနဲ့ ရှင်းရှင်းကင်းကင်းနေရမယ်တဲ့”

ကောင်းရယ် ... ညက်တို့နှစ်ယောက် ဘယ်တော့မှ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးကျွမ်းဝင်ကြမှာလဲဟင်။

ရန်ဘက်တွေပဲ ဖြစ်ဖြစ်နေကြတော့မှာလား။

ညက်အလျှော့ပေးလိုက်ဖို့ စဉ်းစားမိနေသည်။

ညက် မှားပါတယ်။

ငယ်ငယ်လေးထဲက ဒေါ်သနဲ့ ကောင်းကို ဒရိုင်ဘာသ[illegible]

အဖြစ် နှိမ်ချဆက်ဆံခဲ့မိ၏။

ကိုကို့ကိစ္စကို ညက်အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ကော[illegible]

မလား။

ညက် ငိုပစ်ချင်နေသည်။

"မမလေး မနက်စာစားတော့မလား"

"ကောင်းရော"

"အပြင်မှာစားမယ်လို့ ပြောနေတယ်"

"ညီပြာ"

"ရှင်"

"မမလေးနဲ့အစ်ကိုလေးကို အဆင်ပြေစေချင်လား"

"အင်း ... ပြေစေချင်တယ် ... မမလေးနဲ့အစ်ကိုလေ[illegible]

သဘောတူတယ်၊ ဒါပေမဲ့ ... မမလေး အပြစ်လည်းမရှိပါဘူး၊ အ[illegible]

လေးက မာနကြီးတယ်၊ မတူမတန်ဘူးလို့ထင်နေတာလေ"





"မမလေး စိတ်ထဲမှာ တစ်ခါတလေ မိသားစုဝင် ခင်ခင်မင်

မင် ရင်းရင်းနှီးနှီးနေချင်လာတယ်"

"မမလေး"

"ပြော"

"ဟိုလူကြီးနဲ့တကယ်ပဲ လက်ထပ်တော့မှာလား၊ အစ်ကို

လေးက ညီပြာကို တောပြန်တဲ့ သူလည်း နိုင်ငံခြားကိုထွက်သွား

တော့မှာတဲ့"

"ဟင်"

"နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ်တဲ့၊ အပြီးအပိုင်နေတော့

မှာတဲ့ ... စီးပွားရေးလုပ်ငန်းတွေအားလုံး မမလေးချစ်သူကို လွှဲ

ခဲ့မယ်တဲ့"

"ကောင်းစုတ်"

"မမလေး"

နင့်ကို အဲဒီလိုအပြုအမူတွေကြောင့်မုန်းတာ။

ဒေါ်သက ထွက်ချင်သည်။

ကောင်းနှင့်အဆင်ပြေအောင်နေမည်ဟု စိတ်ကူးထားတာ။

သူမ နာကျင်ရ၏။

ညီပြာကတော့ မမလေးက အစ်ကိုလေးမှာ အပြစ်မရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါသဖြစ်နေတာပဲဟူ၍ လှည့်ထွက်သွားသည်။

သူမလည်း အခန်းထဲပြန်ဝင်လာခဲ့၏။

ကိုကိုနှင့်ပတ်သက်မိတာ အမှားကြီးမှားသွား၏။

မယားကြီးရောက်လာတာ ကောင်းသိသွားလျှင် ညက်ကို အထင်သေးမုန်းတီးမှာပဲ။

အဲဒါတွေအားလုံးက နင့်ကြောင့်ပဲ ကောင်း သိလား။

ညက် ဒေါသတွေ ထွက်နေသည်။

"ကိုကိုက ညက်ချစ်သူမှမဟုတ်တာ ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး၊ ကိုကို့ကိုလည်း မချစ်ဘူး"

သူမ အော်ပစ်ချင်သည်။

မျက်ရည်တွေ ပြည့်လာရသည်။

မနက်စာပင် စားချင်စိတ်မရှိတော့။

ညီပြာက ထမင်းစားဖို့ လာခေါ်ပေမယ့် ညက် ဆင်းမစားတော့။

ရင်တွေ ပူနေ၏။

ကိုကိုနှင့် ပြဿနာ ဘယ်လိုရှင်းရမလဲ။

ကောင်းအပြင်ထွက်သွားသံကြား၍ သူမ ပြတင်းပေါက်က နေ ရပ်မိနေသည်။





"ကောင်း ... ညက်အပေါ် ဘာဖြစ်လို့များ တင်းတင်းမာမာ ဆက်ဆံချင်ရတာလဲဟင်၊ ကောင်းရဲ့ယောကျ်ားပီသလွန်းတဲ့ စိတ်ဓာတ်ကို ညက်အထင်ကြီးတယ်၊ ကောင်း ဘယ်သူ့သားပဲဖြစ်နေပါစေ ညက် ငယ်ငယ်လေးထဲက ချစ်ခဲ့ရတာပါနော်"

ကောင်းရှေ့မှာ ဒူးထောက်တောင်းပန်ချင်ပေမယ့် သူက အနေတကြီး ဥပက္ခာပြု ရက်စက်ပြမှာ သေချာသည်။

ညက်တို့ မိဘလက်ထက်က ... စီးပွားရေး လုပ်ငန်းတွေ ကောင်းဦးစီးလုပ်ကိုင်ခဲ့၍ ကြီးပွားတိုးတက်လာခဲ့ပေမယ့် လစာပဲ ယူခဲ့၏။

ကောင်းစုတ် ...

နင်အရှုံးလား ညက့်မိဘတွေရဲ့ ကျေးဇူးကို ဆပ်နေကြောင်း သိသည်။

"မမလေး"

"ဟင်"

"မမလေး ရည်းစားရောက်နေပါတယ်"

"ဘာပြောတယ်"

"မမလေး ရည်းစားပါ ... ဧည့်ခန်းထဲမှာစောင့်နေပါတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရောက်လာပြန်ပြီ။

ကောင်းမရှိလို့ တော်ပါသေးရဲ့။

ညီပြုံက မမလေးရည်းစားတဲ့ နားကြားပြင်းကတ်သည်။

သူမ ရှောင်လွှဲ၍မရတော့။

အဝတ်အစားလဲ၍ အောက်ထပ်ဆင်းလာခဲ့ရ၏။

ကိုကို ထိုင်နေသည်။

"ညက်လေး မနက်စာ မစားရသေးဘူးဆို ... ကိုကို
အပြင်ထွက်စားကြမယ်"

"ညက်စားပြီးပါပြီ ကိုကို ... အခန်းထဲမှာပဲ မနက်စာ
ပစ်လိုက်တာပါ ညီပြုံ မသိလို့ပါ"

"ဘာပဲဖြစ်ဖြစ်ကွာ ကိုကိုတို့အပြင်ထွက်ကြမယ်၊ ညက်လေ
ကို ပြစရာရှိလို့ ... လာပါ ..."

ကိုကိုက သူမလက်လေးကိုဆွဲ၍ထွက်သည်။

ညက်လည်း အပြင်မှာပဲ ရှင်းချင်တယ်။

ကိုကိုအား ပြတ်ပြတ်သားသားပြောဖို့ စဉ်းစားထားမိ

မပတ်သက်တော့ဘူး လက်လည်း မထပ်နိုင်တော့ဘူး

ညက်မှ မချစ်နိုင်တာဘဲ။

"ညက်လေး"





"ရှင်"

"ကိုကို ပြစရာရှိတယ်၊ ညက်လေးအတွက် ကိုကိုကြိုတင်
စီစဉ်ထားတာတွေလေ"

"ကိုကို"

"တော်ပြီကွာ ... ဘာမှမကြားချင်ဘူး"

ခွာညိုမေနှင့်ညက်လေးတွေ့ကြတာ သူသိသည်။

ဘာပဲဖြစ်ဖြစ် သူလက်ထပ်မှာက ညက်လေးပဲ။

ခွာညိုမေကတော့ သူ့ကွာ ရှင်းပစ်မယ့်မိန်းမ ဘာအချစ်လဲ
နှောက်ယှက်ချင်နေတာပါ။

စိတ်ကောင်းမရှိတဲ့ မိန်းမ။

သူ့ကားလေးက ခြံဝင်းကျယ်ကြီးထဲဝင်လာသည်။

"ဆင်းလေ ညက်"

"ဒါက ..."

"ညက့်အတွက်လေ"

"ရှင်"

"မင်းနာမည်နဲ့ဝယ်ထားတာ ... မင်းအတွက် ကိုကိုရဲ့ချစ်
တ်လက်ဆောင်ပါ"

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မငြင်းပါနဲ့ကွာ၊ ညက်လေးကို ဓာတ်ပုံလေးတွေ့တာနဲ့ ကိုကို ချစ်ခဲ့ရတာပါ၊ အရမ်းမြတ်နိုးတယ်"

ကိုကိုက သူမ ပခုံးလေးအားဖက်၍ တိုက်ကြီးထဲခေါ်လာခဲ့ရာ သူမ ထိတ်လန့်တုန်လှုပ်စွာ ရုန်းဖယ်ပစ်သည်။

"ကိုကို့မိန်းမ ညက်ဆီလာတယ်"

"ဘာပြောတယ်"

"တောင်းပန်ပါတယ်ကိုကို ... ညက်တို့ လက်ထပ်ဖို့မဖြစ် နိုင်တော့ပါဘူး၊ အစောကြီးကလည်း ကျွန်မတို့က ချစ်သူတွေမှ မဟုတ်တာ"

"ကိုကို့မိန်းမ မင်းဆီဘာလာလုပ်တာလဲ ... ဘာတွေပြော သွားလဲ"

"မြညက်သာကြောင့် ကွာရှင်းရမှာတဲ့လေ"

"အဓိပ္ပါယ်မရှိတာဘဲ ညက် ... ကိုကိုတို့ အရင်ထဲက ကွာ ရှင်းကြဖို့ စီစဥ်ထားတာပါ၊ ဘာပဲဖြစ်ဖြစ်ကွာ ... ကိုကိုကတော့ ညက်ကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်တော့ဘူး၊ ကိုကိုတို့လက် ထပ်ကြရအောင်"

"လွှတ်ပါ ... ကိုကို၊ ကောင်းကို ပြောပြလိုက်တော့မယ် ညက်တို့ ကင်းကင်းရှင်းရှင်းနေကြရအောင်ပါ"





"မင်း ... မင်း ... ကောင်းကြောင့်လား"

"ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ကျွန်မတို့က ချစ်သူတွေမှမဟုတ် ဘာဘဲ ... ကျွန်မပြန်မယ်"

"ညက်"

"ဟင်"

"ကိုကို့ကို ထားမသွားပါနဲ့ ... မင်းနဲ့အဝေးမခံနိုင်ဘူး၊ ခွာညို့ မနဲ့ကိုကို ကျိန်းသေကွာကြမှာပါ ... မင်းဖြစ်စေချင်တာတွေ အားလုံး ကိုကိုဖြည့်ဆည်းပေးမယ်"

"လွှတ်ပါကိုကို ... ညက်မကြိုက်ဘူး၊ ကိုကိုနဲ့ညက်က ချစ်သူ တွေမှ မဟုတ်တာ ... ဖယ် ... "

"မင်း ဒီလိုအလွယ်တကူ ငြင်းလို့မရဘူးနော် ... မြညက်သာ မင်္ဂါကို အသုံးချလို့မရဘူး ညက်ရယ် ... မင်းကိုချစ်မြတ်နိုးလွန်း တဲ့ယောက်ျားတစ်ယောက်ကိုများ မင်းမရက်စက်ချင်ပါနဲ့"

ညက့်ကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်တော့သ ကိုကို ဆုံးဖြတ်လိုက်သည်။

ညက်က သူ့လက်ထဲရောက်နေပြီ။

ခွာညို့မေကလည်း ပေကပ်နေ၍ ကိုကို့ဂုဏ်သိက္ခာတွေကို ထိခိုက်ချင်တော့။

ညက် ချစ်နေတာ ကောင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ညက့်ကို လက်လွှတ်ဆုံးရှုံးရနိုင်နေ၏။

မင်းကို ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ဖြစ် ကိုကို အရယူ တော့မယ်။

"ကိုကို ဘာလုပ်တာလဲ ... လူကြီးလူကောင်းတစ်ယောက် ဖြစ်ပြီး အဲဒီလိုမလုပ်ပါနဲ့ ဖယ်ပါ ... "

"ချစ်တယ် ... ညက့်ကို အရမ်းချစ်တယ်၊ ကိုကိုဘယ်လို လက်လွှတ်အဆုံးရှုံးမခံနိုင်တော့လို့ပါ"

"အဲဒီလိုမလုပ်ပါနဲ့ ... ညက် တောင်းပန်ပါတယ် ကို လွှတ်ပေးပါ"

"မလွှတ်ဘူးကွာ၊ မင်းကို ချစ်တယ် ... ကိုကိုလက်လွှတ် အဆုံးရှုံးမခံနိုင်တော့ဘူး ချစ်တယ် ... "

"ဦးမင်းထင်ကိုကို ... အဲဒီလို မယုတ်မာချင်ပါနဲ့၊ ကျွန်မ ဒီလိုစော်ကားလိုက်ရမယ်ထင်လား ... ဖယ်နော် ... "

"မဖယ်ဘူးကွာ၊ ကိုကိုကတော့ မင်းကိုဘယ်နည်းနဲ့ပဲဖြစ်ဖြ အရယူဖို့ ဆုံးဖြတ်ထားတယ်၊ မင်းကိုပြန်မလွှတ်နိုင်တော့ဘူး"

ကိုကို့လက်တွေက သူမအား တင်းကြပ်စွာပွေ့ဖက်ထား သူမ ရုန်းဖယ်၍မရတော့ ညက်ကလည်း ခွန်အားရှိသမျှ တွန်း ရုန်းကန်ပစ်သည်။

"ချစ်တယ် ... ကိုကိုက ညက်ပျော်ရွှင်အောင်ထားမှာ





ညက်ကိုချစ်လို့ ကိုကို ရူးသွပ်မတတ်ဖြစ်နေပြီကွာ"

"အို ... "

ညက်ကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်၍ သူမအားပြန် မလွှတ်တော့ဘဲ ဘယ်နည်းနှင့်မဆို သူမအချစ်အား အရယူရန် သူ ဆုံးဖြတ်ထားသည်။

"လွှတ်ပါ ... လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး ရှင် အဲဒီ လို မယုတ်မာပါနဲ့ ... ဖယ်ပါ ... "

သူမ နှုတ်ခမ်းလေးတွေ သူ့မျက်နှာကြီးက အုပ်မိုးလာသည်။

ညက် ကြောက်လိုက်တာ။

အသားလေးတွေပင် တဆတ်ဆတ်တုန်ယင်နေ၏။

သူမ နောင်တတွေရနေပါ၏။

ကောင်းကို ရွဲ့မိတဲ့အမှားတွေပါပဲ။

ဒီနေရာက မင်းထင်ကိုကိုရဲ့ အရိပ်အမြို။

သူမဘဝ နစ်မွန်းရတော့မည်ပဲဖြစ်သည်။

"ကောင်းရယ် ... ဘဝမှာပြင်လို့မရနိုင်တော့တဲ့ အမှားကြီး တစ်ခုကို ညက်လွန်ကျူးမိခဲ့ပြီထင်တယ် ... ဘာပဲဖြစ်ဖြစ် မိန်း ခလေးတစ်ယောက်ရဲ့ စောင့်ထိန်းအပ်တဲ့ဂုဏ်သိက္ခာတွေ ညက် ကြောင့်ပဲ တန်ဖိုးမဲ့ ကျရှုံးရတော့မယ်"

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရဲ့ ကြမ်းတမ်းတဲ့အချစ်တွေကို ရှောင်ဖယ်ဖို့ ကြိုးစားနေရင်း အင်အားတွေ ချိနဲ့လာရ၏။

ကျွန်မရဲ့အပျိုစင်ဘဝလေးကို ကောင်းကလွဲပြီး ဘယ်သူမှ မရစေရဘူး။

အသက်ပဲ ပေးပစ်မယ်။

သူမ ရှိသမျှ အင်အားတွေစုစည်း၍ စားပွဲပေါ်မှာ တင်ထားတဲ့ ပန်းအိုးကို ဆွဲယူ၍ ကိုကို့ခေါင်းအား ရိုက်ချပစ်ပါသည်။

"အား ..."

ကိုကို့လက်တွေက သူ့ခေါင်းကိုအုပ်ပစ်လိုက်တဲ့အချိန်တွင် သူမ အတင်းရုန်းဖယ်၍ အပြင်ပြေးထွက်လာခဲ့သည်။

ကိုကို ဘာဖြစ် ကျန်ရစ်ခဲ့လည်း မစဉ်းစားတော့ ခြံထဲရောက်သည်နှင့် ကိုကို့ကားပေါ်တက်၍ မောင်းထွက်လာခဲ့ပါ၏။

တော်ပါသေးရဲ့ ညက်ဘဝ နစ်မွန်းရတော့မလို့ ကိုကို့ကားနှင့်ပင် သူမ ဒလကြမ်းမောင်း၍ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ သူမအတွေ့ချင်ဆုံးက ကောင်းဖြစ်နေ၏။

အဖြစ်မှန်တွေကို ရင်ဖွင့်ပြောပြတော့မည်ဟုပဲ ဆုံးဖြတ်ချက် ချထားခဲ့သည်။

"ဟင် ... ကောင်း ... "





သူမ ကောင်းအခန်းဝတွင် ရပ်မိသည်နှင့် ကောင်းက အရက်တွေ အလွန်အကျွံသောက်ထားပုံနှင့် ကြမ်းပြင်မှာ လဲကျနေသည်။

"ဘယ်လိုဖြစ်ရတာလဲ ကောင်းရယ် ... နင်ဘယ်တုန်းက အရက်တွေ ဒီလောက်အထိ သောက်ခဲ့ဖူးလို့လဲဟင် ... ကောင်း"

"အား ... အင်း ... အင်း ... မြညက်သာလား ... အား"

"ဟုတ်တယ် ကောင်း ... သတိထားပါဦး ဘာဖြစ်လို့ အရက်တွေသောက်ထားရတာလဲ"

"ချစ်တယ်"

"ဟင်"

"ညက်ကိုချစ်တယ် ... မြညက်သာကိုချစ်တယ် ... အား"

"ဘုရားရေ"

ညက် အထိတ်တလန့်နှင့် ဘုရားတမိသည်။

လူမှန်းမသိအောင် မူးနေတဲ့လူတစ်ယောက်ဆီက ညက်ကို ချစ်တယ်ဆိုတဲ့ စကားကို ညက် ဘယ်လိုအတည်ယူရမလဲ။

ပျော်သွားရပေမယ့် မယုံရဲအောင် ဖြစ်သွားရသည်။

"ညက်ကိုချစ်တယ်၊ အရမ်းချစ်တယ် ... ကိုယ် ရူးတော့မယ် ညက်ရယ် ... အား ... "

"ကောင်း"

သူမ ကောင်း ခန္ဓာကိုယ်ကြီးအား ထူမ၍ ခုတင်ပေါ် ဆွဲတင်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေရင်းက ကောင်းလက်တွေက သူမအား ဆွဲယူပွေ့ဖက်လိုက်ရာ အိပ်ရာပေါ် နှစ်ယောက်သားလုံးထွေးကျရောက်သွားတော့သည်။

"ချစ်တယ် ... မြည်ကဲ်သာကို အရမ်းချစ်တယ်၊ ကိုယ့်ရင်ခွင်ထဲမှာပဲနေပါ ... ရက်ရက်စက်စက် မထားခဲ့ပါနဲ့ကွာ ... အား"

တစ်နေ့တည်းမှာပဲ ယောကျ်ားနှစ်ယောက်ရဲ့ အကြမ်းဖက်အနိုင်ကျင့်မှုကို ညက်ခံလိုက်ရသည်။

ကောင်းက သူမချစ်မြတ်နိုးရတဲ့ယောကျ်ားပါ။

ကောင်းဆီက အချစ်တွေကို သူမရယူခွင့်ကို နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားလာခဲ့ရ၏။

ကောင်းက အသိမဲ့နေသည်။

အသိရှိလျှက်နှင့်ညက်အား စော်ကားတဲ့အပြုအမူတွေ ကောင်းဘယ်တော့မှ ကြံစည်မည်မဟုတ်။

သူမ ငြင်းဆန်ဖို့ ဆန္ဒတွေကမရှိ။

ရုန်းဖယ်ပစ်ဖို့ နေနေသာသာ သူမကိုယ်တိုင်က ကောင်းရင်ခွင်ထဲ တိုးဝင်ဖက်တွယ်မိသွားလေသည်။

## အခန်း ( ၁၆ )

သူ့ခေါင်းတွေ နာကျင်ကိုက်ခဲနေတာမခံစားနိုင်အောင်ပင်။ မနေ့က တစ်နေကုန် အရက်တွေကို သောက်မိနေသည်။

မြည်ကဲ်သာကြောင့်ပါ။

ဘယ်လိုနည်းနှင့်မှ အဆင်ပြေမှုမရှိတဲ့ မြည်ကဲ်သာနှင့်သူ။

"အား ... ကျွတ် ... ကျွတ် ... "

ခန္ဓာကိုယ်ကလည်း လေးလံနာကျင်နေသလိုပင်။

အရမ်း မူးသွားသည်။

လူမှန်းပင် မသိ။

မြည်ကဲ်သာကို စွန့်လွှတ်ဖို့ သူ့မှာ သတ္တိမရှိ။

မင်းသာ ကိုယ့်ကို ငယ်ငယ်လေးထဲက နှိမ်ချဆက်ဆံမနေဘူးဆိုရင် မြည်ကဲ်သာ မင်းရင်ထဲက အထင်သေးမှုတွေကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖယ်ရှားပစ်ရမလဲကွာ။

"မင်းကို ချစ်တယ် ... ကိုယ့်အဖေကြောင့် မဖွင့်ဟခဲ့တာပါ။ မြည်ကသာနဲ့သားက မတူမတန်ဘူးတဲ့၊ သားက ဒရိုင်ဘာ အစေအပါးရဲ့သားဆိုတာ အမြဲတမ်း မှတ်ထားရမယ်တဲ့"

အဖေ ... သားရင်ထဲမှာ မြည်ကသာကို စွန့်လွှတ်ရမှာ အရမ်းကြောက်နေတယ်။

မြည်ကသာ လက်ထပ်ပွဲမှာ သူရှိနေရမှာပင် စိတ်တွေ ချောက်ချားနေရသည်။

"မင်း ကိုကိုနဲ့ လက်မထပ်ပါနဲ့ မြည်ကသာ ..."

ပြောပစ်ချင်သည်။

အခွင့်အရေး မရှိမှန်း သူသိနေသည်။

"အား ... ကျွတ် ... ကျွတ် ..."

သူထလိုက်သည်။

အုံခဲနေတဲ့ ခေါင်းကိုနှိပ်နယ်ရင်းသူ့အကျီမှာ ဆံပင်တွေးတထွေးကို တွေ့လိုက်၍ မျက်လုံးတွေ ပြူးသွားရ၏။

ဘယ်သူ့ဆံပင်တွေလဲ သူပြန်တွေးကြည့်သည်။

"အစောကြီး အိမ်ကိုပြန်ပြီး အရက်ထိုင်သောက်နေခဲ့တာပဲ အခန်းထဲမှာပဲနေတာပါ၊ အခန်းထဲကို ဘယ်သူဝင်လာလဲ"



ညှိုပြာ မဖြစ်နိုင်။

သူ့အိပ်ခန်းထဲ ဘယ်သူမှ သူ့ခွင့်ပြုချက် မရဘဲ ဝင်ခွင့်မရှိဘူး။

သန့်ရှင်းရေးလုပ်ရင်တောင် သူ့ခွင့်ပြုချက်ယူရသည်။

"ဆံပင်က ရှည်လျားတယ်၊ ဘယ်သူ့ဆံပင်တွေလဲ ... ဘာအကြောင်းနဲ့ ငါ့အိပ်ခန်းထဲရောက်နေရတာလဲ"

ဒီအိမ်မှာ ဆံပင်ရှည်ရှည်ဆို၍ မြည်ကသာပဲရှိသည်။

"မဖြစ်နိုင်ပါဘူး ... မြည်ကသာနဲ့ငါက ရန်သူတွေပဲ"

သူ့ရင်ဘတ်က ကြယ်သီးမှာ ဆံပင်ရှည်တွေကပ်ငြိကျန်ခဲ့လောက်သည်အထိ မြည်ကသာက သူ့ကိုတရင်းတနှီး နေထိုင်မှာ မဟုတ်။

စဉ်းစားရင်း ခေါင်းတွေရှုပ်ထွေးနောက်ကျိသွားရ၏။

သူ တစ်ကြိမ်တစ်ခါမှ ထိုမျှလောက်အထိ အရက်မသောက်ဘူးခဲ့ပေ။

"ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဘာမှစဉ်းစားလို့တောင်မရတော့ဘူးကွာ ... အား ..."

သူ ရေချိုးခန်းထဲဝင်လာခဲ့သည်။

အရက်နာကျတယ်ဆိုတာ တော်တော်လေး အခံရခက်ပါသား။

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ရေပန်းအောက်မှာ အကြာကြီးနေသည်။

"မြည်က်သာ မင်းနဲ့အဝေးဆုံးကို ကိုယ်ထွက်သွားတော့မယ် မင်းရဲ့လက်ထပ်ပွဲကို ကိုယ်ရင်မဆိုင်နိုင်ဘူး"

အန်ကယ်ပေါ်ထွန်းကတော့ ကောင်းဆန္ဒအတိုင်း လုပ်ပါတဲ့။

ညက်လည်း သင့်တော်တဲ့ယောက်ျားတစ်ယောက်နဲ့ လက်ထပ်တော့မှာပဲတဲ့။

ကိုယ် ရှူးတော့မယ်ထင်တယ်။

မြည်က်သာနဲ့အဝေးဆုံးကို ထွက်သွားမှ ဖြစ်တော့မယ် ထင်တယ်။

ရင်တွေက အရက်ရှိန် ကြောင့်လားမသိ ပူလောင်နေသည်။

"အား ..."

ရေပန်းကို ပိတ်ပစ်သည်။

အဝတ်အစားတွေလဲပြီး အပြင်ထွက်လာခဲ့၏။

မနက်စာစားဖို့အတွက် စားသောက်ခန်းထဲရောက်တော့ မြည်က်သာရှိနေသည်။

သူမက သူ့ကိုမြင်တော့ ထပြီး ထွက်ဖို့ပြင်လိုက်၏။

သူ ခဏလောက်ထိုင်ပါဟု တားဆီးမိသည်။





"ခဏလေး မြည်က်သာ"

"ဘာကိစ္စရှိလို့လဲ"

"ပြောစရာရှိလို့ပါ"

မြည်က်သာ တုန်တုန်လှုပ်လှုပ်တွေမဖြစ်အောင် အတော်လေး သတိထားနေရသည်။

ကောင်းကတော့ ပြောစရာရှိလို့ ခဏထိုင်ပါဟု ပြောပေမယ့် သူမနှင့်ဖြစ်ပျက်ခဲ့တာတွေ မှတ်မိပုံမပေါ်။

ယခင်ကအတိုင်း တည်တည်ငြိမ်ငြိမ်ရှိနေသည်။

"ပြော"

"ကိုယ် နိုင်ငံခြားကို ထွက်သွားတော့မယ် မြည်က်သာ"

"ဟင်"

သူမ ဟန်မဆောင်နိုင်အောင် သူ့ကို ဆတ်ခနဲမော့ကြည့်မိသည်။

သူကတော့ ထုံးစံအတိုင်း အေးစက်စက်။

နင်က ညက်နဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ ခံစားချက်ရှိတဲ့ကောင်ပါ။

"မင်းတို့မင်္ဂလာပွဲကိုတော့ ကိုယ်ဂုဏ်မပြုနိုင်တော့ဘူးထင်တယ် မြည်က်သာ ... ကိုယ်လုပ်ငန်းတွေ အမြန်ဆုံးလွှဲပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

"ရှင်က ဘယ်သူ့ကိုလွဲမှာလဲ"

"မင်းဆန္ဒရှိတဲ့သူကိုပါ"

"ဘယ်သူမှမရှိဘူးဆိုရင်ရော"

"မင်းကိုပေါ့"

ညက် ဘာမှမလုပ်တတ်ဘူးဆိုတာ ရှင်မသိဘူးလား ကောင်းကင်ယံ။

ရှင့်ကို အဲဒီလိုလုပ်ရပ်တွေကြောင့် ကျွန်မမုန်းတာ။

"ကောင်းပြီလေ ... လွှဲပေးခဲ့ပါ။ ရှင် ဒီလောက်တောင်သွားချင်ရင်သွားပါ ... ပြောချင်တာ ဒါပဲမဟုတ်လား"

ကောင်းနှင့်မျက်နှာချင်းဆိုင်ဖို့ပင် သူမ ရှက်ကြောက်ဝန်လေးနေမိသည်။

ညက အဖြစ်အပျက်တွေကို ကောင်းမမှတ်မိတော့ သူ့မျက်နှာက ယခင်ကအတိုင်းပဲ။

သူမသာ ကောင်းအနားကနေထ၍ သူမ အိပ်ခန်းထဲ ဝင်လာခဲ့၏။

မျက်ရည်တွေက သူမမျက်ဝန်းတွေထဲတွင် ပြည့်လျှံနေသည်။





"ကောင်းရယ် ... ညက်တို့နှစ်ယောက် ဝေးသထက်ဝေးကြတော့မယ်ထင်တယ် ... အဝေးကို ထွက်မသွားပါနဲ့လား"

ကောင်းကို တားဆီးချင်မိသည်။

ဒါပေမဲ့လည်း ညက် ကျေနပ်ပါတယ်။

ချစ်ရတဲ့ကောင်းရင်ခွင်ထဲမှာ တစ်ညတာ နားခိုခွင့်ရလို့ ညက်ကလည်း ညက်ပဲ။

မာနမချချင်။

ကောင်းကို ဒရိုင်ဘာ သားတစ်ယောက်ဟု မမြင်ပေမယ့် ဝန်မာနတော့ မချချင်။

မကျေမနပ်မှုတွေက ငယ်စဉ်လေးထဲက ညက့်ရင်ထဲမှာ အစိုင်အခဲတွေ ဖြစ်တည်နေခဲ့တာပဲ ဖြစ်သည်။

"ညက်ရဲ့အပျိုစင်ဘဝလေး ကောင်းရင်ခွင်ထဲမှာ နစ်မြုပ်ခဲ့ရလို့ ကျေနပ်ပါတယ် ... ညက် ပျော်ရွှင်မိပါတယ်"

ညက့်မျက်ဝန်းလေးတွေထဲမှ မျက်ရည်တွေ ပြုတ်ကျနေသည်။

နှလုံးသားတွေ နာကျင်ကြေကွဲနေရ၏။

ညက် ဘယ်လို ယောကျ်ားမျိုးကိုမှ လက်မထပ်ဖို့ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း … အရက်တွေ ဘာဖြစ်လို့ အလွန်အကျွံသောက်ရတာလဲ၊ ညက်နဲ့ပတ်သက်ပြီး ခံစားနေရတာတွေရှိနေခဲ့လို့လား"

သူမ တွေးနေသည်။

ကောင်း တစ်ကြိမ်တစ်ခါမှပင် အရက်ကို လူမှန်းမသိတဲ့အထိ မသောက်ဘူးခဲ့။

ကောင်းရင်ထဲရော ညက်ရှိနေလား။

သူမစိတ်တွေ လေးလံနေသည်။

"မမလေး"

"ဟင်"

"အောက်မှာ မမလေးဝေ ရောက်နေပါတယ်၊ အစ်ကိုလေးအတွက် စားစရာတွေ လာပို့တာတဲ့"

"ဘာပြောတယ်"

"မမလေး ဆင်းလာခဲ့ပါ"

"အေး … အေး …"

မိဝေ အတင့်ရဲနေပြီ။

ဘာလာလုပ်တာလဲ ညက့်ကိုတောင် အသိမပေးတော့ သူ့ဆီလည်း တက်မလာ။

သူမအောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။





မနာလိုလိုက်တာ။

ဒေါသတွေလည်း အလိပ်လိုက်ထွက်နေ၏။

သူမ အောက်ထပ်ရောက်တော့ ဝေနှင့်ကောင်းတို့ မျက်နှာချင်းဆိုင် မနက်စာ ထိုင်စားနေသည်။

ကောင်းကလဲ ကြည်ကြည်လင်လင်ပဲ။

"ဝေ"

"ဟင် … ညက် နင်မနက်စာ စားပြီးပြီဆို လာလေ … ကောင်းအတွက် ဟင်းတွေလာပို့တာပါ"

"နင် တော်တော်ရှုပ်တာပဲဝေ … အလုပ်မရှိအလုပ်ရှာပြီး"

"ဘာဖြစ်လဲ ယောက်မရဲ့ … ကောင်းကို နင်က ဟင်းကောင်းတွေကျွေးလို့လား"

"ကောင်း နင်ကလည်းကုတ်ကမြင်းပဲ … သစ္စာမရှိတဲ့ကောင်"

"ဘာပြောတယ် ညက် … နင်ကလေ ကောင်းကိုအမြဲတမ်းနိုင်ကျင့်နေတယ်၊ ပြောရင်လည်း မညှာမတာ လွန်တယ်"

အဲဒါ နင်နဲ့ဘာဆိုင်လို့လဲ ဝေဟု ရန်တွေ့ပစ်လိုသည်။

ကောင်းကိုယ်တိုင်က အရေးတယူနှင့်ဝေ့ကို ဧည့်ခံနေ၏။

နင် ဝေ့ကို သဘောကျနေပြီလား ကောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်တွေ ဒေါသူပုန်ထ၍ တွေ့ရာကိုကောက်ယူ ပေ
ပေါက် ရိုက်ချိုးပစ်ချင်လာသည်။

"နင့်အတွက်လည်း ပါပါတယ်ဟဲ့"

"မစားဘူး"

"ဘာဖြစ်လို့လဲညက် ... ငါ့အရင်ကဝေမဟုတ်တော့ဘူးနော်
အိမ်မှုကိစ္စတွေ သင်နေပြီ၊ ကုမ္ပဏီမှာလည်း ငါဝင်ဦးစီးနေပြီသိလား
ညက်"

ဝေအရင်က အလန်းဇယားမ နိုက်ကလပ်တွေတက်၍ ပျော်
ချင်တိုင်းပျော်နေတတ်သူ။

ယောက်ျားတွေကို သက်စေ့တွဲသည်။

အဲဒီတုန်းက ဝေနဲ့ညက် အချစ်ခင် မပျက်ခဲ့။

ကောင်းမကြိုက်မှန်းသိ၍ တမင်ဝေနှင့်တွဲပြခဲ့၏။

အခုတော့ ဝေမိန်းမ ပီသအောင် ကြိုးစားပြုပြင်နေမှ ည
မနာလိုဝန်တိုဖြစ်နေရကာ ရန်သူတွေလို ဆက်ဆံလို့နေခဲ့သည်

"ကောင်းက နင့်ကို စီးပွားရေးလုပ်ငန်းတွေ လွှဲပေးတော့
မယ်တဲ့၊ နင်လည်း ကြိုးစားလေ ... ကိုကိုက အရှမ်းတော်တ
နင့်အတွက်ကတော့ အေးဆေးပါ"

"မိဝေ"





"ဟင်"

"လာဦး"

"ဘာလုပ်မလို့လဲဟ"

"ပြောစရာရှိလို့"

ဝေ မထချင် ထချင်နှင့် သူမအတင်းဆွဲခေါ်လာခဲ့သည်။

"ဟဲ့ ... ညက် ဘာလဲဟ နင်မနာလိုဝန်တိုဖြစ်နေတာလား"

"ဘာပြောတယ်"

"ငါ့ကိုဘာပြောမလို့ ဆွဲခေါ်လာရတာလဲဟ"

"နင့်ကိုမေးစရာရှိလို့"

"မေး"

"ကိုကို့မှာမိန်းမရှိတာ နင်သိလား"

"ဟင်"

"ကိုကိုက လူပျိုမဟုတ်ဘူးဟဲ့"

"ဟာ ... ဟုတ်လား ဝေမသိဘူး၊ တကယ်မသိတာနော်
ညက် ... နင် ... နင် ဘယ်လိုလုပ်မလဲ၊ ဟုတ်ရောဟုတ်ရဲ့လား
ညက်ရယ်"

"ဟုတ်တယ် ... ကိုကို့ဇနီးက ငါ့ဆီတောင်လာတွေ့ပြီးပြီ"

"ဟယ် ... ကိုကိုက မပြောဘူး၊ ဝေ့အစ်ကိုရှိစဉ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



လူလွှတ်ပါ ... နင်ဘာဆက်လုပ်မှာလဲ"

"ကောင်းမသိသေးဘူး၊ ငါဘယ်လိုဖြေရှင်းရမှန်းတောင် မသိ ဘူး၊ ကိုကိုက ငါ့ဘဝကိုဖျက်စီးပစ်ဖို့ ကြိုးစားတယ် ... အဲဒါ နင် တရားခံသိလား"

"ဘာပြောတယ် ... နင်ပဲ ကိုကို့အနား အသေအလဲကပ် တာလေ ... ကိုကို့ကို ကောင်းဆီခေါ်တွေ့ပေးတာ ဝေ့ကို နင်တို့ ပင်လို့လား"

ဝေမသိဘူးဆိုတာ သူမယုံသည်။

ညက်အပေါ်တော့ ဝေက သူငယ်ချင်းကောင်းပါ။

ညက်ကသာ မရေမရာ။

အမိက သူမနှင့် ကောင်းတို့ မှားယွင်းသွားခဲ့ကြပြီဆိုတာ အသိပေးချင်နေပေမယ့် ညက်နှုတ်ခမ်းလေးတွေက မဟရဲ။

"ကိုကို့ကို ဝေ တားပေးမယ်၊ ဒီလိုလုပ်လို့တော့ ဘယ်ရမလဲ ညက် ... နင်ဖြစ်ချင်တာပြောလေ ဝေသိတာ ကိုကိုက နင့်ကို အရမ်းချစ်တယ်ဆိုတာပဲ"

"ဝေ"

"ပြော"

"တကယ်လို့ဟယ် ... ငါနဲ့ကောင်းကို လူကြီးတွေက





သဘောတူထားကြလို့ လက်ထပ်ကြရမယ်ဆိုရင်ရောဟင်"

"ဘာပြောတယ် ညက်"

"ညက့်ကို အန်ကယ်ပေါ်ထွန်းက ပြောတယ်၊ လူကြီးမိဘ တွေက ညက်နဲ့ကောင်းကို လက်ထပ်ပေးဖို့ ပြောသွားခဲ့ကြတယ် တဲ့လေ"

"ဟင်"

ဝေ့ကို တစ်နည်းနည်းနဲ့ကောင်းအနားကနေ ဖယ်ထုတ်ပစ် ဖို့ ညက်စဉ်းစားနေသည်။

တကယ်လည်း လူကြီးတွေက စီစဉ်ထားခဲ့ကြ၏။

ဝေ့မျက်နှာ ညိုမဲသွားသည်။

"ကောင်း သိလား ... နင် ... နင် တကယ်ပြောတာလား ညက်"

"တကယ်ပါ"

"နင် ကောင်းနဲ့လက်မထပ်ချင်လို့ ကိုကိုနဲ့တွဲပြလိုက်တာပေါ့ ဟုတ်လား ညက် ... "

"ကိုကို့ကို ငါလက်ထပ်လို့ မဖြစ်တော့ဘူး၊ နင့်ကို အသိ ပေးထားတာပါ"

"နင် ... နင် ... ကောင်းကိုမကြိုက်ဘူးမဟုတ်လား၊ နင်နဲ့ သူမတန်ဘူးလို့ အမြဲတမ်း ပြောခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ဟာ … ကောင်းနဲ့ဝေ အဆင်ပြေသွားရင်လည်း ပြီးတာပါပဲ၊ ဒါပေမဲ့လေ … ငါကောင်းကို လက်မထပ်လို့ မဖြစ်တဲ့အကြောင်းအရာတစ်ခုရှိလာမယ်ဆိုရင်တော့ မတတ်နိုင်ဘူးနော်"

"ညက် … နင်ဘာပြောနေတာလဲ ကောင်းနဲ့နင် … ဘာအကြောင်းနဲ့များ လက်ထပ်ဖို့အကြောင်း ပေါ်လာရမှာလဲဟဲ့"

"ပြောပြတာပါ"

"ညက်"

"ငါအပြင်သွားတော့မယ်"

"ညက်"

သူမ ထွက်လာခဲ့သည်။

ဝေကို တမင်ထားခဲ့တာပါ။

သူမ စိတ်ထဲမှာ မာနတွေက တင်းနေခြင်းပင် ကောင်း၏ နှိမ်ချပြောဆိုခဲ့တာတွေ အလွန်အကျွံတွေဖြစ်နေသဖြင့် ကောင်းနှင့် ချစ်သူတွေဖြစ်ဖို့အထိ ညက်မှာသတ္တိတွေရှိမနေပေ။

ကောင်းလက်ခံလိုက် မလားဘဲ သူမစိတ်တွေ လှုပ်ရှားနေလွန်းသဖြင့် ကောင်းအနားကနေပဲ ရှောင်ထွက်လာခဲ့မိသည်။

## အခန်း ( ၁၇ )

သူ့ရင်ဘတ်မှာကပ်ငြိခဲ့တဲ့ ဆံနွယ်ရှည်ရှည်တွေကို ကောင်း သံသယဖြစ်နေခဲ့သည်။

မြညက်သာရဲ့ဆံပင်တွေလား၊ ခရမ်းရောင် ဆိုးဆေးကို သုံးထားတဲ့မြညက်သာရဲ့ ဆံပင်ရောင်လေးကဲ့သို့ ခရမ်းရောင်သန်းနေတဲ့ ဆံပင်။

မဖြစ်နိုင်ပါဘူးဆိုပေမယ့်လည်း သူ့စိတ်တွေက မြညက်သာဖြစ်နိုင်သည်ဟုပဲ သံသယတွေ လွှမ်းမိုးနေခဲ့၏။

ညက်က သူ့အိပ်ခန်းထဲဝင်လာမည့် မိန်းကလေးမဟုတ်ပေ။

သူ သွားခဲ့တာလား။

သူ နှင့်မှားယွင်းသွားခဲ့တာလား။

ထိုအတွေးကပို၍ပင် မဖြစ်နိုင်ဟု ပယ်ပစ်လိုက်သည်။

"ကောင်းအတွက် ဝေဘာမဆို ပေးဆပ်ပါ့မယ်၊ အရာအား



www.burmeseclassic.com

www.burmeseclassic.com



လုံး ကောင်းဆန္ဒတွေအတိုင်း ဖြစ်စေရပ့ါမယ်၊ ကောင်းအနားမှာ ဝေလေ ပါရမီဖြည့်ဖက်အနေနဲ့ ...”

“တော်ပါတော့ဝေ ... မဖြစ်နိုင်ဘူးထင်တယ်၊ ကိုယ်က ဒရိုင်ဘာတစ်ယောက်ရဲ့သားပါ။ မင်းက ရွှေမှုန်စားပြီးမွေးဖွားလာရတဲ့ သူဌေးသမီးပါ”

“ဝေက မြည့က်သာမဟုတ်ဘူးနော် ... ကောင်းကို ငယ်ငယ်လေးထဲက သံယောဇဉ်တွယ်မိနေခဲ့ရတာပါ၊ ဝေ့မိဘတွေကလည်း ကောင်းကို သဘောကျကြတယ်”

ဝေ့ကို သူဘယ်လိုမှ နှစ်သက်ခြင်းမရှိသလို လက်ထပ်လိုက်ဖို့အထိ စဉ်းစားကြည့်မိခဲ့ပေမယ့်လည်း သူ့နှလုံးသားတွေက လက်မခံနိုင်။

သူ ချစ်ရတာက မြည့က်သာတစ်ယောက်ထဲ ဖြစ်နေသည်။

ဝေ့ကိုတော့ သူ့အတွက် ပြုပြင်မည်ဆိုတော့လည်း မြည့က်သာနှင့် ကင်းရှင်းစေရန် လက်ထပ်ဖို့စိတ်ကူးမိပေမယ့် မြည့က်သာကလွဲပြီး သူဘယ်လိုမိန်းကလေးမျိုးနှင့်မှ လက်မထပ်လိုပေ။

ကောင်း နိုင်ငံခြားကိုအပြီးအပိုင် ထွက်သွားတာပဲ ကောင်းပါတယ်လေ။

မြည့က်သာကို ကုမ္ပဏီကိစ္စတွေ သင်ပေးရမည်ဖြစ်သည်။

သူအောက်ထပ်သို့ ဆင်းလာတော့ မြည့က်သာက ခြံထဲမှာစောင့်နေပြီဖြစ်၏။





မင်းက ကိုယ့်ကိုတကယ်ပဲ မင်းအနားကနေ ထွက်သွားစေချင်နေပြီလား။

သူ ခြံထဲရောက်လာသည်။

“မင်းရှေ့ကသွားနှင့်ပါ မြည့က်သာ ကိုယ်လိုက်ခဲ့မယ်”

မြည့က်သာကတော့ သူနှင့်ကားတစ်စီးထဲသွားဖို့ ခြံထဲမှာစောင့်နေသည်။

ကြည့်လေ ...

မင်းသွားနှင့်တဲ့။

သူ့ရင်ဘတ်ကြီးအား ပြေးထုပစ်ချင်လာရ၏။

သူမကလည်း မာနကိုမချ မျက်နှာထားတင်းတင်းနှင့် ကားမောင်းထွက်လာခဲ့သည်။

“ညက်မှားသွားပြီလား ကောင်းကို အလျှော့ပေးလိုက်သင့်ပါတယ် ... ညက်တို့ အတူတူသွားကြမယ်လို့ ပြောလိုက်ရမှာပါ”

ညက် ကားမောင်းရင် စိတ်ထဲမှာ နောင်တတွေရနေမိသလိုပင်။

ကောင်း အဝေးကိုထွက်သွားမှာ ကြောက်နေမိသည်။

တားဆီးချင်ပေမယ့် ကောင်းကို အောက်ကျမခံချင်။

သူမကို လုပ်ငန်းတွေ လွှဲတော့မည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမရှိဘဲ ညက်ရပ်တည်နိုင်မှာမဟုတ်ဘူးထင်တယ် ကောင်းရယ် ... အလျှော့ပေးလိုက်ဖို့ပဲ စဉ်းစားမိနေသည်။

သူမ ကားလေး ကုမ္ပဏီရှေ့ရောက်တော့ မမျှော်လင့်ဘဲ ကိုကို့ကားကို တွေ့လိုက်ရသည်။

ကိုကိုက သူမကားအနား လျှောက်လာပြီး ကားတံခါးကို ဖွင့်ပေးသည်။

"ညက်လေး ကိုကိုနဲ့ခဏလောက် စကားပြောရအောင် လိုက်ခဲ့ပါ"

"ကျွန်မကို မနှောက်ယှက်ပါနဲ့တော့ကိုကို ... တောင်းပန် ပါတယ်၊ ကျွန်မနဲ့ကိုကို လုံးဝဆက်ပြီး လက်မတွဲနိုင်တော့ပါဘူး"

ညက် ပြတ်ပြတ်သားသားပြောပြီး လှည့်ထွက်သွားဖို့ပြင် တော့ ကိုကိုက သူမလက်လေးကို ဆတ်ခနဲ ဆွဲကိုင်ထားသည်။

"ဖယ်ပါ"

"မဖယ်ဘူးကွာ၊ မင်းနဲ့ကိုကို လူတွေရှိတဲ့နေရာလေးတစ်ခု မှာပဲ စကားပြောမှာပါ ... လူရှင်းတဲ့ စားသောက်ဆိုင်ပါ စားနေကျ လေ"

စိတ်ညစ်လိုက်တာ ကောင်းလည်းရောက်လာတော့မည်။

ကိုကိုနှင့် မဆုံစေချင်ပေ။

သူမ ကုမ္ပဏီတာဝန်တွေကလည်း ရှိနေသည်။





"ကျွန်မ ကုမ္ပဏီမှာ အလုပ်ဝင်တော့မယ်ကိုကို ... အချိန် လည်း သိပ်မပေးနိုင်ဘူး"

"ခဏလေးပါညက်၊ ကိုကို တောင်းပန်စကားတွေလည်း ပြောချင်တယ်၊ ချစ်သူတွေအဖြစ် မဟုတ်တာတောင်မှ သူငယ်ချင်း မိတ်ဆွေတွေအဆင့်လောက်တော့ ဖြစ်နိုင်တယ်မဟုတ်လား"

ညက့်အနေနှင့် ဘယ်လိုမှမတတ်နိုင်တော့ပေ။

သူ အတင်းအကြပ်ခေါ်တော့မည်ဆိုတာ သိလိုက်သည်။

ကိုကို့မျက်ဝန်းတွေက ကြောက်စရာကောင်းလွန်းနေ၏။

မမမေဆီ အကြောင်းကြားဖို့ကလည်း ဖုန်းနံပါတ်ကမသိ။

သူမ လွတ်မြောက်ရာကို ရှာဖွေနေသည်။

"မင်းကို ဘာမှမလုပ်ပါဘူး ညက်လေးရယ် ... ကိုကိုက မိတ်ဆွေဖြစ်ချင်ခဲ့တာပါ၊ စကားလေးပြောရုံပါကွာ"

သူမ လိုက်လာခဲ့ရသည်။

ကောင်းကတော့ တစ်မျိုးထင်တော့မှာပဲ။

ကိုကိုနှင့်အပြတ်ရှင်း၍ အနံကယ်ပေါ်ထွန်းကိုရော ကောင်း ကိုပါ အဖြစ်မှန်တွေ ပြောပြဖို့ ဆုံးဖြတ်ထားသည်။

"ညက်"

"ရှင်"

"ကြောက်နေတာလား ... ကိုကိုက ဒီလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းနေလား၊ မင်းကိုချစ်မြတ်နိုးရတဲ့ ယောကျ်ား တစ်ယောက်ပါ မကြောက်ပါနဲ့"

"ညက်တော့ ကိုကို့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ ခင် မင်ချင်ပါတယ်၊ ဒီ့ထက်ပိုပြီးတော့ လုံးဝမဖြစ်နိုင်ပါဘူး"

"စိတ်ချပါကွာ ကိုကိုလဲ ညက်လေးနဲ့ မိတ်ဆွေအဆင့် လောက်ပဲ ခင်မင်ပတ်သက်ခွင့်ရရင် ကျေနပ်ပါပြီ"

"ကျေးဇူးတင်ပါတယ်ကိုကိုရယ် ... မမမေကိုလည်း ကွာရှင်း ပြတ်စဲတာတွေ မလုပ်ပါနဲ့နော် ... တည်ဆောက်ထားပြီးတဲ့ အိမ် ထောင်တစ်ခုကို မပျက်စီးပါစေနဲ့"

"သူ နိုင်ငံခြားကို ပြန်ထွက်သွားပါပြီ၊ ကိုကိုတို့ မကွာရှင်း တော့ပါဘူး၊ မကြာခင် ကိုကိုလည်း လိုက်သွားတော့မယ်"

"ဟုတ်လား ... ကောင်းလိုက်တာ ညက်ဝမ်းသာပါတယ်၊ ကိုကိုကလူကြီးလူကောင်းတစ်ယောက်ပါ"

မြညက်သာ မင်းကိုတော့ ငါက ဒီအတိုင်းလွှတ်ပေးမယ်ထင် လို့လား။

မစားရတဲ့အမဲ သဲနဲ့တော့ပက်ပစ်ခဲ့ရမှာပဲ။

မင်းကိုငါ အရမ်းချစ်တယ်။

အချစ်ကြီးတော့ အမျက်ကြီးသွားပြီ။

မင်းရဲ့အပျိုစင်ဘဝလေးက ငါ့ရင်ခွင်ထဲမှာပဲ မလွဲမသွေ ဆုံး





ရှုံးရစေမယ်။

သူအယုံသွင်း၍ သူနှင့်ကြိုတင်ညှိထားတဲ့ စားသောက်ဆိုင် ကိုခေါ်ဆောင်လာခဲ့သည်။

"လူတွေရှိပါတယ် ညက်လေးရယ် ... ကိုကို့ကိုယုံပါ"

"ဟုတ်ကဲ့"

လူတွေရှိနေ၍ ညက် နည်းနည်းလေးတော့ စိတ်အေးသွား သည်။

လူကတော့ ရှင်းနေ၏။

ကိုကိုက စားပွဲတစ်လုံးမှာ ဝင်ထိုင်၏။

ညက့်ခြေဖျား လက်ဖျားလေးတွေ အေးစက်ချင်လာသည်။

ကောင်းကတော့ ဘာပြောမလဲ။

ညက့်ကားရှိပြီး လူမရှိတော့ ကိုကိုနှင့်လိုက်သွားသည်ဟု ခင်မှာ သေချာသည်။

"ညက် အအေးလေးသောက်မလား၊ ကိုကိုလည်း အအေးပဲ သောက်မယ် ... ရင်ပူတယ်ကွာ"

"ဟုတ်ကဲ့"

ညက်ကတော့ အမြန်ဆုံးပြန်ချင်နေပါပြီ။

ကောင်းကို အဖြစ်မှန်တွေ ရှင်းပြဖို့လည်း စဉ်းစားထား သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနဲ့ညက် အမြန်ဆုံး လက်ထပ်လိုက်မှဖြစ်မှာပါ။

ညက်တို့ အမှားအယွင်းတွေ ဖြစ်ထားခဲ့ကြ၏။

တစ်နေ့နေ့ ညက် ပြဿနာတက်လာမှာ ကြောက်မိနေ

သည်။

"ညက်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ အအေးရောက်လာပြီ သောက်

လေ"

"ဟုတ် ... ဟုတ်ကဲ့"

ညက့်ရင်တွေလည်း ပူလောင်နေပါပြီ။

အအေးခွက်ကိုယူ၍ သောက်လိုက်သည်။

"ညက့်ကိုချစ်တယ်၊ ကိုကို့ဘဝမှာ ညက့်ကိုလက်လွှတ်အဆုံး

ရှုံးခံဖို့ အရမ်းကြောက်ရွံ့နေခဲ့တယ်"

သူ ညက်ကိုကြည့်သည်။

အအေးကိုပဲသောက်နေပြီး မြန်မြန် ပြန်ချင်နေသည့်ပုံပေ

ညက်ကတော့ ကိုကိုအား မိတ်ဆွေတစ်ယောက်လိုပဲ ခင်မင်

မိကြောင်း ပြောနေ၏။

အအေးကုန်သွားတော့ ညက့်မျက်ဝန်းလေး မှေးစင်းသွား

သည်။





"ကိုကို ... ညက်ဘာဖြစ်သွားရတာလဲ ခေါင်းတွေမူးလိုက်

တာ၊ ကိုကို ... ရှင် ... ရှင် ... "

"ဘာမှစိတ်မပူပါနဲ့ညက် ... မင်း အားနည်းနေလို့ဖြစ်မှာပါ၊

ထ ... ကိုကိုတို့ ပြန်ကြရအောင်"

စားပွဲထိုးတွေကို မျက်စပစ်ပြလိုက်ပြီး ညက်ကို တွဲခေ၍

သူ့အတွက် သီးသန့်ပြင်ဆင်ထားတဲ့ အခန်းဆီခေါ်ဆောင်လာခဲ့

သည်။

"မြညက်သာ ... မင်းဘာတတ်နိုင်သေးလဲ၊ တကယ်တော့

ငါက မင်းပြောသလိုပဲ လူကြီးလူကောင်းတစ်ယောက်ပါ၊ ဒါပေမဲ့

မိန်းမတွေကြောင့် ငါ့ဘဝကြီးတစ်ခုလုံး အဖက်ဆယ်လို့မရအောင်

တော်ပြတ်သတ်သွားရပြီ"

ကိုကို့စိတ်ထဲမှာ မိန်းမတွေကို မုန်းတီးနာကြည်းနေပါသည်။

မြညက်သာက အသိမဲ့စွာ အိပ်ရာပေါ်မှာ လဲလျောင်းနေ၏။

သူ ပြုသမျှ နုရတော့မည်။

မင်း ဘာတတ်နိုင်သေးလဲ မြညက်သာ။

အချစ်ဆိုတာကို မင်းခံစားတတ်ပါတယ်။

ကောင်းကို မင်းချစ်ခဲ့ရတာမဟုတ်လား။

ကြိတ်မှိတ်ခံစားလာရတဲ့ ပေါက်ကွဲမှုက ပြင်းထန်တယ်ကွ။

ငါ့ဘဝက အဆုံးသတ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါ နိုင်ငံခြားကို အမြန်ဆုံး ထွက်သွားရတော့မယ်။

အရာအားလုံးက မင်းကြောင့်ပဲ မြည်က်သာ။

"မင်းကို ငါအရမ်းချစ်တယ်၊ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူးကွာ၊ တစ်ခုခုတော့ မင်းဆီက ငါအရယူသွားမှဖြစ်မယ်"

မြည်က်သာ ချောမောလှပနေတဲ့မိန်းကလေး။

သူ့အိပ်ရာ ပေါ်မှာပါ။

သူ့အသာအယာပဲ မြည်က်သာ ဘေးမှာ လဲအိပ်လိုက်သည်။

သူမ ခန္ဓာကိုယ်လေးအား သိုင်းဖက်ရင်း သူ့ရင်တွေ တဆတ်ဆတ်တုန်ရင်လာ၏။

သူ့လက်တွေနှင့် ရစ်သိုင်းပွေ့ဖက်ထားမိသည်။

"ကိုကို အရမ်းပဲချစ်မြတ်နိုးမိလို့ ကြံစည်မိတာပါကွာ၊ အခု လည်း မင်းဘက်က ကိုကို့ကို လက်ထပ်ဖို့ အသာတကြည်လက်ခံ မှာမဟုတ်လား"

မြည်က်သာရဲ့ မျက်နှာလေးကို သူ့မျက်နှာက အုပ်မိုးသွား သည်။

နှုတ်ခမ်းဖူးဖူးထွတ်ထွတ်လေးအား ကိုကိုနမ်းပစ်ဖို့ ကြိုးစားခဲ့သည်။ ခဲ့သာ အကြိမ်ကြိမ်ပင် အောင်မြင်တော့မယ်။

"ဒေါက် ... ဒေါက် ... "

"ဒေါက် ... ကိုမင်းထင်ကိုကို ... တံခါးဖွင့်ပေးပါ ... "





"ဒေါက် ... ဒေါက် ... "

"ဟင်"

စားသောက်ဆိုင်ပိုင်ရှင် ကိုကျော်နိုရဲ့အသံပဲ။

ဒီလူ ဘာနှောက်ယှက်တာလဲ။

တောင်းတဲ့ငွေ ပေးထားပြီးသား။

ကိုကို ဒေါသ ဖြစ်သွားသည်။

တံခါးကို အဆက်မပြတ်ခေါက်နေ၍ ထပြီး ဒေါသတကြီး ဖွင့်ပေးမိသည်။

"ဟင်"

တံခါးဖွင့်လိုက်သည်နှင့် ဘူ့ကိုရဲတွေက လက်ထိပ်ခတ်သည်။

"ဟင် ... ဘာလုပ်တာလဲ ခင်ဗျားတို့ ဘယ်လိုလူတွေလဲ"

"စိတ်မကောင်းပါဘူး ဦးမင်းထင်ကိုကို ... ခင်ဗျားကို လူသတ်မှုနဲ့ဖမ်းတာပါ၊ ဒေါ်ခွာညိုမေကို သတ်မှုလေ"

"ဘာပြောတယ်"

"ခင်ဗျားအခန်းမှာ ဒေါ်ခွာညိုမေရဲ့အလောင်းကို ရှာတွေ့သည်။ ပြီး တိုင်ချက်ဖွင့်တဲ့သူက ဒေါ်ခွာညိုမေရဲ့ မိတ်ဆွေတစ်ယောက်"

"ဟင်"

"ရဲစခန်းရောက်မှရှင်းပါ၊ ဟိုမိန်းကလေးက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ကျုပ်ချစ်သူပါ"

"ဒီစားသောက်ဆိုင်ပိုင်ရှင်က ခင်ဗျားအကြောင်းတွေအ လုံး ဖွင့်ချပြီးပါပြီ ... ဟိုမိန်းကလေး အိပ်ဆေးမိထားတယ် တယ်"

"ဗျာ"

"သူ့ကို အချုပ်ကားပေါ်တင်လိုက်တော့၊ ဒီမိန်းကလေး ဆေးရုံပို့ရမယ်"

မင်းထင်ကိုကို ဘယ်လိုမှ မတတ်နိုင်တော့ဘဲ အဖမ်းခံလို ရတော့သည်။

ဒီမိန်းမ ခွာညို့မေ သူ့ကို မကွာရှင်းပေးနိုင်ဘူးဟု ဖ အတင်းငြင်းဆန်နေ၍ သူလည်းပင်းညှစ်သတ်မိသွား၏။

ပြီးတော့ ပစ္စည်းအဟောင်းတွေထည့်တဲ့ အခန်းထဲ ထားခဲ့မိသည်။

"ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်နိုင်ပါဘူး ဦးမင်း ကိုကို ... ခင်ဗျား ဝန်ခံပါ ..."

မတတ်နိုင်တော့။

သူ သတ်ဖို့အထိ မရည်ရွယ်ပေမယ့် လက်လွန်ခြေလွန် သွားရသည်။

"ခင်ဗျားနဲ့ပြဿနာမဖြစ်ခင်မှာ ဒေါ်ခွာညို့မေက သူ့





ဆီ ဖုန်းဆက်တယ် ... ခင်ဗျားက ဒေါသတွေပေါက်ကွဲနေတယ် သူ့ကိုသတ်ပစ်တော့မလားဘဲတဲ့ ... ဒါပေမဲ့ သူကတော့ ကွာ င်းမပေးနိုင်ဘူးတဲ့"

"တော်ပါတော့ဗျာ ... ဒီမိန်းမအကြောင်း ကျုပ်မကြားချင် ဟုတ်တယ် ... ကျုပ်သတ်တယ်၊ လည်ပင်းကိုညှစ်ပစ်တာ၊ ျုပ်ဘဝကို ဖျက်စီးပစ်ခဲ့တဲ့မိန်းမ ... ကျုပ်အနာဂတ်ကို မရေမရာ အောင်လုပ်ခဲ့တယ်၊ ကျုပ်ချစ်မြတ်နိုးရတဲ့ မိန်းမနဲ့ ဝေးအောင် ခဲ့တယ်"

သူ ရှုံးသွပ်စွာ အော်ဟစ်သည်။

ရဲတွေက သူ့ကို အချုပ်ကားပေါ်တင်ခဲ့ကြ၏။

ကိုကို စိတ်တွေ ထိန်းချုပ်နိုင်ခြင်း ကင်းမဲ့စွာ ပေါက်ကွဲထွက် သည်။

"ဟိုမိန်းကလေးကတော့ အပြစ်ကင်းမဲ့ပါတယ် ... သူ သူ ရလာရင် သူ့အိမ်ကို ပြန်ခွင့်ပေးကြပါ ... ကျုပ်အမှုမှာ သူလုံးဝ ပါဘူး"

မြည်ကြာသာကိုတော့ သူအရမ်းချစ်ခဲ့မိ၍ အရယူဖို့ ကြံစည်ခဲ့ ယ့် မအောင်မြင်ခဲ့။

စွန့်လွှတ်လိုက်ဖို့ပဲ စဉ်းစားထားသည်။

"ငါ့ဘဝ ဆုံးသွားပြီ မြည်ကြာသာ ... မင်းဘဝကိုလည်း မဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဆီးရက်တော့ပါဘူးကွာ ... မင်းလည်း ကိုကိုကြောင့် နာမည်ထေ

အမဲစက်ထင်သွားရတော့မယ်ထင်တယ်"

မြည်ကာသက သူ့ကို အမုန်းကြီးမုန်းတော့မယ်ဆိုတာ

နေသည်။

ရင်ထဲမှာ အတိုင်းအဆမရှိအောင် နာကျင်နေခဲ့ရ၏။

ရူးသွပ်သွားမတတ်ဘဲ။

သူအချုပ်ကားကြီးပေါ် လိုက်ပါသွားရင်း အသိမဲ့စွာ အေ

ဟာစ်နေမိသည်။

အခန်း ( ၁၈ )

"ကျွန်မ ဘယ်ရောက်နေတာလဲ၊ ဒါ ... ဘယ်နေရာလဲဟင်

ဟို ... ဟို ... လူယုတ်မာကြီး မင်းထင်ကိုကိုရော ကျွန်မကိုကယ်

ပါ"

သူမ သတိရလာတော့ အထိတ်တလန့်နှင့် လူးလဲထကာ

ကြောက်လန့်တကြား မေးနေမိသည်။

ဘယ်နေရာလဲ။

သန့်ရှင်း တိတ်ဆိတ်နေတဲ့ အခန်းတစ်ခုပင်။

သူမ သေသေချာချာကြည့်လိုက်တော့ သူမ အိပ်ခန်း ဖြစ်နေ

၏။

သူမ ခုတင်ဘေးမှာ သူနာပြုဆရာမလေးဟု ထင်ရသော

မိန်းကလေးတစ်ယောက်ထိုင်နေသည်။

"ရှင် ... ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူနာပြုဆရာမလေးပါ၊ မမအတွက် ကိုကောင်းကင်ယံက ခေါ်ထားတာလေ မနော်နော်ပါ ... "

"ဟင်"

ကောင်းရော ...

သူမကို အထင်လွဲသွားပြီလား။

ဘယ်လိုဖြစ်လို့ သူမအိပ်ခန်းထဲ ပြန်ရောက်နေရတာလဲ ကောင်းသိသွားတာ သေချာသည်။

"မမလေး ... ဘာမှမဖြစ်တော့ပါဘူး၊ နေကောင်းပါတယ်၊ ခဏလေး အနားယူလိုက်ပါနော် ... စိတ်ပဲထိခိုက်နေတာပါ၊ သတိထားပါနော်"

"ကျွန်မ ... ကျွန်မ ... "

"ခဏနားလိုက်ပါ"

"ကောင်းရော"

"ရှိပါတယ် ... မမနေကောင်းအောင် အနားယူပြီးမှ လာတွေ့ပါလိမ့်မယ်"

"နော်နော်"

"ရှင်"

"မမလေး ဘာတွေဖြစ်ခဲ့လဲ"

"ဟင့်အင်း မသိပါဘူး စိတ်ထိခိုက်စရာတစ်ခုနဲ့ တွေ့ကြုံ





ရတယ်လို့ပြောပါတယ်"

"ဟုတ်လား"

"မမလေး သတိရလာပြီး ကျန်းမာရေးလည်းကောင်းလို့ ကျွန်မ ပြန်တော့မယ်နော်"

"ကျေးဇူးပါပဲနော်နော်ရယ် ... "

နော်နော်ပြန်သွားမှ သူမအဖြစ်အပျက်တွေအားလုံးကို တွေးမိရင်း ရှက်ကြောက်နေမိသည်။

မျက်နှာတွေပူလိုက်တာ ကောင်းကို ဘယ်လိုရင်ဆိုင်ရမလဲ။

ပြီးတော့ ကိုကိုက သူမအား စော်ကားခဲ့သလား ခေါင်းတွေ ခုလောင်နောက်ကျိလာသည်။

"မလေး မြည်ကသာ"

"ဟင်"

"အစ်ကိုလေးက မမလေးအောက်ကို ဆင်းလာနိုင်ရင် ဆင်းလာခဲ့ပါတဲ့"

"အင်း ... ဆင်းလာခဲ့မယ်"

ကောင်းခေါ်နေပြီ။ သူမရင်မဆိုင်လို့လည်း မဖြစ်ပေ။ ညီပြာက လာတွဲသည်။

"ရပါတယ် ... မမလေး ဘာမှမဖြစ်ပါဘူး အားရှိပါတယ်"

သူမကိုယ်တိုင်ပဲ သတ္တိရှိရှိ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မပွင့်လင်းလို့ မဖြစ်တော့။

ကိုကိုနှင့်ပတ်သက်တာတွေ အမှန်အတိုင်းပဲ ပြောပြတော့မည်။

သူမ စိတ်တွေ လေးလံထိုင်းမှိုင်းနေပေမယ့် သူမ သတ္တိမွေးထားလေသည်။

အောက်ထပ်သို့ ရောက်လာ၏။

ကောင်းက ညွှေ့ခန်းမှာ ထိုင်နေသလို မထင်မှတ်ဘဲ အန်ကယ် ပေါ်ထွန်းပါ ရှိနေ၏။

နင်ခေါ်လိုက်တာလား ကောင်း။

မြည်ကိုသာကို အသေထိုးနှက်ဖို့ နင်က အင်အားအပြည့် ဖြည့်ထားတာပေါ့လေ။

"အန်ကယ်ပါ ရောက်လာတာပဲ ... ကောင်းက အကြောင်းကြားလိုက်တာပေါ့လေ"

"မဟုတ်ပါဘူး မြည်ကိုသာ၊ အန်ကယ်က အမှုကိစ္စတစ်ခုနဲ့ ရောက်လာတာပါ၊ ကောင်းကို အထင်မလွဲပါနဲ့ မြည်ကိုသာရယ် မင်းအတွက်ပဲ အမြဲတမ်း စဉ်းစားပေးနေတဲ့သူပါ"

ကောင်းက သူမကို မကြည့်ပေ။

နင် ငါ့ကိုပိုပြီး အထင်သေးသွားပြီမဟုတ်လား ကောင်းကင်ယံ။





နင် အရှုံးအိုက်တင်ခံလွန်းတယ်။

သူမ အရှက်ရစေရန် သူမ အပြစ်အား ပုံကြီးချဲ့ဖို့ ရှေ့နေကြီးကို သူအကြောင်းကြားတာပဲ ဖြစ်နိုင်သည်။

"မြည်ကိုသာ"

"ကျွန်မ ရှင်းပြပါ့မယ်အန်ကယ်၊ တကယ်တော့ ကျွန်မနဲ့ ကိုကိုက ချစ်သူအစစ်တွေ မဟုတ်ကြပါဘူး"

"ဒါနဲ့များကွယ်"

"ဟုတ်ပါတယ်အန်ကယ် ... အမှားကြီးတစ်ခုကို ကျူးလွန်မိတာက ကျွန်မပါ၊ အဲဒါလည်း ကောင်းကင်ယံကြောင့်ပါ"

"ဘာပြောတယ် မြည်ကိုသာ ... ကိုယ်နဲ့ဘာဆိုင်လို့လဲ"

"ဟုတ်တယ်လေ ... နင့်ကိုအရွဲ့တိုက်ပြချင်လို့ ကိုကို့ကို ငါနဲ့လက်ထပ်မယ့်ယောကျ်ားပါလို့ ဆွဲထုတ်ပြလိုက်တာပါ"

"မင်း ... မင်း ဘာဖြစ်လို့လုပ်ရတာလဲ မိန်းကလေးတစ်ယောက်ဖြစ်ပြီး မင်းဒီအကျင့်တွေကြောင့် ကိုယ်စိတ်မချတာ"

"မင်းထင်ကိုကို ... ဘာပြဿနာတွေဖြစ်လည်းဆိုတာ မင်းသိရဲ့လား မြည်ကိုသာ"

"ဟင့်အင်း ... သူ ... သူ့မှာဇနီးရှိတာ ညက်သိထားပါတယ်၊ သူ့ဇနီးက ကွာရှင်းဖို့ ဆန္ဒမရှိပါဘူး၊ မြည်ကိုသာလည်း သူ့ကိုမချစ်နိုင်လို့ငြင်းတာပါ၊ သူ ... သူက ကုမ္ပဏီရှေ့မှာ အတင်းလာခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အအေးထဲဆေးခတ်ခဲ့တာပဲအန်ကယ် ... အအေးကလည်း စားပွဲမှာ သောက်တာပါ"

"အဲဒီဆိုင်က မင်းထင်ကိုကိုရဲ့ ပါတနာတွေလေ"

"ကျွန်မ မှားသွားပါတယ် အန်ကယ် ... နောင်တတွေလည်း ရနေပါတယ်၊ တောင်းပန်ပါတယ် အန်ကယ်ရယ် ... နောက် ဒီလို မဖြစ်စေရပါဘူး"

"မင်းထင်ကိုကိုက လူသတ်မှုနဲ့ အဖမ်းခံထားရတယ်"

"ရှင်"

"သူ့ဇနီးကို သတ်ခဲ့တာပဲ မင်းကိုကြံစည်နေတုန်း အဖမ်းခံလိုက်ရတယ်"

"ဟင်"

"အမှုတွဲထဲမှာ မင်းပါနေတယ် မြည့်ကဿ ... "

"ရှင်"

"မင်းအစစ်အဆေးတော့ ခံရနိုင်တယ်"

"ရှင်"

"သိပ်တော့မစိုးရိမ်ပါနဲ့ မြည့်ကဿ ... အန်ကယ် စောင့်ရှောက်ပေးမှာပါ"

"ညက် မှားသွားပါတယ် အန်ကယ် ... တောင်းပန်ပါတယ် ညက်ကို ပစ်မထားပါနဲ့နော်"

ဗိုးလပြည့်စာပေ



"အေးပါကွယ် ... မင်းကို စောင့်ရှောက်ရမယ့်တာဝန် အန်ကယ်တို့မှာရှိပါတယ် ... ကောင်းလည်း မင်းကိုလုပ်ငန်းတွေ တာရားဝင် ဒီနေ့ပဲ လွှဲပေးလိမ့်မယ်၊ ပြီးရင် တစ်လပဲနေပြီး နိုင်ငံခြားကို ထွက်မယ်တဲ့"

ကောင်းကို ဆတ်ခနဲမော့ကြည့်မိသည်။

ကောင်း မျက်ဝန်းတွေက ဒေါသတွေနှင့် တင်းမာခက်ထန်နေ၏။

ကိုကိုက အိမ်ထောင်ရှိသူဆိုတာ သိသည်နှင့်သူမအား အသုံးမကျတဲ့မိန်းမ အကျင့်စာရိတ္တ ပျက်ယွင်းသူဟု ကောင်း သတ်မှတ်ပစ်တော့မှာ ညက်သိသည်။

"ကောင်း"

"မင်း ငါ့ကို ဘာမှပြောစရာမလိုဘူး မြည့်ကဿ ... တောင်းပန်ရှင်းလင်းနေစရာလည်း မလိုဘူး၊ မင်းနဲ့ငါဆက်ပြီး ပတ်သက်စရာအကြောင်းလည်း မရှိတော့ဘူးလေ"

"နင် ... အဲဒီလိုတော့ အနိုင်နဲ့မပိုင်းနဲ့ကောင်း ... ငါဘဝတစ်လျှောက်လုံး နင့်ရဲ့မာနတွေနဲ့ မထေမဲ့မြင် ပြုမူနေထိုင်မှုက လမ်းမှားပေါ်ရောက်အောင် ထိုးနှက်နေတာပဲ၊ ငါအရှုံးမခံနိုင်ဘူး၊ နင် အဲဒီလိုထွက်မသွားနဲ့ ... "

ညက်နှင့်ကောင်း မှားယွင်းလွန်ကျူးခဲ့မိတာရော နင်ဘယ်

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လိုတာဝန်ယူမှာလဲကောင်း။ နင်က ငါ့ကို စောင့်ရှောက်မယ်ဆိုပြီး ဘာဖြစ်လို့ အဝေးဆုံးကို ထွက်သွားချင်ရတာလဲ။ သူမ ကောင်းခြေရင်းမှာ ခယခပ်ဆင်း၍ တောင်းပန်ချင်သည်။

"မြည်ကိုသာ ... တို့နှစ်ယောက် ပြိုင်ဆိုင်မှုက ရပ်တန်းကနေ လုံးဝရပ်ပစ်သင့်ပါပြီ ... မင်းက ကိုယ့်ကိုအမြဲတမ်း အနိုင်ကျင့် ဗိုလ်ကျစိုးမိုးချင်နေတဲ့စိတ်ကြီးက ကိုယ်မင်းအနားမှာ ဆက်နေရင် အန္တရာယ်ပိုများလိမ့်မယ်၊ မင်းအတွက်ပါ ... မင်းကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ပဲ ကြိုးစားပါ ... ကိုယ်လည်း ဓဝနဲ့လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟင် ... ဘာပြောတယ် ကောင်း ... ရှင်စောစောက ဘာပြောလိုက်တာလဲ၊ ညက်ိသူငယ်ချင်းဝေနဲ့ ရှင်လက်ထပ်မယ် ဟုတ်လား၊ မဖြစ်ဘူး ... အဲဒီလို မရက်စက်ပါနဲ့ ညက်ကို အရှုံးနဲ့ရင်ဆိုင်ရအောင် ရှင့်ရဲ့နောက်ဆုံးထိုးနှက်မှုလား"

"မြည်ကိုသာ မင်းအရမ်းလွန်နေပြီ၊ မင်းနိုင်ပါတယ် ... မင်းဘာရှုံးစရာရှိနေလို့လဲ၊ မင်းရှေ့ဆက် ကိုယ့်ကိုနှိပ်ကွပ်ဖို့ အရွဲ့တိုက်နေမှုတွေကိုလည်း ရပ်ပါတော့ကွာ"

မြည်ကိုသာကို ကောင်းအနိုင်ပေးချင်ခဲ့တာပါ။

မင်းဘာဖြစ်လို့ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ သိသိကြီးနဲ့ လက်ထပ်ယူဖို့အထိ ကြံစည်ခဲ့ရတာလဲ။





သူ လက်မခံနိုင်ပေ။

မြည်ကိုသာ တည်ငြိမ်ဖို့ လိုအပ်နေသေးသည်။

သူ့ဘဝတစ်သက်တာမှာ မြည်ကိုသာနှင့်လက်တွဲဖော် လုံးဝမဖြစ်နိုင်။

သာယာချမ်းမြေ့မှု ရရှိနိုင်မှာမဟုတ်၍ မြည်ကိုသာရဲ့ဘဝကို မနှစ်ချင်။

မင်းကလည်း ကိုယ့်ကိုဘယ်တော့မှ မချစ်နိုင်မှာမှ မဟုတ်တာ။

သူ နာကျင်ရသည်။

"မင်းရဲ့မဆင်မခြင် ပြုမူဆောင်ရွက်မှုက မင်းဂုဏ်သိက္ခာကို ခဲ့စေတယ်၊ ကိုယ့်ကိုစိတ်အနှောက်အယှက်ဖြစ်စေဖို့ ဒီလောက်အထိ အရွဲ့တိုက်ပြဖို့လိုလားကွာ"

"ကောင်းကင်ယံ ... နင် ... "

သူမ အလျှော့ပေးတောင်းပန်ဖို့စိတ်ကူးက ဒေါသတွေအဖြစ်ပဲ ပြောင်းလွဲသွားရတာ ဘာဖြစ်လို့လဲ။

ကောင်းနှင့်သူမ အဆင့်အတန်း ကွာဟနေမှုကြောင့်လားပဲ။

ကောင်းကို ဒရိုင်ဘာသားဟု သူမအတွင်းစိတ်က မှတ်ယူနေတာလည်းဖြစ်နိုင်သည်။

အလျှော့ မပေးချင်တာတွေ၊ အရှုံးမပေးချင်တာတွေ မာန


www.burmeseclassic.com

www.burmeseclassic.com



တွေ မချနိုင်တာကိုက ကောင်းနှင့်သူမတို့ ဝေးကြရမည့် အခြေခံ အကြောင်းတွေ ဖြစ်နေသည်။

"နင် ဝေ့ကိုလုံးဝလက်မထပ်ရဘူး ... နင်သတ္တိရှိရင် လက်ထပ်ရဲလက်ထပ်ကြည့် ... "

"အဲဒါက ငါ့ကိုယ်ရေးကိုယ်တာကိစ္စပါ မြညက်သာ၊ တို့နှစ်ယောက်ရဲ့ ပြိုင်ဆိုင်မှုက နှစ်ယောက်လုံးအတွက် အကျိုးယုတ်စေမှာပါ ... ရပ်ကြသင့်တယ်"

"မရပ်ဘူး"

"မြညက်သာ"

"လုံးဝပဲနော် ... ကောင်းကင်ယံ နင်နဲ့ဝေ လုံးဝလက်မထပ်ရဘူး၊ ချစ်သူတွေအဖြစ်နဲ့တောင် ငါလက်မခံနိုင်ဘူး၊ ငါသေပစ်မယ် နင့်ကိုပါသေမင်းနိုင်ငံကိုအပါခေါ်သွားမယ် မှတ်ထား ... "

"မင်း ... မင်း ကိုယ့်အပေါ် အမုန်းတွေ အညိုးတွေကြီးလှချည်လား မြညက်သာ ... အဆုံးမသတ်ပေးနိုင်တော့ဘူးလား၊ ငါ့ ဘဝကြီးတစ်ခုလုံး ကြေမွဖျက်စီး စုတ်ပြတ်သွားမှ မင်းပျော်ရွှင်ကျေနပ်နိုင်မှာလား"

ကောင်းကင်ယံကို မြညက်သာက ငယ်စဉ်လေးထဲက ... ယောဇဉ်တွေ ငြိတွယ်ပြီး ချစ်ခဲ့ရတာပါ။

ကောင်း ဘာဖြစ်လို့ မသိရတာလဲ။





ကောင်းရဲ့မာနတကြီး စွပ်စွဲပုတ်ခတ်မှုတွေကိုလည်း ညက် ကြားချင်တော့ပါဘူး။

ကိုကို့ကို ညက်လုံးဝမချစ်ခဲ့ဘူးဆိုတာရယ်၊ ဘာမှလည်း လွန်ကျူးခဲ့ဘူးဆိုတာတွေကို ညက်သစ္စာ ဆိုပြရဲပါတယ်။

အန်ကယ်ပေါ်ထွန်းကတော့ နှစ်ယောက်လုံး ပြသနာ ဘက်ဘဲ ခွင့်လွှတ်အလျှော့ပေးကြဖို့ တောင်းပန်နေသည်။

"ကောင်းနဲ့ညက်တို့ နှစ်ယောက်လုံး ရန်သူတွေအဖြစ်ကနေ ကြပါကွယ်၊ အန်ကယ် တောင်းပန်ပါတယ် ... တစ်ယောက်နဲ့ စ်ယောက် ညှိနှိုင်းကြပါ၊ တစ်ယောက်အပြစ်တွေ တစ်ယောက် ည်း ပြောမနေကြပါနဲ့တော့၊ ကောင်းလည်း လက်ထပ်ဖို့ကိစ္စ က် ညက့်ကို အကောင်းဆုံးရပ်တည်နိုင်ဖို့ လုပ်ပေးပါ လူကြီးမိဘ ွရဲ့ဆန္ဒပဲလေ ... ကောင်းကပဲ အလျှော့ပေးလိုက်ပါကွယ်"

ညက်က ဝေနှင့်လက်မထပ်ပါနဲ့ဟု တားဆီးတာ အမုန်းတွေ ညိုးတွေနဲ့ပဲ တားဆီးပါစေ ကောင်းကျေနပ်သည်။

ဒါပေမဲ့လည်း ညက်နှင့်မပြိုင်ဆိုင်လိုတော့။

ကိုကိုနှင့်ချစ်သူတွေ မဟုတ်ကြဘဲ သူ့ကိုရှဲ့ပြဆိုတော့လည်း ဒေါသတွေက ပြေလျော့သွားရ၏။

ကိုကို ကိုယ်တိုင်က သူ့ကိုတွေ့ဆုံ၍ ရှင်းပြခဲ့သည်။

"ညက်က ကိုကို့ကို လုံးဝငြင်းဆန်ခဲ့တာပါကောင်း ... ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မှာ ညက်လုံးဝမပါပါဘူး၊ အပြစ်မဲ့ပါတယ်၊ ကိုကိုကျူးလွန်တဲ့ပြစ်
က ခွာညီမေရဲ့ကိုကို့အပေါ် အနိုင်ကျင့်မှုကြောင့်ပါကွာ၊ မြညက်သာ
နဲ့ ကိုကိုလည်း ဘာတစ်ခုမှ ငြိစွန်းတာတွေ မရှိပါဘူး ... ယုံပါ"

သူကတော့ မြညက်သာကို ဘယ်လိုအကြောင်းနဲ့မှ အပြ
မမြင်နိုင်ခဲ့ပါဘူး။

ကိုကိုပြောတာကတော့ မြညက်သာချစ်နေတာက ကောင်း
ပါတဲ့။

မဖြစ်နိုင်ဟု သူထင်သည်။

ရန်သူတစ်ယောက်လို သဲသဲမဲမဲ ထိုးနှက်တိုက်ခိုက်နေ
မြညက်သာ ... ခုထိပင်။

သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေ၏။

သူ မိန်းကလေးတစ်ယောက်နှင့်လက်ထပ်ပြီး အဝေး
ထွက်သွားမှ မြညက်သာနှင့်ပြိုင်ဆိုင်မှု ရပ်တန့်မည်ဟု ထင်သည်

"မင်းလည်း လုပ်ငန်းတွေ လွှဲချင်လွှဲပေးပါ၊ မြညက်သာ န
လည်တတ်ကျွမ်းတဲ့အထိပဲ သည်းခံပေးပါကောင်း ... ပြီးမှ မင်း
ရှိတာတွေလုပ်ပါ၊ လူကြီးတွေအမြင်ချင်ဆုံးက မင်းတို့နှစ်ယော
ချစ်ခင်မှုပဲ ... အန်ကယ် ကောင်းကောင်းသိပါတယ်၊ ကြားထဲ
တောင်းပန်တာပါကွာ"

မြညက်သာ ဆတ်ခနဲထပြီး ထွက်သွားသည်။





အန်ကယ်ပေါ်ထွန်းကတော့ မြညက်သာကို ခွင့်လွှတ်ပေးဖို့ပဲ ပြောနေခဲ့၏။

ဒါပေမဲ့လေ ဖေဖေကြောင့် မြညက်သာကို ကိုယ်မချစ်ရဲဘူး။

ကိုယ်နဲ့မတူ မတန်ဘူးဆိုတဲ့အသိတွေကို ကိုယ့်ရင်ထဲမှာ သိမ်းဆည်းထားရတယ်။

မင်းဆီကနေ အချစ်ဆိုတဲ့ သင်္ကေတတွေ မပြမချင်းပေါ့။

ကိုယ့်စိတ်တွေ လုံချင်တယ် မြညက်သာရယ်။

စည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်ဘဲ မင်းကိုယ် ချစ်မြတ်နိုးရတဲ့ ကိုယ့်ရင်ထဲကအချစ်တွေကို သက်သေပြနိုင်ဖို့ပဲ ကိုယ် ကြိုးစားနေခဲ့တာပါ။

သူ့ရင်ခွင်ထဲသို့ မြညက်သာကိုယ်တိုင် အချစ်တွေနှင့်တိုးဝင်မှီတွယ်လာမည့်နေ့ကို သူမရေမရာ မျှော်လင့်တမ်းတနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

ညက်အနေနှင့် ကောင်းကို သင့်မြတ်အဆင်ပြေအောင်နေဖို့ ကြိုးစားမည်ဆိုကာမှ ဝေကာ ဝင်ရှုပ်နေသည်။

ကောင်းနှင့် မကြာခဏပင် တွေ့ဆုံနေကြ၏။

မြညက် ဒေါသထွက်ထွက်နှင့်ကောင်းကိုပဲ မဲ၍ပြသနာက မကြာခဏ ဖြစ်နေကြ၏။

ကိုကို့အမှုကိစ္စမှာလည်း ညက်အစစ်အဆေးခံရသေးသည်။

"မိန်းကလေးတစ်ယောက်အတွက် ကိုယ့်နာမည်အမဲစက် မထင်ရဖို့ စောင့်ထိန်းသင့်တယ် မြညက်သာ၊ မင်းကို စည်းကမ်းတွေလျှော့ပစ်လိုက်တာ ကိုယ့်အမှားပဲ"

"ဆရာကြီး သိပ်မလုပ်ချင်ပါနဲ့ကောင်းကင်ယံ ... ရှင့်ရဲ့ရွေးချယ်မှုကလည်း မှန်နေလို့လား၊ ဝေ့ကိုနှင်အရင် မှန်းတယ်မဟုတ်လား၊ ငါ့ကိုတောင် မပေါင်းစေချင်ဘူး မဟုတ်လား"





"မင်းကိုယ်မင်းပဲ တန်ဖိုးထားတတ်အောင် ကြိုးစားစမ်းပါ မြညက်သာ ..."

"မုန်းလိုက်တာ"

သူမကို တန်ဖိုးရှိတဲ့မိန်းမတစ်ယောက်မဟုတ်ဘူးလို့ သူက ပြောချင်သည်။

တော်ပါပြီ ကောင်းကင်ယံ နှင်လက်ထပ်ချင်တဲ့သူနဲ့သာ လက်ထပ်သွားပါ။

ဟုတ်တယ် ...

နှင်နဲ့ငါ အဆုံးသတ်ပစ်ရမယ်။

သူမ အလုပ်တွေကိုပဲစိတ်တွေနှစ်ပြီး ကြိုးစားနေခဲ့၏။

ပိုကင်းအောင် မြညက်သာ နေပြမယ်။

နှင်နဲ့ငါမတန်ပါဘူး နှင်က ဒရိုင်ဘာ့သားလေ။

"ကိုကို ထောင် ၁၀ နှစ်ကျသွားတယ် ... မြညက်သာ"

"အဲဒါ ငါ့စိတ်မဝင်စားဘူးဝေ ... ငါနဲ့လည်း မဆိုင်ဘူး"

"ယောက်မရယ် ... နှင်ကလဲ အချစ်ဆုံးသူငယ်ချင်းတွေပါ ဘာ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသတွေပေါက်ကွဲနေရတာလဲ ဘာ"

"ဘာယောက်မလည်း ကောင်းကို ငါအရမ်းမုန်းတယ်၊ သူနဲ့ ကြားမှာ ဘယ်တော့မှ သံယောဇဉ်ရှိစရာ မရှိဘူး"

"ညက်ရယ် ... နှင်တကယ်ပဲ ကောင်းအပေါ် ရန်သူတွေလို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံနေတော့မှာလား"

သူမအကြည့်ကို ဆတ်ခနဲ လွှဲပစ်လိုက်သည်။

နောက်ထပ် ငါ့အနားလာစရာမလိုဘူးဟု မာထန်စွာ ပြောပစ်လိုက်၏။

နင့်ကြောင့် ကိုကိုနဲ့တွေ့ပြီး ငါ့နာမည်ပျက်ရတာဟု ပြောပစ်တော့ ဝေက မျက်ရည်တွေဝဲပြီး တောင်းပန်နေ၏။

အချစ်ဆုံးသူငယ်ချင်းကိုလည်း အမုန်းဆုံးဖြစ်ရသည်။

"မြညက်သာကို လုပ်ငန်းတွေလုပ်ပိုင်ခွင့်တွေ လွှဲပြောင်းပေးပြီးပြီဆိုတော့ ကောင်းနိုင်ငံခြားကို ထွက်လိမ့်မယ် ... အန်ကယ်ကတော့ မြညက်သာကို အတတ်နိုင်ဆုံးစောင့်ရှောက်နေမှာပါ။ သမီးလည်း လိမ်မာရေးခြားရှိလာပါပြီ"

အန်ကယ်ပေါ်ထွန်းလည်း မန္တလေးကို ပြန်သွားသည်။

ကောင်းနှင့်နှစ်ယောက်တည်း ကျန်ခဲ့ပေမယ့် သူမတို့နှစ်ယောက် ယခင်ကထက်ပို၍စိမ်းသွားရ၏။

ငွေကြေးချမ်းသာမှုပဲရှိပြီး နာမည် ပျက်စာရင်းထဲမှာ ညက်နာမည်က ထိပ်ဆုံးကပါ။

လူတွေရဲ့ပါးစပ်ဖျားမှာ ပြောမဆုံး။

ကောင်းရှေ့မှာတောင် သူမ မျက်နှာချင်းဆိုင်ရမှာ ခက်လွန်းနေသည်။

"တို့နှစ်ယောက် ပြိုင်ဆိုင်မှုက အဆုံးသတ်သွားပါပြီကောင်း





ရယ် ... နောက်တစ်လဆို နင်ထွက်သွားတော့မယ် မဟုတ်လား၊ နင်တို့နှစ်ယောက် လက်မထပ်ကြသေးပေမယ့် နင်သွားမယ့် အမေရိကားကို ဝေလည်းလိုက်သွားမယ်တဲ့ ... ငါ့ကို အထီးကျန်တစ်ယောက်တည်းထားခဲ့ရက်တယ် ချစ်သူရယ်"

အိမ်ပြန်ရောက်သည်နှင့် ညက်အခန်းထဲမှာပဲ အောင်းနေခဲ့သည်။

စိတ်ဓာတ်တွေ ယိမ်းယိုင်မသွားအောင် ကြို့ကြို့ခံနိုင်ရ၏။

အရင်ကလေ ... ကောင်းကာကွယ်စောင့်ရှောက်ပေးနေလို့ ညက် အပူအပင်မဲ့နေနိုင်ခဲ့ရတာပါ။

နင်အထင်သေးမယ်ဆိုရင်လည်း အထင်သေးစရာ မြညက်သာက ခပ်ညံ့ညံ့မိန်းမတစ်ယောက်ပါ။

အခုတလော သူမနေထိုင်မကောင်း ဖြစ်ချင်နေသည်။

အော့အန်ချင်နေ၏။

သူမ စိတ်ပူတာက ...

ဘုရားရေ ...

သူမ တုန်လှုပ်ချောက်ချားသွားရသည်။

"ဝေါ့ ... ဝေါ့ ... အမလေး ... ဘယ်လိုဖြစ်တာလဲ ... ဝေါ့ ဝေါ့ ..."

ဟင်းနံ့တွေကို မခံနိုင်။

သူမ အစားအသောက်တွေလည်း မစားချင်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှာပဲ လှဲနေချင်သည်။

"ကျွန်မမှာ ကိုယ်ဝန်ရှိနေတာလား ... ခမ္မတာလည်း ရပ်လွန်နေတာ၊ နှစ်လလောက်ရှိနေပြီ ... အမလေး ညက်ဘယ်လိုလုပ်ရတော့မလဲ"

မေ့လျော့ပစ်ထားတဲ့အရာတွေကို ပြန်သတိရမိတော့ သူမ ကြောက်လန့်တကြား ထထိုင်မိသည်။

"ဘယ်လိုလုပ်ရမလဲ ... တကယ်လို့သာ ... "

ညက် ဆက်မတွေးရဲတော့။

ကောင်းက နိုင်ငံခြားကို ထွက်သွားတော့မယ်။

ဝေနဲ့တောင် လူကြီးချင်းစေ့စပ်ကြတော့မယ်။

ညက် ဖွင့်ပြောတော့ရော ကောင်းက လက်ခံပါတော့မည်မဟုတ်။

သူမ တွေးမိတိုင်း ထူထူပူပူကြီးနှင့် သေပစ်ချင်လာ၏။

ဝေနဲ့တိုင်ပင်ပြီး ဖျက်ချပစ်လိုက်ရင် ကောင်းမလားဘဲ။

မဖြစ်သေးပါဘူး ...

ကောင်းရဲ့ရင်သွေးလေးကို ညက်မဖျက်စီးရက်ပါဘူး။

သူမနှင့်လွန်ကျူးခဲ့တာ ကောင်းပဲ ရှိသည်။

"ဝေ့ ... ဝေ့ ... "

"ဝေ့ ... "

"မမလေး ... မမလေး ... ဘာဖြစ်လို့လဲ၊ ညီပြာဝင်လာခဲ့မယ်နော်"





"ဝေ့ ... ဝေ့ ... "

"ဝေ့ ... "

သူမရေချိုးခန်းထဲသို့ ပြေးဝင်လာခဲ့ပြီး အန်ပစ်သည်။

အစာ မကြေလို့လား။

မဖြစ်နိုင်ပါဘူး။

သူမ အခုတလော အစားကို ကောင်းကောင်းမစားခဲ့။

နေမကောင်း၍ ကုမ္ပဏီကိုပင် မသွားနိုင်ခဲ့ပေ။

"မမလေး"

"ဟင်"

"အန်နေတာလား အစာလည်းမစားဘူး၊ ပိန်သွားလိုက်တာ"

"မမလေး ဘာမှမဖြစ်ပါဘူးညီပြာ ... ဖျားရာကနေ ခံတွင်းပါပျက်နေတယ်"

"မမလေးကိုကြည့်ရတာ အားနည်းနေသလိုပဲ"

"ဘာမှမဖြစ်ပါဘူးညီပြာ ... စားစရာတွေထားခဲ့ပြီးသွားတော့"

"မမလေး စားပါနော် ... အဖျားလည်းမရှိတော့ပါဘူး"

"ညီပြာ ထားခဲ့ပါကွယ် ... မမလေးစားပါ့မယ်၊ အစာမကြေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ညိုပြာကတော့ ကောင်းနှင့်ပတ်သက်ပြီး သူမအား မကြိုက်ပေမယ့် သူမနေမကောင်းဖြစ်တော့လည်း စောင့်ရှောက်ပေးရှာသည်။

ညက် တစ်ခုခုဖြစ်ပြီထင်တယ်။

ဘယ်လိုလုပ်ရမလဲ။

ပတ်ဝန်းကျင်ကတော့ ကိုကိုနှင့်ပဲထင်တော့မည်။

ကောင်းကရော ဘယ်လိုသတ်မှတ်မလဲ။

သူမနှင့်ကိုကို ဘာမှငြိစွန်းခြင်းမရှိခဲ့။

ဆိုင်ဝန်ထမ်းတွေနှင့် လာရောက်ဖမ်းဆီးသော ရဲတွေက သက်သေခံထားကြ၏။

သေသေချာချာစစ်ဆေးရမယ်။

တကယ်လို့ ငါ့မှာကိုယ်ဝန်ရှိနေရင်လည်း နင့်ကို တာဝန်မယူခိုင်းပါဘူး။

နင်ကိုယ်တိုင် လက်ခံမှာမဟုတ်လို့လေ။

သူမ သေသေချာချာစစ်ဆေးကြည့်တော့ ကိုယ်ဝန်ရှိနေတာ သေချာနေသည်။

"ကောင်းရယ် ... နင်ကလွဲပြီး ငါဘယ်သူနဲ့မှ မမှားယွင်းခဲ့ပါဘူး၊ နင့်ရဲ့ဒေါသတကြီး ပေါက်ကွဲငြင်းဆန်နေမှာကို ငါမမြင်မကြားချင်တော့ပါဘူးဟယ်"





ညက်တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရသည်။

သူမ နေမကောင်းဖြစ်နေကြောင်းသိရတော့ ကောင်း လာတွေ့ခဲ့၏။

စိုးရိမ်တကြီး ဂရုတစိုက်လေးရှိနေတာတော့ သူမ ပျော်ရသည်။

"မြညက်သာ ... မင်းကျန်းမာရေးမကောင်းဘူးဆို၊ အလုပ်လုပ်ရမှာပျင်းလို့လား"

မြညက်သာ တော်တော်လေး ပိန်ချုံးကျသွားသည်ဟု ကောင်း ထင်သည်။

သူ စိတ်တော့မကောင်းပါဘူး။

မင်းကို ကိုယ်မခွဲနိုင်ပါဘူး မြညက်သာ။

ဒါပေမဲ့ အကြောင်းအရာတွေက မင်းနဲ့ခွဲခွာဖို့ ဖြစ်နေရတယ်။

ကိုယ် ဆုံးဖြတ်လိုက်ပါပြီ။

ဝေ နဲ့လက်ထပ်တော့မယ်။

"မြညက်သာ"

"ဟင်"

"ဘာဖြစ်လို့လဲ ... ဆေးခန်းရောပြရဲ့လား၊ မင်းဒီလောက်အထိ စိတ်ဓာတ်မပျော့ပါဘူး၊ ထောင်ကျသွားတဲ့ကိုကို့အတွက် နင်စိတ်ပူနေတာလား ... သူ ... "

"ကောင်း နင်ထွက်သွားစမ်း ... ငါ့အနားကို ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့နဲ့ … ငါ့ဟာငါ ဘာပဲဖြစ်ဖြစ် နင်နဲ့မဆိုင်ဘူး"

"ဟုတ်ပါတယ်လေ … ကိုယ်က မင်းကိုစောင့်ရှောက်ပေးချင်တာပါ၊ ကိုယ်လက်ထပ်တော့မယ်"

"ဘာပြောတယ်"

"မင်းလည်းလုပ်ငန်းသဘော တော်တော်လေးနားလည်နေပြီပဲ … ကိုယ်တစ်ပတ်အတွင်း ထွက်မယ် … ဝေလည်းလိုက်မယ့်အတူ ကိုယ်တို့နှစ်ယောက် အကျဉ်းချုံး လက်ထပ်သွားမယ်"

"ကောင်းကင်ယံ … နင်က ဝေ့ကိုဘာကြောင့် အလောတကြီး လက်ထပ်သွားချင်နေရတာလဲ … ဝေက အရမ်းချမ်းသာပြီး တစ်ဦးတည်းသောသမီး ဖြစ်နေလို့လား"

သူက သူမအား စူးခနဲကြည့်ပြီး ဘာမှမပြောတော့ဘဲ လှည့်ထွက်ဖို့ပြင်သည်။

"ကောင်းကင်ယံ … နင်ငွေမက်တယ်ဆိုရင်လည်း ငါပေးမယ်၊ ငါလည်း နိုင်ငံခြားကို ထွက်သွားတော့မှာ … ငါ ဒီလုပ်ငန်းတွေကို စိတ်မဝင်စားဘူး … ပျင်းတယ် … "

"ဘာပြောတယ် မြည်ကသာ"

"ငါ့မှာကိုယ်ဝန်ရှိနေတယ်"

"ဘာ"

"ကိုကိုနဲ့ … "

"မင်း … မင်း … ကိုကိုနဲ့တစ်ကြိမ်တစ်ခါမှ မငြိစွန်းခဲ့ဘူးဆို"

ဗိုးလပြည့်စာပေ



"အဲဒါ ငါ့ကိုစွပါ … ငါဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ ဒါကြောင့် ဒီပတ်ဝန်းကျင်နဲ့အဝေးဆုံးကို ထွက်သွားမယ်၊ ငါပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို နင်ကကျွမ်းကျင်လို့ အားလုံးနင်နဲ့ဝေ့အတွက် လက်ဖွဲ့မယ်"

"မင်း … မင်းကိုယ့်ကို စော်ကားတဲ့စကားတွေကို ထပ်မပြောပါနဲ့တော့ မြည်ကသာ … ကိုယ်တောင်းပန်ပါတယ်၊ အနူးအညွတ်ပါ … ကိုယ်သာ ငွေကြေးဥစ္စာတွေကို မက်မောရင် မင်းကိုရနိုင်တာပဲ … အန်ကယ်ပေါ်ထွန်းက လူကြီးတွေရဲ့ဆန္ဒကို အစောကြီးထဲကထုတ်ပြောခဲ့တာပဲ ကိုယ်ငြင်းခဲ့တယ်"

ဘာဖြစ်မှန်းမသိပေမယ့် မြည်ကသာ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်တက်လာတော့ သူ့ရင်ကို နာကျင်စေသည်။

မာန်မာနတွေနှင့် သူ့ရှေ့မှာ မျက်ရည်တစ်စက်တောင် ကျမပြခဲ့တဲ့ မြည်ကသာပါ။

သူနှင့်အမုန်းတွေ ပြိုင်လာခဲ့တဲ့မိန်းမ။

"နင် လက်ခံပေးပါကောင်း … နင်ပဲ ဦးစီးလုပ်ဆောင်နိုင်မှာပါ … ငါ့ကို ကူညီပါဟာ … ငါ ဒီကနေ အဝေးဆုံးကို ထွက်သွားမှဖြစ်တော့မှာမို့ပါ"

"မင်းကတော့ ကိုယ့်ကိုအမြဲတမ်း လိမ်ညာလှည့်ဖြားနေတော့တာပဲ မြည်ကသာ … အဲဒါလည်း ကိုယ့်ကိုရွဲ့ပြီး လုပ်ပြတာပဲလား"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့မဆိုင်ပါဘူး ကောင်း ... ငါ့သဘောဆန္ဒနဲ့ ဖြစ်ရတာပါ။ ငါ ကျေကျေနပ်နပ် လက်ခံမယ် ... ငါချစ်သူနဲ့ ဖြစ်ရတာပဲဟာ"

"မြည်က်သာ မင်းပြောတော့ ကိုကို့ကို လုံးဝမချစ်နိုင်ဘူးဆိုကွ ... မင်းစကားတွေက ဘယ်ဟာအမှန်လဲ၊ မင်းမချစ်မနှစ်သက်နိုင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ မင်းဘဝကို မမြှုပ်နှံပစ်နိုင်ဘူးဆို"

"အဲဒီကိစ္စတွေက နင်နဲ့ဘာမှမဆိုင်ဘူး ကောင်းကင်ယံ ... ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေပါ ... ငါ့မိဘတွေရဲ့မျက်နှာကို ထောက်ထားပြီး ကူညီပါ"

မင်း ... မင်းထင်ကိုကိုကိုချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

မင်းချစ်တယ်ဆိုရင် ဒီလောက်အထိ ပြဿနာတွေက ဖြစ်လာနိုင်စရာမှ မရှိတာဘဲ။

သူနဲ့လား ...

သူ့ရင်ဘတ်မှာ ငြိတွယ်ခဲ့တဲ့ ဆံပင် ရှည်ရှည်တွေရဲ့ပိုင်ရှင်ကမင်းလား မြည်က်သာ။

"ကောင်း"

"ဘာလဲ"

"နင့်ကို မေးစရာရှိတယ် ... အဲဒါ နင့်ရင်ထဲက ဖြစ်ပေါ်လာတဲ့ ဆန္ဒအတိုင်း အမှန်အတိုင်းပဲ ဖြေစေချင်တယ်"

"မေး"





မြည်က်သာရဲ့ မျက်ဝန်းတွေက သူ့ထံအချိန်အကြာကြီးစူးစိုက်နေသည်။

မျက်တောင်ကော့ကော့လေးတွေ ဝိုင်းရံခနေတဲ့ သူမမျက်ဝန်းအစုံက ရီဝေညို့မှိုင်းနေ၏။

မြည်က်သာ ဘာတွေဖြစ်နေရတာလဲ။

သူနှင့်ပတ်သက်လာခဲ့တဲ့နှစ်တွေမှာ သူမ ရိုးသားမှု မရှိခဲ့ဟုထင်သည်။

"မေးလေ မြည်က်သာ ... နင့်ကိုလည်း ငါမေးစရာရှိတယ်၊ ဒီတစ်ခါတော့ မလိမ်မညာစတမ်း ဖြေပါ"

"အင်းပါ ... ဒီနေ့ကစပြီး နင်နဲ့ငါ ရန်သူတွေမဟုတ်တော့ဘူးနော်၊ သူငယ်ချင်းကောင်းတွေအဖြစ် နေကြရအောင်ပါ ... မြည်က်သာကပဲ အရှုံးပေးပါတယ် ကောင်းရယ်"

ကောင်းက ကျောက်ရုပ်တစ်ရုပ်လိုပင် ရပ်နေသည်။

နင့်ဘက်ကနေ ... လုံးဝ အရှုံးမပေးနိုင်ဘူးမဟုတ်လား ကောင်း ... ရပါတယ်။

ငါပဲ တစ်ဘက်သတ် အရှုံးပေးပါတယ်ဟာ။

မြည်က်သာလေ ကောင်းရဲ့ရင်သွေးလေးကို လွယ်ထားရပါတယ်။

ညက်မဖြစ်မနေ မွေးမယ်။

ဘဝကို သတ္တိရှိရှိ ရင်ဆိုင်မယ်။



www.burmeseclassic.com

www.burmeseclassic.com

သူမ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"နင် ... ငွေကိုချစ်လား ကောင်း ... ပြီးတော့ မဖြစ်မနေ လက်ထပ်တော့မှာလားဟင်"

"ဟုတ်တယ် ... ငါ ငွေကို လက်ထပ်မယ်၊ ဒါပေမဲ့ ... ငါချစ်တဲ့ မိန်းမတော့မဟုတ်ဘူး၊ တစ်ပတ်အတွင်း လက်ထပ်မယ် ... မြည်ကသာကို ကူညီဖို့လည်း ဝေနဲ့တိုင်ပင်ပြီး စီစဉ်မယ်"

"ဟုတ်လား"

သူမစကားတွေကို ဆက်ပြီး မပြောနိုင်လောက်အောင် ရင်ဝမှာ စို့နစ်ကြေကွဲနေသည်။

ကောင်းရယ် ...

နင်က မြည်ကသာနဲ့ ထပ်ပြီးမပတ်သက်ချင်တော့လို့။

နင့်ဘဝကို သီးခြားခွဲထုတ်ဖို့လုပ်တာ မဟုတ်လား။

မြည်ကသာ မှားပါတယ်ကောင်းရယ်။

"မြည်ကသာ"

"ပြော ..."

"နင့်ကိုယ်ဝန်က တကယ်ပဲ ကိုကိုနဲ့ လွန်ကျူးမိသွားလို့လား ... ကိုယ့်ကို မလိမ်မညာ ဖြေပေးပါ"

"ကိုကိုနဲ့ပါ"

"ဘာပြောတယ်"

သူ အော်ဟစ်ပစ်သည်။

မိုးလပြည့်စာပေ



ကိုကိုနှင့်မဟုတ်ပါဘူးဆိုတဲ့စကားကို သူအကြားချင်ဆုံးပင်။

ကိုကိုနဲ့ပါတဲ့ ... သူ ရုတ်တရက် လက်မခံနိုင်ပေ။

ငါနဲ့ရခဲ့တာလို့ နင်ပြောရင်တောင် အလိမ်ညာစကားတွေပဲဖြစ်နေပါစေ။

ငါ ငွေကို လက်မထပ်တော့ဘူး။

နင့်စကားတွေက အမှန်တွေလား မြည်ကသာ။

ရုတ်တရက် ထပြီး ထွက်သွားသည်။

သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေက ကြမ်းပြင်ပေါ်အထိထွက်ကျနေ၏။

မင်းစကားတွေအမှန်တွေ မဖြစ်နိုင်ဘူး မြည်ကသာ။

ငါလက်မခံနိုင်ဘူး ... ။

မင်းနဲ့ငြိစွန်းခဲ့တာ ကိုကို မဟုတ်ဘူး။

သူ့စိတ်တွေ ဆောက်တည်မရအောင် ရူးသွပ်မတတ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

အန်ကယ်ပေါ်ထွန်းရဲ့ ကောင်းပန်ညီရှိုင်းပေးမှုကြောင်းကောင်း လက်ခံလိုက်ရသည်။

လုပ်ငန်းတွေကို အပြီးအပိုင် လွှဲပြောင်းမယူပေမယ့် သူယခင်ကအတိုင်း ဦးစီးလုပ်ဆောင်ပေးနေရ၏။

မြည်ကဲသာကတော့ မနက်ဖြန် နိုင်ငံခြားသို့ ထွက်သွားတော့မည်ဖြစ်သည်။

"ကိုယ် ... မင်းကို အိမ်ထောင်ကျတဲ့အထိ အိုမင်းသေဆုံးတဲ့အထိ စောင့်ရှောက်ပေးမယ်လို့ မင်းမိဘတွေကို ကတိပေးခဲ့တယ် ... မြည်ကဲသာ ကိုယ်စောင့်ရှောက်ပေးမှာပါ ..."

"ကျေးဇူးပါပဲ ကောင်းရယ် ... တို့နှစ်ယောက်ငယ်စဉ်ကလေးထဲက မျက်နှာချင်းဆိုင်လို့မရအောင် ရန်ဖြစ်နေကြတာပဲနော် ... ဒါပေမဲ့ ... အခုတော့ မိတ်ဆွေတွေလို ခင်မင်နေနိုင်ပါပြီ ... မြည်ကဲသာပဲ ရှုံးပါတယ်နော်"





ကိုယ်က မင်းအပေါ် အနိုင်ယူချင်တာ မဟုတ်ပါဘူး မြည်ကဲသာ အစောကြီးထဲကပဲ အရှုံးပေးထားတာပါ။

ကိုယ့်အဆင့်အတန်းကို ကိုယ်သိထားတာပါ။

သစ္စာရှိ အမှုတော်ထမ်းကြီး ကိုယ့်ဖေဖေက တင်းကြပ်တဲ့စည်းကမ်းတွေနဲ့ တားဆီးထားခဲ့တယ်။

ကိုယ် မြည်ကဲသာကို ထာဝရ တိတ်တခိုးလေးကြိတ်ပြီး ချစ်နေဦးမည် ဖြစ်သည်။

"ကိုယ် ... ဇွဲကို လက်ထပ်ဖို့အထိ အလောတကြီးလုပ်သင့်လား ... ကိုယ်တွေဝေနေတယ် ... ကိုယ်လက်ထပ်လိုက်ရင် မြည်ကဲသာနဲ့ဝေးသထက်အဝေးဆုံးကို ရောက်သွားကြတော့မယ်"

သူတွေဝေမနေသင့်ဟုထင်သည်။

ကိုကိုထောင်ကနေ လွတ်လာလျှင် မြည်ကဲသာမှာ လွယ်ထားတဲ့ ရင်သွေးလေးကြောင့် ပြန်ပေါင်းထုတ်ကြမှာ သေချာသည်။

"ကိုယ်လက်ထပ်မယ် ... မင်းကို တမ်းတနေရတဲ့စိတ်တွေ အဆုံးသတ်သင့်နေပါပြီ ... မြည်ကဲသာရယ် တကယ်ပဲ ဝေးကြရတော့မှာလား"

မြည်ကဲသာကို လေဆိပ်သို့ သူနှင့်ဇွဲတို့ စုံတွဲလိုက်ပို့ခိုင်း၍ လွှဲမရှောင်သာလိုက်ပို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ မျက်ဝန်းတွေထဲမှာ ညှို့မှိုင်း ရီဝေနေသော်လည်း သူမ နှုတ်ခမ်းတွေက ပြုံးရယ်ရွှင်ပြနေသည်။

"ကောင်းရော ဝေရော နှုတ်ဆက်ခဲ့တယ်နော် ညက်လေ ဝေတို့ မင်္ဂလာပွဲကို တက်ရောက်အားပေးချင်ပေမယ့် အခြေအနေအရ ငါ့ဗိုက်က စူထွက်နေပြီဟ ... အပျိုဗိုက်က အရမ်းထွက်တယ်လို့ပြောကြတယ်"

သူမ ရယ်မောပြမိသည်။

ကောင်းက သူမကို ဘယ်နည်းနဲ့မှ ချစ်နိုင်မှာမဟုတ်ဘူး ဆိုတာ ညက်သိနေသည်။

နင် ဝေ့ကိုလည်း မချစ်ပါဘူး။

နင်က မာနနဲ့လေ။

ချမ်းသာတဲ့ သူဌေးသမီးကို လက်ထပ်ပြီး နင်က သူဌေးဖြစ်ချင်တဲ့သူမှမဟုတ်တာ။

မြည်က်သာနဲ့ဝေးအောင်လို့ ဝေ့ကိုလက်ထပ်ပြီး အစသတ်ပစ်လိုက်တာမဟုတ်လား ကောင်းကင်ယံ။

"ဘိုင် ..."

"ဘိုင် ..."

မြည်က်သာ လှည့်ထွက်ပြီး လေဆိပ်ထဲဝင်သွားသည်အထိ သူ့အသိတွေ ကင်းမဲ့စွာ ရပ်နေမိသည်။





သူ နှုတ်မဆက်ခဲ့။

မြည်က်သာနှင့်ထာဝရ မဝေးလိုကြောင်း သူမနှင့်ဝေးကွာသွားရတော့မှ သူ့ ရင်တွေ မခံမရပ်နိုင်အောင် နာကျင်ကြေကွဲရတာ သိလာရ၏။

မင်း တော်တော်အသဲမာတာပဲ မြည်က်သာ။

ရက်စက်လိုက်တာကွာ။

အပြုံးတွေနဲ့ပဲ မင်းမျက်ဝန်းတွေထဲက ကြေကွဲရိပ်တွေက ကိုကို့ကြောင့်ပါ။

ကိုကိုက မင်းကို အလိုမတူဘဲ တဖက်သတ်ဆန္ဒနဲ့ လွှန်ကျူးခဲ့တာလား။

ဝေက သူ့လက်မောင်းကိုလာတွဲ၍ အသိတွေ ပြန်ဝင်လာသည်။

"ပြန်ကြစို့ကောင်းရယ် ... တကယ်စိတ်မကောင်းဖြစ်ရတယ်၊ ဒါပေမဲ့ ... ညက်က အကောင်းဆုံးရွေးချယ်သွားတာပါ၊ ဝေတို့ အစွမ်းကုန် ကူညီကြတာပေါ့"

"အင်းလေ"

သူနှင့်ဝေ မနက်ဖြန်နေ့လည် ရုံးတက်လက်မှတ်ထိုးကြရန် စီစဉ်ထားသည်။

လက်ထပ်ပွဲကိုတော့ တစ်လလောက်ခွာထားပြီး ဝေ့မိဘ


www.burmeseclassic.com

www.burmeseclassic.com



တွေက စီစဉ်ကြမည်ဖြစ်၏။

သူ တွေဝေနေဆဲပင်။

ညက်နှင့် ဘယ်လိုမှပြန်ဆုံစည်းလို့မရအောင် ဝေးကွာသွားမှာ ကြောက်ရွံ့ထိတ်လန့်နေသလိုပင်။

"လက်ထပ်ဖို့ကိစ္စတွေ စီစဉ်ရဦးမယ်လေကောင်း ... ဖေဖေ မိတ်ဆွေ ရှေ့နေကြီးအိမ်သွားရမယ်၊ ပြီးတော့လေ မင်္ဂလာဆောင်ခံ ကို ဖေဖေတို့ဆန္ဒက ပြည့်ပြည့်စုံစုံ ခမ်းနားအောင်တော့ လုပ်ချင် ကြတယ် ... ကောင်းသဘောတူတယ် မဟုတ်လား"

သူကိုယ်တိုင် ဆုံးဖြတ်ထားတဲ့ ကိစ္စအတွက် သူအဖြေပေး ဖို့ တွန့်ဆုတ်နေသည်။

သူ အမှတ်မထင် သတိရသွားမိတာက သူ သိမ်းဆည်းထား တဲ့ ဆံပင်တွေပင်။

ဘယ်သူ့ဆံပင်တွေလည်း တိတိကျကျမသိရသေး။

မြညက်သာရဲ့ ဆံပင်ရှည်ရှည်တွေလား။

"ဝေ ... ခဏလေး ကိုယ်သွားစရာတစ်နေရာရှိတယ်၊ အရေး ကြီးတယ် ... ကိုယ်တို့လက်ထပ်ဖို့ကိစ္စ ရပ်ဆိုင်းထားပေးပါ"

"ဘာပြောတယ် ကောင်း ... ဒီကိစ္စက လူကြီးတွေအား သိထားကြတဲ့အခြေအနေနော် ... လွဲဖယ်သွားလို့မဖြစ်ဘူး"

"ဘာမှတရားဝင်လုပ်လို့ မဖြစ်သေးဘူးဝေ ... အချိန်နည်း





နည်းတော့ စောင့်ပေးပါ"

"ကောင်း"

"ခဏလေး"

သူ ဝေ့ကိုကားတစ်စီးနှင့်ထားခဲ့ပြီး အငှားကားနှင့်ပဲ ထွက် လာခဲ့သည်။

သူ အရေးတကြီးသွားရမယ့်နေရာက ကိုကိုရှိနေတဲ့ အကျဉ်း ထောင်ကိုပင်။

"မင်းနဲ့ကိုကို ငြိစွန်းပြီးရတဲ့ကိုယ်ဝန်က ကိုကို့ဆီ မင်းဘာဖြစ် လို့သွားပြီး အသိမပေးရတာလဲ"

မြညက်သာ နိုင်ငံခြားကို ထွက်သွားသည်အထိ ကိုကို့အား သွားရောက်တွေ့ဆုံခြင်းမရှိခဲ့ပေ။

တကယ်တော့ ကိုကို့ကိုလည်း အသိပေးသင့်သည်ဟု ထင်မိ သည်။

မြညက်သာနှင့်ကိုကိုတို့ တကယ်ပဲ လွန်ကျူးငြိစွန်းခဲ့ကြဖူး လားဆိုတာ ကိုကိုအသိဆုံးဖြစ်နိုင်၏။

သူ ကိုကို့ကို ထောင်ဝင်စာသွားတွေ့ခဲ့သည်။

"ကိုကို"

"မောင်ရင် ... ဘာဖြစ်လို့ လာတွေ့ရတာလဲ၊ ကိုကိုဘယ်သူ နဲ့မှ မတွေ့ချင်ဘူးလို့ ပြောထားတယ်လေ ... ကိုကို့ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



လည်း မကောင်းဘူး”

ကိုကို တော်တော်ပိန်ချုံးကျသွားတာ တွေ့လိုက်ရသည်။

မေးရမည့် မေးခွန်းကိုပင် မမေးရက်တော့။

“မင်းလာတာ မြည့က်သာနဲ့ပတ်သက်တာ မဟုတ်လား ကောင်း ... ဘာလဲ ကိုကိုနဲ့ပြီးစွန်းခဲ့လားဆိုတဲ့ မေးခွန်းလား”

“ဟုတ်ပါတယ်ကိုကို ... အခု ညက်နိုင်ငံခြားကို ထွက်သွားပါ ပြီ ... ”

“ဟုတ်လား”

“မြည့က်သာမှာ ကိုကိုနဲ့ရတဲ့ ကိုယ်ဝန်ရှိနေတယ်”

“ဘာပြောတယ်ကောင်း ... မဖြစ်နိုင်တာကွာ၊ ကိုကိုနဲ့လုံး မလွန်ကျူးခဲ့ပါဘူး ... ယုံပါကွာ၊ ကိုကိုအခုချိန်မှာ ဘာကိုမှလိမ်ညာ ပြောဆိုတာတွေ မလုပ်ချင်တော့ဘူး ... ကိုကို အသေကင်ဆာဖြစ် နေပြီ”

“ဗျာ”

“ကိုကိုက မြည့က်သာကို ကြံစည်ခဲ့တာပဲရှိပါတယ်၊ မြည့က် သာဘက်ကတော့ ကိုကို့ကို လုံးဝမချစ်ခဲ့ပါဘူး ... ကိုကို့အကြံအစည် တွေလည်း မအောင်မြင်ခဲ့ပါဘူး ... ယုံပါ”

ကောင်း ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

ကိုကိုက မသေခင်မှာ ကောင်းမှုတွေကိုပဲ လုပ်သွားချ





တယ်တဲ့။

“ကောင်း”

“ဗျာ”

“မြည့က်သာ ချစ်တာက မင်းကိုပဲ”

“ဗျာ ... မဖြစ်နိုင်ပါဘူးကိုကို အဓိပ္ပါယ်မရှိတာဘဲ၊ ညက်က ကောင်းနဲ့ဆို အမြဲတမ်း ပြဿနာရှာနေတာ ... နှိမ်ချဆက်ဆံချင် နေတာပါ”

“မင်းကို အရမ်းချစ်ပြီး မင်းက မာနပြနေလို့ မြည့က်သာ အရွဲ့တိုက်ပြနေတာပါ ... သူမကိုယ်တိုင်ဝန်ခံခဲ့တယ်”

“ဒါ ... ဒါဆို ကိုယ်ဝန်က ... ”

“ကိုကိုနဲ့ရတဲ့ကိုယ်ဝန် လုံးဝမဟုတ်ရပါဘူးကွာ၊ ယုံပါ ... မြည့က်သာကို ကိုကိုအချစ်ကြီးချစ်ခဲ့မိတာပါ။ ကိုယ်ဝန်ကိစ္စကတော့ ကိုကိုမသိဘူး၊ မြည့က်သာ လိမ်တာလည်း ဖြစ်နိုင်တာပဲ၊ ကောင်း ကို စိတ်ကသိကအောက်ဖြစ်အောင်လုပ်ရမှ ကျေနပ်တဲ့မိန်းကလေး ပါ”

“ကိုကို”

“ဟင်”

“ဘာအကူအညီလိုအပ်လဲဟင်”

“မလိုပါဘူးကွာ ... ကိုကိုက သေလူဖြစ်နေပါပြီ၊ ကိုကို့ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခွင့်တွေကို လိုအပ်တဲ့နေရာတွေမှာ လှူပစ်ဖို့ စီစဉ်ပြီးပြီပဲ ပြည့်စုံပါပြီ”

“ကိုကိုရယ် ... စိတ်တင်းထားပါဗျာ ... လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာလည်း အခွင့်အရေးရှိပါတယ်”

“ကောင်း ပြန်တော့ ကိုကို့အတွက် စိတ်မပူနဲ့ မြည်က်သာကို စောင့်ရှောက်ပါ ... မင်းလက်ထပ်မယ့်ကိစ္စလည်း စဉ်းစားပါဦး၊ မြည်က်သာရင်ထဲမှာ ချစ်နေတာက ကောင်းပါ”

သူ ပြန်လာခဲ့သည်။

အဖြေက ရှင်းနေပြီပဲ။

သူ့အရက်တွေ အလွန်အကျွံသောက်မိပြီး အမူးလွန်နေတဲ့ညက သူ့ဆီရောက်လာတာ မြည်က်သာပဲဖြစ်သည်။

သူ့ရင်ဘတ်မှာ ငြိတွယ်နေတဲ့ ဆံပင်ရှည်ရှည်တွေက မြည်က်သာရဲ့ ဆံပင်ရှည်တွေပဲ ဖြစ်နိုင်၏။

သေချာပါတယ်။

မြည်က်သာနှင့်သူ့ အတွေးတွေကြောင့် ဖမ်းသာပျော်ရွှင်မှုက အတိုင်းအဆ မရှိတော့။

“မြည်က်သာ ... မင်းဘယ်အချိန်အထိ ကိုယ့်ကိုလိမ်ညာနေဦးမှာလဲ ... ကိုယ့်စိတ်တွေ အနှောက်အယှက်ဖြစ်အောင် လုပ်နေဦးမှာလဲ”





မြည်က်သာကို နိုင်ငံခြားမထွက်အောင် တားဆီးရမယ်။

သူ ဝေနဲ့လက်ထပ်လို့ လုံးဝမဖြစ်တော့ဘူး။

မြည်က်သာကို တာဝန်ယူရမှာပဲ။

“ကျွန်မ ချစ်မြတ်နိုးရတဲ့ ယောက်ျားတစ်ယောက်ရဲ့ ရင်သွေးပါ၊ ဘယ်လိုအကြောင်းအရာတွေပဲရှိရှိ ကျွန်မမွေးမယ်”

မြည်က်သာချစ်တဲ့ ယောက်ျားက သူဖြစ်နေ၍ ကောင်းအရမ်းပျော်ရွှင်ရပြီး လေဆိပ်သို့ပြန်လာခဲ့သည်။

သူအရင်ဆုံး ဖုန်းဆက်အကြောင်းကြားလိုက်တာက ဝေ့ကိုပင်။

“ကိုယ်နဲ့ဝေ လက်ထပ်လို့မဖြစ်တော့ဘူး ညက်လွယ်ထားရတဲ့ကိုယ်ဝန်က ကိုယ့်ရင်သွေးအစစ်ပါ ... ကိုယ်တာဝန်ယူရမယ်”

သူ ကြောင်တောင်တောင်နှင့် ညက်ရှိနေတဲ့လေဆိပ်ကို ပြေးလာပြီးမှ နိုင်ငံခြားကို ညက်ထွက်သွားပြီဆိုတဲ့အသိတွေ ဝင်လာကာ နာကျင်ကြေကွဲရသည်။

“မင်းထွက်သွားပြီပဲ မြည်က်သာ ... မင်းက ကိုယ့်အပေါ်မာနတွေ ဘယ်အချိန်အထိ ထားနေဦးမှာလဲကွာ”

ကောင်းကင်ကြီးကိုမော့ကြည့်ပြီး စို့နစ်နေသည်။

ကိုယ် လူမှန်းမသိအောင် မူးနေတုန်းက ကိုယ့်အနားရောက်လာနိုင်တာက မင်းပဲရှိတယ် မြည်က်သာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းရှိနေတဲ့နေရာကို ကိုယ်လိုက်လာခဲ့မယ်။

ဝေနဲ့ပြဿနာတွေ ရှင်းပြီးရင်ပေါ့။

မင်းကလွဲပြီး ကိုယ်တခြား မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ ဖြစ်မှမဖြစ်နိုင်တာ။

သူ့ကို တစ်ယောက်ထဲထားခဲ့ရက်တဲ့ မြည့်ကဲသာအား ပေါက်ကွဲပစ်ချင်သည်။

သူ ပြန်လာခဲ့ရ၏။

နိုင်ငံခြားကို ရောက်သွားပြီဖြစ်တဲ့ မြည့်ကဲသာထံ သူ ဖုန်းဆက်သည်။

အဆက်အသွယ်မရ၊

ရင်ထဲမှာ ဗလောင်ဆူအောင် စိုးရိမ်ပူပန်မှုတွေ တိုးဝင်နေ၏။

သူမ တစ်ခုခုဖြစ်သွားမှာကို ယခင်ကထက် ပိုမို စိတ်ပူပင်နေသည်။

"ကောင်း"

"ဝေ ..."

"ရှင်ဘာတွေဖြစ်နေရတာလဲ ... ဝေနဲ့လက်ထပ်ပွဲကို ရုတ်တရက် ဖျက်ရလောက်အောင် အကြောင်းပြချက်က ဘာလဲ၊ ညက် ကိုယ်ဝန်က ရှင်နဲ့ဟုတ်လား ... အကြောင်းပြချက် ခိုင်ခိုင်မာမာ





ပြစမ်းပါ"

ဝေ သူ့ဆီရောက်လာသည်။

လက်ထပ်ပွဲဖျက်သိမ်းရတဲ့ကိစ္စ နိုင်လုံအောင် သက်သေပြပါတဲ့။

သူ အဖြစ်အပျက်တွေအားလုံး ရှင်းပြလိုက်၏။

ဝေ တွေဝေစွာ နောက်ဆုံးတော့ လက်ခံသွားသည်။

"ကိုကို့ကိုမေးပြီးသွားပြီ၊ အတိအကျပဲလေ ... ငြင်းတယ်၊ ကိုယ်လွှန်ခဲ့တဲ့ နှစ်လလောက်က ဒီဆံပင်ရှည်တွေရဲ့ ပိုင်ရှင်ကိုသိချင်တယ်လို့ ပြောခဲ့တယ်မဟုတ်လား ... ပိုင်ရှင်က မြည့်ကဲသာပါ"

"ဝေ့ကိုရော ဘယ်လိုလုပ်မှာလဲ တကယ်ပဲ ရှင်လက်ထပ်ပွဲကို မညှာမတာ ဖျက်တော့မှာလား ကောင်းရယ်"

"ကိုယ်တောင်းပန်ပါတယ် ဝေ ... တကယ်တော့ ကိုယ်နဲ့ ညက်က တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတဲ့ ငယ်ချစ်တွေပါ"

ဝေက ရယ်မောပစ်သည်။

သူများတွေကို ဒုက္ခပေးဖို့ လူဖြစ်လာကြတာလားတဲ့။

ဝေ အရမ်းဒေါသတွေဖြစ်ပြီး ပေါက်ကွဲမလားဟု သူထင်ထားတာ ဝေက အပြုံးမပျက်၍ ကောင်း စိတ်သက်သာရာ ရသွားသည်။

"ကောင်း"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မြညက်သာက နိုင်ငံခြားကို ထွက်မသွားသေးပါဘူး ကောင်း"

"ဘာပြောတယ်ဝေ"

"သူ့အခန်းထဲမှာပဲ ရှိနေပါတယ်"

"မင်း ... မင်း ဘာတွေပြောနေတာလဲဝေ"

"ဝေပြန်တော့မယ် ... ညက်ခ့အခန်းထဲကို သွားလိုက်လေ၊ သူ ရှင်းပြလိမ့်မယ်"

ဝေ ပြန်ထွက်သွားသွားချင်းပဲ သူ့အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

ဝေစကားတွေက မှန်လား မှားလားမစဉ်းစားနိုင်။

သူကတော့ တွေ့မြင်ချင်လွန်း၍ သူမ အိပ်ခန်းတံခါးကို ဆောင့်တွန်း ဝင်လာခဲ့သည်။

"ဝုန်း"

"အား ... သေပါပြီ ... ကျွတ် ... ကျွတ် ... "

"ဟင် ... မြညက်သာ"

"နင်လုပ်လိုက်ရင် ဒီလိုပဲ ကောင်းစုတ် ... သူများအခန်းထဲ မပြောမဆိုနဲ့ ဘာဖြစ်လို့ဝင်ရတာလဲ၊ ငါက တံခါးဖွင့်ပြီးအပြင်ထွက်မလို့"





ကြမ်းပြင်ပေါ်မှာ မျက်နှာလေးရှုံ့မဲ့ပြီး လဲကျနေတဲ့ မြညက်သာက သူ့ကိုရန်တွေ့နေတာ သူတအံ့တသြနှင့် ရပ်ကြည့်နေမိပြီးမှ အသိဝင်လာကာ မြညက်သာအား ပွေ့ယူထူမပေးလိုက်ရသည်။

"မင်း ... မင်း တကယ်ပဲ နိုင်ငံခြားကို ထွက်မသွားဘူးလား မြညက်သာ ကိုယ်ဝမ်းသာလိုက်တာ"

"ဖယ်ပါ ... ဒီမှာ နာလို့သေတော့မယ်၊ အား ... ကျွတ် ... ကျွတ် ... "

"ဟင် ... ညက်မှာကိုယ်ဝန်ကြီးနဲ့ပဲ ဒုက္ခပါပဲကွာ၊ ဘာဖြစ်သွားသေးလဲ ... ကလေးကို ထိခိုက်သွားသေးလား၊ ဆေးရုံကား အမြန်ခေါ်မှဖြစ်မယ်"

မြညက်သာ ခန္ဓာကိုယ်လေးအား ကောင်းပွေ့ထူလိုက်စဉ် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဆုံမိသွားပြီး ရင်ထဲမှာ တဆတ်ဆတ် တုန်ရီလှိုက်မောစွာ ကောင်းလည်း ပွေ့ထူပြီး အားနာနေသလို ညက်ပြန်လဲကျသွားမှာစိုး၍လည်း မလွှတ်ချမိ။

ညက်ကလည်း မရုန်းဖယ်ဘဲ သူ့ခန္ဓာကိုယ်အား ပြန်၍ သိုင်းဖက်ထားသည်။

"ဝေနဲ့အစောကြီးထဲက တိုင်ပင်ထားတာပါ၊ ကောင်းနဲ့ဝေ ဘုရားဝင်လက်မှတ်ထိုးပြီး လက်ထပ်ဖြစ်ရင်တော့ ညက်တစ်သက်လုံး ဖုံးကွယ်ပြီး ကောင်းနဲ့ကင်းကင်းရှင်းရှင်းနေဖို့ ကတိပေးခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ပေါ့လေ ကောင်းက တစ်ခုခုကိုတွေးမိပြီး ငွေကိုလက်ထပ်ဖို့ ငြင်းပယ်ခဲ့ရင် ဝေက ကောင်းကို ညက်လက်ထဲပြန်အပ်ပေးမယ်တဲ့လေ”

“ညက်ရယ် ကံကောင်းလို့ပါလားကွာ ... ကိုယ်တို့မနက်ဖြန်ဆို လက်မှတ်ထိုးကြတော့မှာပါ မင်းရက်စက်တယ်၊ ဘာဖြစ်လို့ စွန့်စားရတာလဲ”

“ဖူးစာရှင်အစစ်အမှန်ကိုသိချင်လို့လေ ... ပြီးတော့ ကောင်းက မာနကြီးတယ်မဟုတ်လား ... ညက်လဲ မာနမချချင်ဘူး၊ ကံကြမ္မာပေါ် ပုံချပစ်လိုက်တာလေ ... ညက်က မိန်းကလေးရှင့် အရက်သိက္ခာတွေရှိသေးတယ်”

“ညက်ရယ် ... ကိုယ်ချစ်မြတ်နိုးရတဲ့ ချစ်ဦးသူရယ်”

မြညက်သာရဲ့ ကိုယ်လုံးလေးကို ကောင်းတင်းကြပ်စွာ ပွေ့ဖက်ထားမိသည်။

ဖူးစာရှင် စစ်မှန်ပေလို့သာပဲ။

ဒီတစ်ခါတော့ ချစ်သူအား လုံးဝ အဆုံးရှုံးမခံနိုင်တော့။

မာနတွေ ဂုဏ်သိက္ခာတွေကို ဘေးဖယ်ချထားပြီး ချစ်တယ်ဆိုတဲ့ စကားတွေပဲ ထပ်ကာထပ်ကာ ပြောမိနေကြသည်။

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com